AAPP

နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(အေအေပီပီ)

# ရှင်သန်ရေး




# တိုက်ပွဲ

အဖြစ်ဆိုးကြီးများမှ လွတ်မြောက်ပြီးနောက်
ဒုက္ခအခက်အခဲများနှင့်အတူ
ကြံ့ကြံ့ခံရင်ဆိုင်ခြင်း

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီလှုပ်ရှားမှုများအတွက် ၎င်းတို့၏ အသက်နှင့်ဘဝတို့ကို စွန့်လွှတ်အနစ်နာခံခဲ့သော ရဲဘော်ရဲဘက်များအားလုံးကို ဂုဏ်ပြု သော အစီရင်ခံစာဖြစ်ပါသည်။

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်များကို ထိရောက်စွာဖော်ပြနိုင်ရန် အတွက် ၎င်းတို့၏ တွေ့ကြုံခံစားခဲ့ရသော အုတ်တံတိုင်းနောက်ကွယ်မှ အဖြစ်မှန် အခြေအနေများကို ပြောကြားပေးခဲ့ကြသော နိုင်ငံရေးအကျဉ်းသား/သူ (ရှင်ကျန် ရစ်သူ) များအား AAPP မှ အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အာဏာရှင်၏ တရားလက်လွတ်ကျူးလွန်နေမှုနှင့်ပတ်သက်၍ အစီရင်ခံ၊ ထုတ်ဖော်တင်ပြ ရေးသားထုတ်ဝေခဲ့ကြသော မြန်မာနိုင်ငံရှိ လွတ်လပ်သော သတင်းမီဒီယာများ၊ သတင်းထောက်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

AAPP မှ စုဆောင်းရရှိထားသောအချက်အလက်များကို စနစ်တကျ သုံးသပ်ပြီး ထုတ်နှုတ်သုံးစွဲနိုင်အောင် ခိုင်မာ၍တိကျသော သုတေသနအခြေခံ နည်းစနစ်ကို ပံ့ပိုးပေးခဲ့ သည့် Dignity အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

---

ဇန်နဝါရီ၊ ၂၀၂၅

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
https://aappb.org

# မာတိကာ


| | |
|---|---|
| **အစီရင်ခံစာအနှစ်ချုပ်** | ၇ |
| **နိဒါန်း** | ၁၂ |
| **အဓိကတောင်းဆိုတိုက်တွန်းချက်များ** | ၁၄ |
| **သုတေသန နည်းနာ** | ၁၆ |
| ကန့်သတ်ချက်များ | ၁၉ |
| **အခန်း (၁) တရားလက်လွတ်ဖမ်းဆီးခံရခြင်းနှင့် တွေ့ကြုံခဲ့ရသည့် အခြေအနေများ** | ၂၁ |
| ၁.၁ တရားလက်လွတ်ဖမ်းဆီးခံရခြင်း | ၂၁ |
| ၁.၂ စစ်ကြောရေး | ၂၄ |
| ၁.၂.၁ လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုများ | |
| ၁.၃ အတင်းအကျပ် ဝန်ခံစေခြင်း | ၂၈ |
| ၁.၄ အမှုရုံးတင်စစ်ဆေးခြင်း | ၂၉ |
| ၁.၅ အကျဉ်းထောင်အခြေအနေ | ၃၃ |
| ၁.၅.၁ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားချိုးဖေါက်မှုများ | |
| ၁.၅.၂ ထောင်ဝင်စာတွေ့ခွင့်နှင့် စာရေးသားဆက်သွယ်ခွင့် | |
| ၁.၅.၃ အစားအစာနှင့် သောက်သုံးရေ | |
| ၁.၅.၄ တကိုယ်ရေသန့်ရှင်းမှုနှင့် နေထိုင်ရမှုအခြေအနေ | |
| ၁.၅.၅ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဆေးဝါးကုသခံယူနိုင်ခွင့် | |

# မာတိကာ


၁.၆ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုနှင့် ငွေကြေးဖြင့် ၃၉

လဲလှယ်အမြတ်ထုတ်မှုများအောက်တွင် ရှင်သန်နေထိုင်ရခြင်း ၄၁

**အခန်း (၂) လွတ်မြောက်ပြီးနောက်ကြုံတွေ့ရမှုများ** ၄၂

၂.၁ အကြွင်းမဲ့ လွတ်မြောက်မှု မဟုတ်ခဲ့ခြင်း

၂.၁.၁ ငွေကြေးခြိမ်းခြောက်တောင်းခံပြီး အမှုပိတ်သိမ်းခြင်း

၂.၁.၂ မသေချာမရေရာမှုများနှင့်အတူ လွတ်မြောက်ခြင်း ၄၅

၂.၂ နိုင်ငံရေးအကျဉ်းသားတို့၏ အိမ်အပြန်လမ်း

၂.၂.၁ ဆုံးရှုံးမှုများ၊ အထီးကျန်မှုများ၊ မိသားစုကြား တင်းမာသောဆက်ဆံရေးနှင့် နေစရာမဲ့မှု ၄၉

၂.၃ ပါတ်ဝန်းကျင်၏ ပစ်ပယ်မှု ၅၁

**အခန်း (၃) လွတ်မြောက်ပြီးနောက်နိုင်ငံအတွင်းရင်ဆိုင်ရမှုများ** ၅၁

၃.၁ လွတ်မြောက်ပြီးနောက် စီးပွားရေး အခက်အခဲ ၅၄

၃.၂ ပိုင်ဆိုင်မှုများသိမ်းယူခံရခြင်း ၅၅

၃.၃စောင့်ကြည့်ခံရခြင်း၊ မလုံခြုံခြင်းနှင့် ပြန်လည်အဖမ်းခံမှာကို ကြောက်ရွံ့ခြင်း ၅၉

၃.၄ ခြိမ်းခြောက်မှုများကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း ၆၂

**အခန်း (၄) အခြားနိုင်ငံတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံ ရင်ဆိုင်ခြင်း** ၆၃

၄.၁ တရားလက်လွတ်ဖမ်းဆီးခံရပြီးနောက်ကြုံတွေ့ရမှုများ -

တိုက်ပွဲ

# မာတိကာ

နိုင်ငံရေးအကျဉ်းသားဟောင်းများ ရင်ဆိုင် နေရသော စီးပွားရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် စားဝတ်နေရေးအခက်အခဲများ

၄.၂ Safe House များတွင် နေထိုင်စဉ် တွေ့ကြုံရသော မလုံခြုံမှုနှင့် အခက်အခဲများ ၆၃

၄.၃ ကြောက်ရွံ့မှုများနှင့်နေထိုင်ခြင်း - နိုင်ငံရပ်ခြားတွင် အထောက်အထားမဲ့ နေထိုင်ရခြင်း၏ အခက်အခဲ ၆၅

၄.၄ ရွှေ့ပြောင်းနေထိုင်ချိန်တွင် ကြုံတွေ့ရသည့် ပညာသင်ယူရေးဆိုင်ရာအတားအဆီး ၆၆

၄.၄.၁ စိတ်ဒါဏ်ရာနှင့် ရွှေ့ပြောင်းအခြေချခြင်း - လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၏ သားသမီးများ ပညာရေးအခက်အခဲ

၄.၅ ရွှေ့ပြောင်းနေထိုင်ရချိန်အတွင်း အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရှင်ကျန်နေခြင်း ၆၉

၄.၆ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ကြုံတွေ့နေရသည့် ကျန်းမာရေးထိခိုက်မှုအပေါ် ရုန်းကန်နေရမှု ၇၁

၄.၆.၁ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု

၄.၆.၂ စိတ်ပိုင်းဆိုင်ရာပြဿနာများ - နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများအပေါ် ကြံ့ကြံ့ခံ ရင်ဆိုင်နေရမှု

၄.၇ လွတ်မြောက်လာသူများ၏ မျှော်လင့်ချက် ၇၇

နိဂုံး ၈၀

# အတိုကောက်များစာရင်း

| | |
|---|---|
| AAPP | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| ASEAN | အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CDM | အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| FIR | ပထမသတင်းပေးတိုင်ကြားချက် |
| FPP | နိုင်ငံရေးအကျဉ်းသားဟောင်း |
| FTI | ပထမအကြိမ် တွေ့ဆုံမေးမြန်းသူ |
| FUI | နောက်ဆက်တွဲမေးမြန်းမှုများ |
| MSA | စစ်ထောက်လှမ်းရေးအဖွဲ့ |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNCAT | ကမ္ဘာ့ကုလသမဂ္ဂ၏ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ် |

# အစီရင်ခံစာအနှစ်ချုပ်

နိုင်ငံရေး အကျဉ်းသားတစ်ဦး၏ အတွေ့အကြုံသည် ဖမ်းဆီးခံရခြင်း၊ စစ်ကြောရေး နှင့် အကျဉ်းထောင်များ၏ အတွေ့အကြုံများထက် ကျော်လွန်ပါသည်။ "မင်းမဲ့တိုင်းပြည်" အစီရင်ခံစာ၏ တွေ့ရှိချက်များအပေါ် အခြေခံ၍ ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်း သားဟောင်းများနှင့် ၎င်းတို့၏မိသားစုများ လွတ်မြောက်ပြီးနောက် ရုန်းကန်လှုပ်ရှားမှုများ ကို အထူးလေ့လာ ရေးသားထားသော အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာသည် ဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ထောင်ချပြစ်ဒဏ်ပေးခြင်းမှ ဖြစ်ပေါ်လာသော ရေရှည်အကျိုးဆက်များ ကို ဆန်းစစ်ပြီး **"အဖြစ်ဆိုးကြီးများမှ လွတ်မြောက်ပြီးနောက် ဒုက္ခအခက်အခဲများနှင့်အတူ ကြံ့ကြံ့ခံနိုင်မှု"** ကို မီးမောင်းထိုးဖော်ပြထားပါသည်။ အစီရင်ခံစာသည် နိုင်ငံရေး အကျဉ်းသားများ ရင်ဆိုင်နေရသော ဆက်လက်စောင့်ကြည့်ခံရမှု၊ အချိန်မရွေး ပြန်လည် ဖမ်းဆီးခံရနိုင်ချေနှင့် လူမှုပတ်ဝန်းကျင်မှ ကြောက်ရွံ့မှုကြောင့် ပစ်ပယ်ခြင်းခံရမှု တို့ကို နိုင်ငံရေးအကျဉ်းသားအဖြစ် နေထိုင်ခဲ့ရသည့်ကာလက ခံစားခဲ့ရသည့် ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာ ဝေဒနာများခံစားရင်း စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရသည့် အခြေအနေများကို လေ့လာဆန်းစစ်ထားပါသည်။ အင်တာဗျူးဖြေဆိုသူ နိုင်ငံရေးအကျဉ်းသူတဦးမှလွဲ၍ ကျန် အကျဉ်းသူ/သားဟောင်းများမှာ လွတ်မြောက်ပြီးသည့်အချိန်တွင် စစ်အာဏာရှင်၏ ဆက်လက်ဖိနှိပ်မှုများကြောင့် ပြည်ပသို့ထွက်ပြေးလာခဲ့ကြရပြီးနောက် တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှု အသစ်များအား လေ့လာဖေါ်ထုတ်ထားသော အစီရင်ခံစာတစောင်ဖြစ်ပါသည်။

AAPP အနေဖြင့် လွတ်မြောက်လာသောနိုင်ငံရေးအကျဉ်းသားများနှင့် အသေး စိတ်အင်တာဗျူးကို ပြုလုပ်ခဲ့ခြင်းဖြင့် သူတို့တဦးချင်းကြုံတွေ့ခဲ့ရသော စစ်တပ်၏ သူတို့ အပေါ် စဉ်ဆက်မပြတ်ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ချိုးဖေါက်မှုများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် ဘဝကို မည်သို့မည်ပုံ လျှောက်လှမ်းနေရသည် ဆိုသည့်အခြေအနေများကို အမိအရ ဖမ်းဆုပ်ရယူထားနိုင်ခဲ့သည်။ အင်တာဗျူးများတွင် နိုင်ငံရေးအကျဉ်းသားများ၏ ပူးပေါင်းပါဝင်မှု၊ အတွေ့အကြုံများကို သတ္တိရှိရှိ မျှဝေလိုသည့်

ဆန္ဒနှင့် တန်းဘိုးမဖြတ်နိုင်သည့် သက်သေခံချက်များဖြစ်သော စစ်တပ်၏ ရက်စက်ယုတ်မာမှုများနှင့်ပတ်သက်သော အချက်အလက်များကို ဖော်ထုတ်ပြောကြားခဲ့သည်။ ယခုအစီရင်ခံစာပါအချက်အလက်များသည် အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်ဒေါက်တိုင်အကျဉ်းထောင်များနှင့် စစ်ကြောထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် အစိတ်အပိုင်းတခုအဖြစ်သာ ကိုယ်စားပြုနေသော်လည်း လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများကြုံတွေ့နေရသည့် ဆိုးရွားလှသည့် အခြေအနေများကိုမူ အနီးစပ်ဆုံး မီးမောင်းထိုးပြနိုင်ခဲ့သည်။

ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ အဖမ်းခံခဲ့ရသည့်အချိန်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံ၊ စစ်ကြောရေးနှင့် အကျဉ်းသားဘဝအခြေအနေများ၊ တရားမျှတမှုမရှိသည့် တရားရေးစနစ်နှင့် ထင်ရာစိုင်းနေသော အကျဉ်းထောင်များ၏ အကျိုးဆက်ကြောင့် လွတ်မြောက်ချိန်တွင် လတ်တလော ရင်ဆိုင်ခဲ့ရသည့် အခြေအနေများကို သိရှိနားလည်ရန်နှင့် ဘဝကို ပြန်လည်တည်ဆောက်ချိန်တွင် ထပ်မံကြုံတွေ့နေရသည့် အခက်အခဲများစွာကို ရှန်းကန်ဖြတ်သန်းနေစဉ် ရေရှည်ခရီးကြမ်းကို ပုံဖော်ရေးသားထားခြင်းဖြစ်သည်။

**ဖမ်းဆီးခြင်း၊ စီရင်ခြင်းနှင့် ထောင်ချခြင်း -**

နိုင်ငံရေးအကျဉ်းသားများသည် စစ်တပ်၏ တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် အကြမ်းဖက်မှု ပြုလုပ်ခြင်း ခံရသော ထင်ရှားသည့် ပစ်မှတ်များဖြစ်ကြသည်။ ၎င်းတို့သည် စစ်ကြောရေးစခန်းများတွင် ရုပ်ပိုင်း၊စိတ်ပိုင်း ထိခိုက်နာကျင်မှုဖြစ်စေရန် စနစ်တကျ စီစဉ်ထားသော ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံခဲ့ရသည့်အပြင် အတင်းအကြပ်ဖိအားပေး ဝန်ခံခိုင်းသည့် အချိန်များလည်း ကြုံတွေ့ခဲ့ရသည်။ စစ်တပ်အမိန့်နာခံနေသော တရားရုံးများတွင် မတရားသက်သေများ၊ ကြိုတင်ဆုံးဖြတ်ထားသော ပြစ်ဒဏ်နှင့် တရားမျှတမှုကင်းသော စွဲဆိုခြင်းများအပြင် အကျဉ်းကျနေစဉ်ကာလအတွင်း လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ဆက်ဆံမှုများနှင့် အခြေခံအခွင့်အရေးများအပေါ် ချိုးဖေါက်မှုများကိုလည်း ကြုံကြုံခံရင်ဆိုင်ခဲ့ရသည်။

**လွတ်မြောက်ချိန် လတ်တလောတွေ့ကြုံမှုများ -**

လွတ်မြောက်ခဲ့သည့် နိုင်ငံရေးအကျဉ်းသားများ၏ အိမ်အပြန်လမ်းသည် မရေရာမှုများစွာဖြင့် ကြုံတွေ့ခဲ့ရသည်။ အခြားတဖက်တွင်လည်း မည်သည့်အချိန်တွင် သူတို့

တိုက်ပွဲ

ပြန်လည်လွတ်မြောက်မည်ဆိုသည်ကို သေချာရေရာ မသိနိုင်သလို ထိုမသေချာမှုက နိုင်ငံရေးအကျဉ်းသားများကိုသာမက ၎င်းတို့၏ မိသားစုများကိုပါ စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခဲ့သည်။ လွတ်မြောက်လာချိန်တွင်လည်း စစ်တပ်နှင့် သူ၏နောက်လိုက်များ၊ သတင်းပေးများ၏ စဉ်ဆက်မပြတ်စောင့်ကြည့်မှုကို ခံနေရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ နေထိုင်သည့် အရပ်ဒေသများတွင် နိုင်ငံရေးလှုပ်ရှားမှုတခုခုဖြစ်ပါက ၎င်းတို့နှင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ ခေါ်ယူစစ်မေးခြင်း၊ ပြန်လည်ဖမ်းဆီးမှု ပြုလုပ်ခြင်းကို ခံရသည်။ ထိုအခြေအနေသည် နိုင်ငံရေးအကျဉ်းသားဟောင်းများကိုသာမက မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ပါ အကြောက်တရား ဖြစ်ပေါ်စေသည်။ ထိုခံစားမှုသည် သူတို့ကို မလုံခြုံမှုဖြစ်ပေါ်စေပြီး ၎င်းတို့၏ လူမှုဝန်းကျင်အသိုက်အဝန်းအတွင်း ဆက်လက်နေထိုင်ရန်အတွက် ခက်ခဲစေသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းတချို့သည် ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ဆက်သွယ်နိုင်ရန် မဖြစ်နိုင်တော့သည့် မိသားစုပြိုကွဲသွားမှုများ၊ ဆက်ဆံရေးအဆင်မပြေမှုများစသည့် အခြေအနေများနှင့်ကြုံတွေ့ခဲ့သည်။ ကျန်သူများမှာ သူတို့၏ပတ်ဝန်းကျင်က ပစ်ပယ်ထားခြင်း ၊ စစ်တပ်မှ ရိုက်သွင်းထားသည့် အကြောက်တရားကြောင့် ပတ်ဝန်းကျင်မှ ထိတွေ့ဆက်ဆံရန် ဝန်လေးနေခြင်းတို့ကိုလည်း နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတချို့သည် အကျဉ်းထောင်မှလွတ်မြောက်ချိန်တွင် မည်သည့်နေရာသို့ သွားရမည်ကိုမသိခြင်း၊ သူတို့၏ မိသားစုဆွေမျိုးများနှင့်ပတ်သက်သော သတင်းအချက်အလက် ဘာမှမရှိခြင်း၊ ယခင်နေခဲ့သောနေရပ်များသည် သူတို့အတွက် လုံခြုံစိတ်ချမှုရှိသည်ဟု မခံစားရခြင်းစသည့် ခံစားမှုများရရှိခဲ့သည်။ ထိုစိန်ခေါ်မှုများသည် လွတ်မြောက်ပြီးနောက် သူတို့နေရပ်သို့ ပြန်သည့်အချိန်တွင် ကြောက်ရွံ့မှုနှင့် မလုံခြုံမှုတို့ကို ချက်ခြင်း ပြန်လည်ခံစားရလာခဲ့သည်။

ထောင်ကျခဲ့သည့်အတွက် ၎င်းတို့အပါအဝင် မိသားစုများသည် ငွေကြေးဆိုင်ရာ အခက် အခဲနှင့်လည်း ရင်ဆိုင်ရသည်။ ငွေကြေးဆိုင်ရာကုန်ကျမှုများထဲတွင် စစ်တပ်၊ ရဲနှင့် တရား ရေးဌာနတို့မှ အမှုလျော့ပေါ့အောင်လုပ်ပေးမည်ဟုပြောပြီး ခြိမ်းခြောက် ငွေတောင်းခံခြင်း၊ ဖမ်းဆီးထားချိန်နှင့် အကျဉ်းကျနေစဉ် ကောင်းမွန်စွာ နေထိုင်စားသောက်နိုင်ရန် အတွက် ငွေကြေးသုံးစွဲရန် ညှိနှိုင်းခြင်းများကြောင့် ငွေကြေးသုံးစွဲရခြင်းတို့သည်လည်း တခုအနေဖြင့် ပါဝင်ခဲ့သည်။ အများစုမှာ စားဝတ်နေရေး အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ထောင်ကျနေချိန်တွင် စီးပွားရေးလုပ်ငန်းများ ပျက်ဆီးသွားခြင်း၊ ထောင်မှလွတ်မြောက်ပြီး နောက် အလုပ်ရရှိရန် ခက်ခဲခြင်းတို့သည် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုဝင်

များ၏ ဆက်လက်ရှင်သန်ရေးအတွက် ခက်ခဲစွာရုန်းကန်ရသည့် အခြေအနေကို ဖြစ်ပေါ်စေသည်။ သူတို့၏ အိုးအိမ်အပါအဝင် ပိုင်ဆိုင်မှုများကို တရားလက်လွတ်သိမ်းယူခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများသည်လည်း ၎င်းတို့ နောက်ထပ်ရင်ဆိုင်ရသည့် စိန်ခေါ်မှုတခုကို ဖြစ်စေခဲ့သည်။

**ဘဝကိုပြန်လည်တည်ဆောက်ခြင်း** - နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများခံစားနေရသည့် မလုံခြုံမှုများသည် သူတို့အား လွတ်မြောက်နယ်မြေသို့မဟုတ် အိမ်နီးနားချင်းနိုင်ငံများသို့ တိမ်းရှောင်ရန် တွန်းအားဖြစ်ခဲ့သည်။ သို့သော်လည်း အထောက်အထားမဲ့ အခြားနိုင်ငံတွင် နေထိုင်ရခြင်းကြောင့် လုံခြုံစိတ်ချစွာ မနေထိုင်နိုင်ဘဲ ဖမ်းဆီးခံရမည်ကို ထပ်မံကြောက်နေရသည်။ အထောက်အထားလုံလောက်စွာ မရှိခြင်းကြောင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့် မရှိခြင်း၏ အကျိုးသက်ရောက်မှုအဖြစ် စားဝတ်နေရေးပြဿနာကို သူတို့ကိုယ်တိုင် ပြေလည်အောင်ဖြေရှင်းနိုင်စွမ်း မရှိတော့ပါ။ သူတို့အဖမ်းဆီးခံရသည့်အချိန်တွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သော ပြုမူဆက်ဆံမှုများကြောင့် ရရှိခံစားလာသည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဝေဒနာများကို သက်သာပျောက်ကင်းအောင် လုံလောက်သော ကုသမှုများမပြုနိုင်သည့် အတွက်လည်း ၎င်းတို့သည် အချိန်ပြည့် ကျန်းမာရေးပြဿနာများနှင့် နပန်းလုံးနေကြရသည်။ နိုင်ငံရေးအကျဉ်းသား အများစုသည် သူတို့ကြုံတွေ့နေရသည့် မပြေလည်မှုများ၊ အခက်အခဲများအပြင် တဖြေးဖြေး ပိုမိုဆိုးရွားလာသော ကျန်းမာရေးအခြေအနေကို လုံလောက်စွာ ကုသမှုခံယူနိုင်ရန်အတွက် ကြိုးစားရုန်းကန်နေကြဂုသည်။ နယ်စပ်ဒေသတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများပညာသင်ကြားနိုင်ရန် စာသင်ကျောင်းများ ဖွင့်လှစ်ထားသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ သားသမီးများသည် စိတ်ပိုင်းဆိုင်ရာပြဿနာများခံစားနေရသည့်အတွက် ပညာသင်ယူရေးပိုင်းတွင် အခက်အခဲတွေ့နေသည်။ ၎င်းတို့အနေဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ပြီး ဘဝကို ကြမ်းတမ်းစွာ ဖြတ်ကျော်နေရသော်လည်း သူတို့သည် အခြားနိုင်ငံရေးအကျဉ်းသားဟောင်းများ၊ တက်ကြွလှုပ်ရှားသူများနှင့် အတူတူပူးပေါင်း၍ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရမည်ဆိုသော သူတို့၏ယုံကြည်ချက်ကို ခိုင်ခိုင်မာမာ ဆက်လက်ဆုပ်ကိုင်ထားကြသည်။

**သူတို့၏အနာဂါတ်မျှော်မှန်းချက် -**

၂၀၂၁ ခုနှစ် စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုဝင်များ ခံစားခဲ့ရသည့်အခြေအနေသည် မြန်မာနိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံး အခြေအနေဖြစ်ပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများခံစားရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းသာမက မိသားစုဘဝများ သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှု

ဆက်ဆံရေးများ ပြိုကွဲပျက်ဆီးဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံတွင် အာဏာရှိလူတန်းစားများ၏ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းများအပေါ် ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေခြင်းသည် နောက်ထပ်ကျူးလွန်မှုများ ဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိသည်ဟု ဆိုနိုင်သည်။

လူ့အခွင့်အရေးချိုးဖေါက်ကျူးလွန်မှုများကို ခံစားခဲ့ရသည့် ရှင်ကျန်နေသူများအနေဖြင့် ထိုချိုးဖေါက်မှုများအတွက် အနာဂါတ်မှာ တရားမျှတမှုကို ပြန်လည်ဖေါ်ဆောင်ပေးရန် လိုလားကြသည်။ AAPP အနေဖြင့် အင်တာဗျူးခဲ့သော ကျူးလွန်ခံရသူများ၏ လိုလားချက်များကို ယခုအစီရင်ခံစာတွင် ဖေါ်ပြနိုင်ရန် မေးမြန်းခဲ့ရာတွင် သူတို့၏ဆန္ဒကို ယခုလို ပြောဆိုခဲ့သည်။ သူတို့အနေဖြင့် သံသရာလည်နေသော ချိုးဖေါက်ကျူးလွန်မှုများကို အဆုံးသတ်စေချင်သည်။ ထို့အတွက် ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် အရေးကြီးသော သက်သေအချက်အလက်များ စုဆောင်းခြင်း၊ ဆက်လက်ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖေါက်မှုများအတွက် အချက်အလက်ကောက်ယူခြင်း၊ အမှန်တရားဖေါ်ထုတ်သည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ်ခြင်းတို့ကို ဆောင်ရွက်စေလိုကြသည်။ အနာဂါတ်အသွင်ကူးပြောင်းရေးကာလတွင် ကျူးလွန်သူများကို အတိတ်ကာလက တရားမဲ့ကျူးလွန်မှုများအတွက် ကျူးလွန်သူများအနေဖြင့် တာဝန်ခံစေလိုသည်ကို ကျူးလွန်ခံခဲ့ရသူအများစုတွင် ပြင်းပြသော ဆန္ဒရှိကြသည်။ အင်တာဗျူးဖြေဆိုသူများမှ ထိခိုက်ခံစားခဲ့ရသော ရှင်ကျန်သူများကို အသိအမှတ်ပြု ပြန်လည်ကုစားပေးလျော်မှုများ ပြုလုပ်ပေးခြင်းနှင့် တရားဥပဒေစိုးမိုးသော ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းတရပ် တည်ထောင်နိုင်ရေးသည် အနာဂါတ်မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလတွင် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ချက်များဖြစ်သည်ဟု တညီတညွတ်တည်းဆိုခဲ့ကြသည်။

ယခုအစီရင်ခံစာက နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် လတ်တလောကာလတွင် လိုအပ်နေသောစားဝတ်နေရေး၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ကုသမှု၊ စိတ်လုံခြုံစွာနေထိုင်နိုင်ရေးနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့မိသားစုဝင်များ၏ ပညာရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၊ အာစီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးရန်လိုအပ်နေသည်ကို အထူးပြုဖေါ်ပြနေသည်။ ထို့အပြင် ရာဇဝတ်မှုအမျိုးမျိုးကို တရားလက်မဲ့ကျူးလွန်နေသော စစ်အာဏာရှင်၏လုပ်ရပ်ကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရန် အမြန်ဆုံးဆောင်ရွက်ရန်ကိုလည်း တောင်းဆိုထားပါသည်။

# နိဒါန်း

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်တပ်၏အာဏာသိမ်းမှုကို ဆန့်ကျင်ခြင်းသည် ယခင်ဖြစ်ခဲ့သော ဒီမိုကရေစီရေးလှုပ်ရှားမှုများထက် ပိုမိုကျယ်ပြန့် ပြင်းထန်ခဲ့သည်။ နိုင်ငံအနှံ့ ပြည်သူများစုပေါင်း၍ နိုင်ငံရေးအရ ပြန်လည်ဆန့်ကျင် ဆန္ဒပြမှုများဖြင့် စစ်တပ်၏ အကြမ်းဖက်ဖိနှိပ်မှုများအပေါ် တုံ့ပြန်ခဲ့သည်။ စစ်တပ်သည် သူ့လက်အောက်မှာ စိတ်ကြိုက် ဖန်တီးထားသော တရားစီရင်ရေးစနစ်ကို လက်နက်သဖွယ်အသုံးပြုပြီး ၎င်းအားဆန့်ကျင် သူများကို တုံ့ပြန်သည့်အနေဖြင့် လက်ရှိအာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များကိုသာမက ကျောင်းသားများ၊ ပြည်သူ့ဝန်ထမ်းများနှင့် သာမန်ပြည်သူများကို အကျဉ်းထောင်အုတ်ရိုးအထဲသို့ မတရားပို့ဆောင်ပြီး သဘောထားကွဲလွဲမှု၊ ဝေဖန်မှုများ ပျောက်သွားအောင်နှင့် အကြောက်တရားများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သည်။ အကျဉ်းချခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များသည် ထောင်နံရံအုတ်ရိုးများကို ကျော်လွန်၍ သက်ရောက်မှုများစွာဖြစ်ခဲ့သည်။ အမှန်တကယ်တော့ အကျဉ်းထောင်ထဲ၌ ကြုံတွေ့ခဲ့ရမှုသည် စစ်တပ်၏ ဖမ်းဆီးမှု၊ ရက်စက်ကြမ်းကြုပ်မှုနှင့် အစဉ်တစိုက်ပစ်မှတ်ထားခံရမှုစသည့် များစွာသော ထိခိုက်နာကျင်မှုများထဲမှ အစိတ်အပိုင်းတခုသာဖြစ်သည်။ လွတ်မြောက်ခဲ့ပြီးနောက် တောက်လျှောက် တွေ့ကြုံခံစားခဲ့ရသော ထိခိုက်နာကျင်မှုများ၊[၁] အစဉ်တစိုက်စောင့်ကြည့်ခံနေရမှုများတို့သည် နိုင်ငံရေးအကျဉ်းသားဟောင်းများကိုသာမက ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုအဝန်းအဝိုင်းတခုလုံးနှင့် အရပ်ဖက်ဆိုင်ရာလုပ်ငန်းစဉ်များ အားလုံးအပါအဝင် တိုင်းပြည်၏ အနာဂါတ်ကံကြမ္မာတခုလုံးသည် စစ်အာဏာရှင်၏ လက်အောက်ကို ရောက်ရှိခဲ့ရသည်။

## တိုက်ပွဲ

နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (AAPP)သည် ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းယူပြီးကထဲက မတရားဖမ်းဆီးခြင်း၊ စစ်ကြောရေးများတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့တရားစွဲဆိုခြင်း အပါအဝင် အကျဉ်းထောင်များ၏ အခြေအနေစသည့် နိုင်ငံရေးအကျဉ်းသားများနှင့်သက်ဆိုင်သော အစီရင်ခံစာများကို စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည်။ **"ရှင်သန်ရေးတိုက်ပွဲ"** ဟုအမည်ပေးထားသော ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် "မင်းမဲ့တိုင်းပြည်"၂ အစီရင်ခံစာကို ထပ်မံအားဖြည့်ရေးသားထားသော အစီရင်ခံစာဖြစ်ပြီး စစ်အာဏာရှင်၏ ဖမ်းဆီးခြင်းခံခဲ့ရသော မြန်မာနိုင်ငံသားများအနေဖြင့် အကျဉ်းထောင်များမှ လွတ်မြောက်လာပြီးနောက် တွေ့ကြုံခံစားနေရသော ရေရှည်အကျိုးဆက်များကို အသေးစိတ်မေးမြန်းပြီး ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ ယခုအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများအကျဉ်းထောင်များမှ လွတ်မြောက်ပြီးနောက် ၎င်းတို့အပါအဝင် မိသားစုများအနေဖြင့် ဘဝကို တဖန်ပြန်လည်ထူထောင်ချိန်တွင် စဉ်ဆက်မပြတ်ကြုံတွေ့နေရသော စောင့်ကြည့်ခံရမှုများ၊ စစ်အာဏာရှင်၏ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် ညှဉ်းပန်းနှိပ်စက်မှုများ၊ မတရားဖိနှိပ်ခဲ့မှုများကြောင့် ခံစားနေရသော ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြဿနာများအား ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေနှင့် သူတို့၏မျှော်လင့်ချက်များကို စုစည်းတင်ပြထားခြင်းဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ဖမ်းဆီးအကျဉ်းကျခံရသည့် အကျိုးဆက်အဖြစ် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ ခံစားနေရခြင်းနှင့်အတူ မိသားစုဝင်များသည်လည်း စစ်အာဏာရှင်၏ စောင့်ကြည့်နေမှုများအပါအဝင် အနှောက်အယှက်ပေးမှုမျိုးစုံကို ခါးစည်း ခံနေရသည်။ နိုင်ငံရေးအကျဉ်းသားအများစုသည် ၎င်းတို့၏ မူလနေရပ်များသို့ လွတ်မြောက်လာချိန်တွင် မပြန်နိုင်တော့ဘဲ စစ်အာဏာရှင်၏ လက်အောက်မှ လွတ်မြောက်အောင် အခြားနေရာများတွင် ပုန်းအောင်းခြင်း၊ ပြည်ပသို့ ထွက်ပြေးခြင်းများ လုပ်ဆောင်ခဲ့ရသည်။ သူတို့အနေဖြင့် စစ်အာဏာရှင် လက်အောက်အကျဉ်းထောင်များမှ လွတ်မြောက်လာခဲ့သော်လည်း စိတ်ဒါဏ်ရာများစွာဖြင့် ခံစားခဲ့ရမှုများ ပြန်လည်သက်သာလာရန် ခက်ခဲစွာရုန်းကန်ပြီး ရှင်သန်နေရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် ခက်ခဲသော အခြေအနေများကို ဖြတ်ကျော်နေရသော်လည်း AAPP မှ ယခုအစီရင်ခံစာအတွက် မေးမြန်းခဲ့သည့် ရည်ရွယ်ချက်ထက် ကျော်လွန်ပြီး အာဏာရှင်အပေါ် ဆက်လက် ဆန့်ကျင်နေပြီး သူတို့၏ ခိုင်မာသောဆုံးဖြတ်ချက်နှင့်အတူ ကြံ့ကြံ့ခံနိုင်စွမ်းကို ပြသနေသည်ကို တွေ့ရသည်။

# အဓိကတိုက်တွန်းတောင်းဆိုချက်များ

ယခုအစီရင်ခံစာသည် ဖမ်းဆီးခံရခြင်း၊ စစ်ကြောရေးတွင်ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပြစ်ဒဏ်ပေးအကျဉ်းချခြင်းတို့ကြောင့် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ တွေ့ကြုံခံစားနေရသည့် ရေရှည် အကျိုးဆက်များကို တိကျခိုင်မာသော အထောက်အထားများဖြင့် ရေးသားထားသော အစီရင်ခံစာဖြစ်ပါသည်။ ယခုတွေ့ရှိချက်များအရ AAPP အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အစိုးရနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ အစိုးရနှင့် မသက်ဆိုင်သောအဖွဲ့အစည်းများကို စစ်တပ်၏ ကျူးလွန်နေသောရာဇဝတ်မှုများအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများ ရင်ဆိုင်နေရသော အခက်အခဲပြဿနာများကို စုပေါင်း ကူညီပံ့ပိုးပေးရန်လည်း အလေးအနက်မေတ္တာရပ်ခံအပ်ပါသည်။ AAPP ၏ အဓိက တိုက်တွန်းတောင်းဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေးအတွက် တောင်းဆိုပေးပါရန် ကုလသမဂ္ဂနှင့် အာဆီယံနိုင်ငံများကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုပါသည်။
- အာဏာသိမ်းမှုကို ဆန့်ကျင်နေသောအဖွဲ့အစည်းအားလုံးအား ဖက်ဒရယ်ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအပေါ် ပံ့ပိုးကူညီမြှင့်တင်ပေးခြင်းနှင့်အတူ စစ်အာဏာရှင်၏ မတရားသဖြင့် သိမ်းယူထားသော နိုင်ငံတော်အာဏာကို ပြန်လည်စွန့်လွှတ်ရန်အတွက် ယခုထက်ပိုမိုဖိအားပေးပါရန် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်နေသူများအားလုံးကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုပါသည်။
- ပြည်ပသို့ထွက်ပြေးလာသောနိုင်ငံရေးအကျဉ်းသားဟောင်းများသာမက ပြည်တွင်းတွင်ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းဟောင်းများ၏ ရေရှည်ခံစားနေရသော အခြေအနေများကို အသိအမှတ်ပြုပြီး သူတို့၏စားဝတ်နေရေး၊ ယာယီနေထိုင်နိုင်ရေး၊ ကျန်းမာရေး

စောင့်ရှောက်မှုများနှင့် သင့်လျော်သော ပညာသင်ကြားနိုင်ရေးတို့အတွက် ကူညီပံ့ပိုးမှုများပေးပါရန် ကုလသမဂ္ဂနှင့် အာဆီယံနိုင်ငံများကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုပါသည်။

- အသွင်ကူးပြောင်းရေးကာလတွင် တာဝန်ခံမှု လုပ်ငန်းစဉ်ယန္တရား ဖေါ်ဆောင်နိုင်ရန်အတွက် စစ်အာဏာရှင် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများအပါအဝင် အခြားရာဇဝတ်မှုများနှင့် သက်ဆိုင်သောအချက်အလက်များကို ခိုင်မာတိကျစွာ စုဆောင်းမှတ်တမ်းတင်နိုင်ရေးအတွက် နည်းပညာအပါအဝင် အခြားလိုအပ်သော ကိစ္စရပ်များကို ပံ့ပိုးကူညီပေးပါရန် နိုင်ငံတကာမှပါဝင်ဆောင်ရွက်နေသူများကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်းတောင်းဆိုပါသည်။
- အသွင်ကူးပြောင်းရေးကာလတရားမျှတမှုကို ဖေါ်ဆောင်နိုင်ရန်အတွက် အဖြစ်မှန်အမှန်တရားဖော်ထုတ်ခြင်း၊ တရားမျှတမှုရှာဖွေခြင်း၊ ရှင်ကျန်သူများကို အသိအမှတ်ပြုခြင်း၊ ပြန်လည်ကုစားပေးလျော်ခြင်းနှင့် တရားရေးစနစ်နှင့် အကျဉ်းထောင်စနစ်အပါအဝင် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်အတွက် လုံလောက်ပြည့်စုံသော ပံ့ပိုးကူညီမှုများပေးပါရန် ကုလသမဂ္ဂ၊ အာဆီယံနှင့် အခြားအဓိကကျသော အဖွဲ့အစည်း/လူပုဂ္ဂိုလ်များကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုပါသည်။
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖေါက်မှုများ ကျူးလွန်ခြင်းခံခဲ့ရသူ ရှင်ကျန်သူများအတွက် ရပ်ရွာလူမှုအသိုက်အဝန်းအခြေပြု စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပံ့ပိုးကူညီလုပ်ဆောင်ပေးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုပါသည်။

# သုတေသနနည်းနာများ

AAPP သည် နိုင်ငံရေးအကျဉ်းသားဟောင်း (၃၀) ဦး ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိ တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။ ၎င်းတို့အထဲမှ (၂၀) ဦးသည် ပထမအကြိမ်တွေ့ဆုံမေးမြန်းခြင်းဖြစ်ပြီး ကျန် (၁၀) ဦးမှာ နောက်ဆက်တွဲ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခြင်းဖြစ်ပါသည်။ အများစုသော အင်တာဗျူး ဖြေဆိုသူများသည် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ် ချမှတ်အပြစ်ပေးခြင်းတို့ကိုခံခဲ့ရပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအနှံ့ရှိ ထောင်များ(အင်းစိန်၊ တောင်ငူ၊ မြစ်ကြီးနား၊ သာယာဝတီ၊ ညောင်ဦး၊ ပခုက္ကူ၊ ဟသ်ာတ၊ မြင်းခြံ၊ မြိတ်၊ မုံရွာ၊ မြောင်းမြ၊ ကလေး အကျဉ်းထောင်နှင့် သံလျှင်လူငယ် သင်တန်းကျောင်း) တွင် အကျဉ်းချခံခဲ့ရသူများဖြစ်ပါသည်။ တချို့ကမူ ပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိဘဲ တရားစွဲဆိုခံနေရချိန်တွင် အမှုပိတ်သိမ်းပြီး လွတ်မြောက် လာသူများဖြစ်သည်။ AAPP အနေဖြင့် အင်တာဗျူးဖြေကြားသူများ၏ ပြောကြားချက် များကို မိမိတို့၏ ကိုယ်ပိုင်အချက်အလက် စိစစ်သောနည်းလမ်းများဖြင့် အပြန်အလှန် စစ်ဆေးပြီးမှ အတည်ပြုချက်များ ပြုလုပ်ခဲ့ပါ သည်။

အရည်အသွေးပြ သုတေသနနည်းလမ်းကို အသုံးပြု၍ အဓိကကျသော အချက်အလက်များစုစည်းခဲ့ပါသည်။ AAPP သည် လူ့အခွင့်အရေးအစီရင်ခံခြင်းနှင့် မှတ်တမ်းပြုစုခြင်း အတွက် အကောင်းဆုံးအလေ့အကျင့်များနှင့်အညီ ရေးဆွဲထားသော ထိခိုက်လွယ်သော အကြောင်းအရာများအတွက် ဆောင်ရွက်ရမည့် တွေ့ဆုံမေးမြန်းမှု လမ်းညွှန်ချက်များကို အခြေခံပြီး လူကိုယ်တိုင်နှင့် အွန်လိုင်းအသုံးပြု၍ အင်တာဗျူးများကို ပြုလုပ်ခဲ့ပါသည်။ AAPP အနေဖြင့် ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေးကို အလေးထားပြီး လျှို့ဝှက်ထားရှိရေးမူဝါဒနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို

## တိုက်ပွဲ

ဖယ်ရှားထားရေး ဆိုင်ရာလုပ်ငန်းစဉ်ကိုလည်း အတိအကျလိုက်နာကျင့်သုံး ဆောင်ရွက်နေပါသည်။ AAPP အနေဖြင့် မေးမြန်းသူများကို မည်သည့်အကြောင်းကိုမေးမြန်းမည်၊ ရရှိလာသောသတင်းအချက် အလက်များကိုမည်သည့်နေရာတွင်အသုံးပြုမည် ဆိုသည်ကို တွေ့ဆုံမေးမြန်းမှုမပြုလုပ်ခင် ရှင်းလင်းပြောကြားပြီး ဖြေဆိုသူများအနေဖြင့် ယခု တွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းကို သဘောတူခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအား လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိသလို ဖြေကြားနေစဉ်အတွင်းတွင်လည်း အချိန်မရွေး ရပ်ဆိုင်းနိုင်ကြောင်းကို ကြိုတင်အသိပေးပြီး သဘောတူညီချက်ရမှသာ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပါသည်။ ၎င်းသဘောတူညီချက်ကို စာဖြင့် ရေးသားခြင်းဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် ပြောကြားခြင်းဖြင့်သော်လည်းကောင်း ရယူပါသည်။ ထို့အပြင် အင်တာဗျူးဖြေဆိုသူများ အနေဖြင့် နှစ်သိမ့်ဆွေးနွေးမှု ရယူရန် လိုအပ်ပါက သက်ဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှုပြုလုပ်ပေးနေသူများထံ လွှဲပြောင်းပေးခြင်းကို လည်း ကူညီပံ့ပိုးပေးပါသည်။

ယခုအင်တာဗျူးများကို အရေအတွက်များအဖြစ် စုပေါင်းထားသည့် အချက်အလက်များနှင့်အတူ အတည်ပြုဆောင်ရွက်ခဲ့သည်။ ယခုအစီရင်ခံစာတွင် အသုံးပြုသော ကိန်းဂဏန်းအချက်အလက်များကို ပြင်ပအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲကြောင်း အကိုးအကားမရှိပါက နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ ကိုယ်ပိုင်အချက်အလက်များကို ထုတ်ယူသုံးစွဲခြင်းဖြစ်သည်။ AAPP အနေဖြင့် စုဆောင်းထားသောဒေတာများကို လုံခြုံစွာသိမ်းဆည်းထားခြင်း၊ အင်တာဗျူးများနှင့် အခြားလျှို့ဝှက်အရင်းအမြစ်များမှ ရရှိသော အချက်အလက်များကိုလည်း ၎င်းအချက်အလက်ပံ့ပိုးသူများ (ဥပမာ - တွေ့ဆုံမေးမြန်းထားသူများ) မှ ၎င်းတို့၏အချက်အလက်များကို ဖျက်ဆီးပစ်ရန် တောင်းဆိုမှုမရှိပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်အတွက် ဤအချက်အလက်များကို အသုံးပြုရန် ရည်ရွယ်ထားပါသည်။

တွေ့ဆုံမေးမြန်းခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်း (၃၀) ဦးတွင် အမျိုးသမီး (၈) ဦး နှင့် အမျိုးသား (၂၂) ဦး ပါဝင်သည်။ တွေ့ဆုံမေးမြန်းခြင်းနှင့် အချက်အလက်များကို လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင်လည်း ကျား၊ မ ပါဝင်မှုကို အလေးထားဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် နွေဦးတော်လှန်ရေးတွင် အဖမ်းခံရသော နိုင်ငံရေးအကျဉ်းသားစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ[၇] ဖြစ်နေသည်ကို တွေ့ရှိရသောကြောင့် ယခုအစီရင်စာတွင်လည်း လုံလောက်သော ကျား၊ မ အချိုးနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

ထို့အပြင် တွေ့ဆုံမေးမြန်းသူများထဲတွင် အမျိုးသား (၆) ဦး ၊ အမျိုးသမီး (၂) ဦးမှာ နိုင်ငံရေးပါတီဝင်များဖြစ်ပြီး အင်တာဗျူးသူစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်း ကိုယ်စားပြုပါဝင်နေပြီး ပြည်ထောင်စု အဆင့်လွှတ်တော်ကိုယ်စားလှယ် (၂၀၁၅-၂၀၂၀) အမျိုးသမီး (၁) ဦးပါဝင်ပါသည်။ ကျန်ရှိသော ဖြေဆိုသူ ၂၂ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၇၃ ရာခိုင်နှုန်းမှာ နိုင်ငံရေးပါတီနှင့်ပတ်သက်သူများမဟုတ်ကြပါ။ ၎င်းပါတီဝင် မဟုတ်ကြသောသူများထဲမှ နိုင်ငံရေးအကျဉ်းသားဟောင်း (၃) ဦးသည် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှု မတိုင်ခင်ထဲက နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်သူများဖြစ်ပြီး ကျန် (၁၉) ဦးမှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးမှသာ နိုင်ငံရေးလှုပ်ရှားမှုတွင် စတင်၍ ပါဝင်လာခြင်းဖြစ်သည်။ ၎င်းတို့အထဲတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီး တဦးလည်း ပါဝင်ခဲ့ပြီး အသက်အရွယ်မျိုးစုံပါဝင်ခဲ့သည်အတွက် ပြည့်စုံစွာ လွှမ်းခြုံနိုင်ခဲ့သလို အရွယ်မရောက်သေးသော ကလေးတဦးအပြင် ဖမ်းဆီးသည့် အချိန်တွင် အသက် ၆၅ ကျော်သော အသက်အရွယ်ကြီးရင့်သူ နှစ်ဦး လည်းပါဝင်သည်။

# ကန့်သတ်ချက်များ

နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်သော အချက်အလက်ရရှိနိုင်မှုမှာ စိန်ခေါ်မှု တခုအနေဖြင့် ကျန်ရှိနေသေးသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် ၎င်းတို့ တွေ့ကြုံခဲ့ရသော အခြေအနေများကို အင်တာဗျူးပေးလျှင် မြန်မာနိုင်ငံအတွင်းနေထိုင် သော မိသားစုများကို ရှာဖွေပြီး ပြန်လည်ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့ကြခြင်းတို့သည် ၎င်းတို့ထံမှ သတင်းအချက်အလက်ရရှိရန်အတွက် အတားအဆီးများဖြစ်နေသည်။ မည်သို့ပင်ခက်ခဲစေကာမူ မိမိတို့အနေဖြင့် ပြည့်စုံကြွယ်ဝသော အချက်အလက်များကို စုစည်းနိုင်ခဲ့သည်။

AAPP အနေဖြင့် ထိုကဲ့သို့သော သတင်းအချက်အလက်ရယူရန် အတားအဆီး များကြားထဲမှပင် ယခုအစီရင်ခံစာနှင့် ဆက်လက်လုပ်ဆောင်မည့်အစီရင်ခံစာများအတွက် အသေးစိတ် တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်များတွင် နိုင်ငံရေးအကျဉ်းသားများ၏ ရှုပ်ထွေးခက်ခဲနေသောအတွေ့အကြုံများကို ပိုမိုနားလည် သဘောပေါက်စေရန်အတွက် အရည်အသွေးဆိုင်ရာ ကောင်းမွန်သောအင်တာဗျူးများ လုပ်ဆောင်နိုင်ရန်လည်း အစဉ် တစိုက် ကြိုးစားနေသည်။ သို့သော်လည်း ဤအရည်အသွေးဆိုင်ရာ အချက်အလက်များ သည် အာဏာသိမ်းပြီးကတည်းက ထိန်းသိမ်းခံထားရသော နိုင်ငံရေးအကျဉ်းသား ၂၈,၀၀၀ ကျော်ကို အပြည့်အဝ ကိုယ်စားပြုနိုင်ခြင်းတော့ မရှိပါ။ ထို့အပြင် AAPP အနေဖြင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်အားလုံး၏အခြေအနေကို ကိုယ်စားပြုဖော်ပြနိုင်ခြင်းမရှိသလို တိုင်းရင်းသားလူနည်းစုများနှင့် LGBTQI+ များ အပါအဝင် အခြားဖယ်ကျဉ်ခံ အုပ်စုဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကိုလည်း ခြုံငုံဖော်ပြနိုင်ခြင်းတော့ မရှိသေးပါ။ သို့သော် လည်း ဤအစီရင်ခံစာအတွက် စုဆောင်းရရှိထားသော အချက်အလက်အများစုသည် AAPP ၏ စစ်အာဏာသိမ်းပြီးနောက် စုဆောင်းသောအချက်အလက်များတွင် အကြိမ်ကြိမ် ပါရှိနေသာ ပုံစံများကို ထပ်မံ ထင်ဟပ်နေသောကြောင့် အစီရင်ခံစာသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ထောင်ချခြင်းနှင့် လွတ်မြောက်ချိန်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများ ကို မှန်ကန်စွာ မီးမောင်းထိုးပြနိုင်စေပါသည်။

မြန်မာနိုင်ငံအတွင်းတွင် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားအများစု ဆက်လက်ရှိနေပြီး ၎င်းတို့သည် ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့်အတူ အသက်မွေးဝမ်းကြောင်းများ ဆုံးရှုံးကာ စစ်တပ်၏ အမြဲမပြတ်စောင့်ကြည့်ခံနေရမှု၊ နှောက်ယှက်မှု၊ ခြိမ်းခြောက်မှုများနှင့် ပြန်လည်အဖမ်းခံရနိုင်သည့် အခြေအနေများအောက်တွင် နေထိုင်နေရသည်။ ယခုအစီရင်ခံစာတွင် ဖြေဆိုခဲ့သူ (၂၉) ဦးသည် ပြည်တွင်းတွင် ခံစားခဲ့ရသော အထက်ပါအတွေ့အကြုံများက နိုင်ငံအတွင်းမှ ထွက်ပြေးရန် သူတို့ကို တွန်းအားဖြစ်ခဲ့သည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်းတွင် ဆက်လက်နေထိုင်နေကြသော နိုင်ငံရေးအကျဉ်းသားဟောင်းများဆီမှ အချက်အလက် ရယူနိုင်ရန်လည်း အတားအဆီးများစွာရှိနေသေးသောကြောင့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်လာပြီး နောက်ပိုင်း ပြည်ပသို့ထွက်ပြေးရသည့် အခြေအနေနှင့် ပြည်ပတွင်နေထိုင်စဉ် နောက်ဆက်တွဲ အတွေ့အကြုံများကိုသာ အဓိကဖော်ပြထားနိုင်ခဲ့သည်။[၄] ၎င်းတို့၏ အခြေအနေသည် ပြည်တွင်းတွင် ကျန်ရစ်နေသူများနှင့် မတူသော စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်တွေ့ကြုံနေကြရသည်။

---

တိုက်ပွဲ

# အခန်း(၁)

# တရားလက်လွတ်ဖမ်းဆီးခံရခြင်းနှင့် တွေ့ကြုံခဲ့ရသည့် အခြေအနေများ

AAPP မှ ၂၀၂၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော "မင်းမဲ့တိုင်းပြည်" အစီရင်ခံစာသည် မြန်မာ နိုင်ငံတဝှမ်းတွင် နိုင်ငံရေးအကျဉ်းသားများဖမ်းဆီးခံရပုံမှ အစပြု၍ အကျဉ်းထောင်ထဲတွင် နေရသည့် အခြေအနေနှင့် လွတ်မြောက်ခဲ့မှုအခြေအနေများကို တင်ပြထားခဲ့သည်။ ယခုအစီရင်ခံစာသည် လွတ်မြောက်ပြီးနောက်ပိုင်း အခြေအနေများကို ထင်ဟပ်ပြသသော အစီရင်ခံစာဖြစ်သည်။ သို့သော်လည်း အကျဉ်းထောင်ထဲတွင် နေထိုင်ခဲ့ရသည့် အခြေအနေကို နားလည်မှသာ ပြန်လည်လွတ်မြောက်ချိန်တွင် ခံစားနေရသောထိခိုက်နစ်နာမှုများကို နားလည်နိုင်မည်ဖြစ်သည်။ ယခုအစီရင်ခံစာအတွက် ပြုလုပ်သောအင်တာဗျူးများသည် ၂၀၂၃ ခုနှစ်တွင် ဖော်ပြခဲ့သော အတွေ့အကြုံများကို ထပ်ဆင့်အားဖြည့်ပေးပြီး ဖမ်းဆီးခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ဖမ်းဆီးခံရသည်မှ စတင်ကြုံတွေ့ခဲ့ရသော ထိခိုက်နစ်နာမှု၊ မလုံခြုံမှုနှင့် စိုးရိမ်ပူပန်မှုများသည် အချိန်ကြာမြင့်စွာ သူတို့အပေါ် သက်ရောက်နေသည်ကို ဖော်ပြနေပါသည်။

## ၁.၁ တရားလက်လွတ်ဖမ်းဆီးခံရခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်မှ အာဏာသိမ်းယူပြီးသည့်နောက်ပိုင်း ဖမ်းဆီးခံခဲ့ရသည့် လူဦးရေမှာ AAPP စာရင်းအရ အနည်းဆုံး ၂၇,၇၅၁ ဦး[၅] ရှိပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး (၄) နှစ်နီးပါးအကြာတွင် စစ်တပ်မှဖမ်းဆီးခဲ့သော လူဦးရေနှင့် သတ်ဖြတ်ခံရသည့် လူဦးရေစုစုပေါင်းမှာ ယခင်နှစ်ပေါင်း (၆၀) နီးပါး အာဏာရှင် လက်အောက်တွင် နေခဲ့ရသည့်ကာလနှင့် နှိုင်းယှဉ်လျှင် (၃) ဆနီးပါး များပြားသည်ကို တွေ့ရသည်။[၆]

အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် အထူးစီမံထားသောပုံစံများဖြင့် ဖိနှိပ်မှုများပြုလုပ်ခဲ့သည်။ စစ်တပ်သည် သူတို့ပြဋ္ဌာန်းထားသောဥပဒေများအောက်တွင် နိုင်ငံရေး

အရတက်ကြွလှုပ်ရှားသူများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသည်ဆိုသည့် သဘောမျိုးပုံဖော်ပြီး လက်အောက်ခံတရားစီရင်ရေးကို သူတို့၏ လက်နက်တခုအဖြစ် အသုံးပြုဆောင်ရွက်ခဲ့သည်။ သို့သော်လည်း အမှန်တကယ်မြင်ရသည်မှာ တရားစီရင်ပိုင်ခွင့်ကို စိတ်တိုင်းကျ လွှမ်းမိုးချုပ်ကိုင်ပြီး တရားလက်လွတ်ဖိနှိပ်မှုများ ပြုလုပ်နေခြင်းသာဖြစ်သည်။

အာဏာရှိသူများသည် ၎င်းတို့အလိုရှိသောသူများကို ဖမ်းဆီးရန် အိမ်များဝင်ရောက်ရှာဖွေစီးနင်းဖမ်းဆီးရာတွင် တရားရုံးမှ ထုတ်ပေးသော ဝရမ်းပါရှိခြင်းမရှိပါ။ AAPP မှ အင်တာဗျူးခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်း (၃၀) ဦးတွင် (၁၄) ဦး ကို စစ်တပ်မှ တိတိကျကျ ပစ်မှတ်ထားပြီး ၎င်းတို့အိမ်များတွင် ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ကျန် (၁၆) ဦးမှာ အခြားနေရာများတွင် အဖမ်းခံရသူများဖြစ်သည်။ ထိုဖမ်းဆီးမှုအားလုံးကို အဓိကအားဖြင့် စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့က ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အသက်မပြည့်သေးသော နိုင်ငံရေးအကျဉ်းသားဟောင်း လူငယ် (၁) ဦးမှာ အရပ်ဘက်ဌာနတခုဖြစ်သော စည်ပင်သာယာရေးဌာနမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အင်တာဗျူးဖြေဆိုသူ (၁) ဦးကမူ ၎င်းကို ဖမ်းဆီးချိန်တွင် ယူနီဖောင်းအပြည့်အစုံဝတ်ထားသော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် စစ်တပ်နှင့်အတူ ပါဝင်ခဲ့သည်ဟု ဖြေကြားခဲ့သည်။[၇] အင်တာဗျူးဖြေဆိုသူတဦးက လက်နက်အပြည့်အစုံနှင့် လူ ၅၀ ကျော်လောက် ယာဉ်တန်းနဲ့ရောက်လာပြီး အိမ်ကိုဝိုင်းထားကာ အတင်းတံခါးဖွင့်ခိုင်းခဲ့သည်ဟု ပြောကြားခဲ့သည်။ အင်တာဗျူးဖြေဆိုသူအားလုံးက သူတို့ကို ဖမ်းဆီးသည့်အချိန်တွင် ဖမ်းဝရမ်းပြသခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။ အိမ်ထဲကို ရောက်သည်နှင့်တပြိုင်နက် ရှာဖွေမှုတွေပြုလုပ်ခြင်း၊ ပစ္စည်းများသိမ်းယူခြင်းနှင့် ဖမ်းဆီးခံရ တဲ့သူတွေကို အကြမ်းဖက်ဆက်ဆံခြင်းတို့ ပြုလုပ်သည်။

ဖမ်းဆီးချိန်တွင် အကြမ်းဖက်ဆောင်ရွက်ခဲ့ကြပြီး အင်တာဗျူးမေးမြန်းခဲ့သူအများစုမှာ ဖမ်းဆီးချိန်တွင် မလိုအပ်ဘဲ အင်အားသုံးပြီး အကြမ်းဖက် ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ပထမအကြိမ် တွေ့ဆုံမေးမြန်းသူ နိုင်ငံရေးအကျဉ်းသားဟောင်း ၂၀ ဦး တွင် ၁၆ ဦးသည် လက်သီးဖြင့်ထိုးခြင်း၊ ကန်ကျောက်ခြင်း၊ အရာဝတ္ထု တခုခုဖြင့်ရိုက်နှက်ခြင်း အပါအဝင် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရသည်။ အင်တာဗျူးဖြေဆိုသူတဦးမှ ပြောပြသည်မှာ "တံခါးဖွင့်ခိုင်းပြီးတာနဲ့ အတင်းတွန်းဝင်လာတယ်။ ဖမ်းဝရမ်းတို့၊ တခြားစာရွက် စာတမ်းတို့ ပြတာမျိုး ဘာမှမရှိဘူး။ တွေ့တွေ့ချင်း ဖမ်းဖမ်းဆိုပြီး မျက်နှာကို ဖိနပ်နဲ့ ဝိုင်းကန်ကြတာ။ မျက်လုံးတဖက်က ဖိနပ်တွေနဲ့ ကန်ခံထားရတာဆိုတော့ ဖွင့်လို့ မရဘူး။"[၈]

## တိုက်ပွဲ

အကယ်၍ သူတို့ဖမ်းချင်တဲ့သူ မတွေ့ပါက မိသားစုဝင်တွေကို ဓားစာခံသဘောမျိုး ဖမ်းခေါ်သွားမည်ဟု ခြိမ်းခြောက်ပြီး လာရောက်အဖမ်းခံရန် ပြောဆိုကြသည်။ ထိုကဲ့သို့ သောအကြပ်ကိုင်မှုမျိုးကြောင့် ကိုယ်တိုင်သွားရောက်ဖမ်းဆီးခံခဲ့သည့် နိုင်ငံရေးတက်ကြွ လှုပ်ရှားသူ အများစုရှိခဲ့သည်။ ထိုအခြေအနေနှင့်ပတ်သက်၍ အင်တာဗျူးဖြေဆိုသူတဦးက ရှင်းပြသည်မှာ "(မိသားစုက) ကျွန်တော် ခရီးသွားတယ်၊ မရှိဘူးလို့ပြောလည်းမရဘူး။ [...] ညီမ၊ အမေ၊ အဖေ ကျွန်တော့် တမိသားစုလုံးကို ဖမ်းခေါ်လာပြီးတော့ အိမ်ကကားထဲမှာ ပစ္စတိုတွေနဲ့ ထောက်ထားတာ၊ (ကျွန်တော့်တိုက်ခန်းအပေါ်က) အကုန်မြင်နေရတယ်။ (ကျွန်တော်) အဖမ်းခံဆိုတော့ အဖမ်းခံလိုက်တယ်။ မိသားစုနဲ့ကျွန်တော်နဲ့ လဲလိုက်တဲ့ သဘောပေါ့"။ ထို့နောက် ၎င်းက ဆက်၍ရှင်းပြသည်မှာ သူ့အဖေက သူ့ကိုဖုန်းခေါ်ပြီး ရှင်းပြတာက အဲဒီလူတွေကို သူရှိတဲ့နေရာကို ပြောပြလိုက်တယ်။ သူ့အနေနဲ့ လွတ်အောင် ရှောင်တိမ်းနိုင်ပေမဲ့ သူ့မိသားစုကို ကယ်တင်တဲ့အနေနဲ့ သူကိုယ်တိုင်ပဲ အဖမ်းခံခဲ့တယ်။ [၉]

အိမ်များသို့ ဝင်ရောက်စီးနင်းဖမ်းဆီးချိန်တွင်လည်း ဖမ်းဆီးမည့်တဦးထဲကိုသာ ဖမ်းဆီးခြင်းမျိုးမဟုတ် ကလေးပါမချန် တအိမ်လုံးကိုဖမ်းဆီးသည့် အဖြစ်အပျက်များလည်း ရှိခဲ့သည်။ နိုင်ငံရေးအကျဉ်းသားတဦးက သူအဖမ်းခံရပြီး ကားပေါ်မှာ နာရီဝက်၊ တနာရီ လောက်ကြာချိန်တွင် သူ့ဇနီးနှင့် အသက် (၁၄) နှစ်အရွယ် သူ့သားကိုလည်း ဖမ်းခေါ်လာ တာကို သတိပြုမိလိုက်သည်။ "ကျနော့်ဇနီးနဲ့သား ပစ္စည်းတွေ ပွေ့လာတာဆိုတော့ ကျွန်တော့်ကို ရဲစခန်းအတွက် စောင်တွေ၊ အဝတ်အစားတွေ လိုက်ပေးတယ်ထင်တာ အဲ့လို မဟုတ်ဘဲ သူတို့ကိုရော ဖမ်းလာလိုက်တာ။" [၁၀]

ဖမ်းဆီးချိန်တွင် အကြမ်းဖက်ခြင်း၊ အိမ်တွေကို ဝင်ရောက်စီးနင်းခြင်းနှင့် ဖမ်းဝရမ်း မပါခြင်းတို့သည် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းတွေကို ဂရုမစိုက် အလေးမထားဘဲ ဖေါက် ဖျက်ကျူးလွန်ခြင်းဖြစ်သည်။ ထို့အပြင် ပထမသတင်းပေးတိုင်ကြားချက် (FIR) ကိုလည်း ဖွင့်လှစ်ခြင်းမရှိပါ။ မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းကျင့်သုံးနေသော ရာဇဝတ်ကျင့်ထုံးဥပဒေအရ ဖမ်းဆီးသည့် အာဏာပိုင်သည် ပထမသတင်းပေးတိုင်ကြားချက် (FIR) ကို အသေးစိတ် ရေးမှတ်ရသည်။[၁၁] ယခုအင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်း (၂၀) ဦးအနက် (၁၆) ဦးမှာ ဖမ်းဆီးပြီးနောက် (၂၄) နာရီအတွင်း ပထမ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ (FIR) ဖွင့်ခဲ့ခြင်းမရှိခဲ့သလို တရားရုံးသို့ ပို့ဆောင်ခဲ့ခြင်း မရှိခဲ့ပါ။ အဖမ်းခံရ သူများသည် ဥပဒေအရ ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများ လုံးဝမရရှိဘဲ စစ်ဆေးမေးမြန်းသည့် နေရာများသို့ တန်းပို့ ခြင်းခံခဲ့ရသည်။

## ၁.၂ စစ်ကြောရေး

စစ်ကြောရေးစခန်းများတွင် နိုင်ငံရေးအရဆန့်ကျင်သူများကို ညှဉ်းပန်းနှိပ်စက်သော ပုံစံအမျိုးမျိုးသည် စနစ်တကျစီမံထားခြင်းဖြစ်ပြီး ၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းပြီးကတည်းက ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် နိုင်ငံရေးအရဆန့်ကျင်သူများကို ဖမ်းဆီးပြီးနောက် စစ်တပ်ဝင်းများအတွင်းရှိ စစ်ကြောရေးစခန်းများ၊ စစ်တပ်မှ စစ်ဆေးရန်အတွက် သီးသန့်ဖွင့်ထားသော စစ်ကြောရေးစခန်းများသို့ ပို့ဆောင်ခဲ့ပြီး အနည်းငယ်သာ ရဲစခန်းအချုပ်သို့ ရောက်ရှိခဲ့သည်။ သို့သော် မည်သည့် နေရာတွင်စစ်ဆေးသည်ဖြစ်စေ စစ်တပ် သို့မဟုတ် ရဲများသည် နိုင်ငံရေးအကျဉ်းသားများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်း နှိပ်စက်ညှဉ်းပန်းမှုကို ကျူးလွန်ကြသည်။ AAPP ၏ ၂၀၂၃ ခုနှစ်တွင်ထုတ်ဝေခဲ့သော အစီရင်ခံစာ၌ စစ်ကြောရေးစခန်းများတွင် ကျူးလွန်နေသော မတူညီသော ညှဉ်းပန်းနှိပ်စက်မှု ပုံစံ ၁၄ မျိုးကို ဖော်ပြထားသည်။ ထိုပုံစံများထဲတွင် လျှပ်စစ်ဖြင့် ရှော့တိုက်ခြင်း၊ ခြေထောက်ကို ကြိုးချည်ပြီးဇောက်ထိုးဆွဲခြင်း၊ အိမ်သာမှရေကို မဖြစ်မနေသောက်ရန် ဖန်တီးခြင်းနှင့် ခန္ဓာကိုယ်ကို ကန်ကျောက်ခြင်း၊ မီးရှို့ခြင်းတို့ပါဝင်သည်။[၃၂]

### ဖြစ်ရပ်သာဓက

နိုင်ငံရေးအကျဉ်းသားများသည် စစ်ကြောရေးကာလတလျှောက်တွင် ပြင်းထန်ရက်စက်သော စစ်ဆေးမေးမြန်းမှုများကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအပြင် ရုပ်ပိုင်းဆိုင်ရာ ပြဿနာမျိုးစုံကိုလည်း ရရှိခံစားခဲ့ရသည်။ ပဲခူးတိုင်းမှ အဖမ်းခံရသော အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တဦးမှ စစ်တပ်ဝင်းအတွင်းရှိ စစ်ကြောရေးစခန်းတွင် ၎င်းကို နည်းလမ်းပေါင်းစုံသုံး ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အကြောင်းကို ပြောပြခဲ့သည်။ သူ့ကို အိမ်တွင် စစ်သား (၅၀) ဦးခန့်က လာရောက်ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးချိန်ကစ၍ စစ်ဆေးသည့်ကာလတလျှောက် လက်ထပ်ခတ်ထားခဲ့သည်။ စစ်တပ်ဝင်းထဲသို့ ရောက်ရှိချိန်တွင် မျက်လုံးကို အဝတ်စည်းထားပြီး "အမှောင်ခန်းကို ခြေထောက်နဲ့ ဆောင့်ကန်ထည့်လိုက်တယ်။ [...] သေနတ်ဒင်နဲ့ရိုက်တယ်။" သူ့ကို စစ်ကြောရေးတွင် မည်ကဲ့သို့ စစ်ဆေးခဲ့သည်ကို ရှင်းလင်းမြင်သာအောင် ယခုလိုပြောပြခဲ့သည်။ "ခြေထောက်နှစ်ချောင်းကို ရှေ့မှာဆန့်ပြီးတော့ ထိုင်ပေးရတယ်။ လက်ကတော့ နောက်ပြန်လက်ထိတ်နဲ့။ သူတို့က

ကျွန်တော့်ခြေထောက်ကို တစ်ယောက်တစ်ဖက်စီ ကိုင်ထားတယ်။ နောက်ပြီး လက်နောက်ပြန်ထားပြီး တစ်ယောက်က ကိုင်တယ်။ ကျန်တာကတော့ နံရိုးကို သေနတ်ဒင်နဲ့ ရိုက်တာတို့၊ ခေါင်းကိုထိုးတဲ့သူက ထိုးတာတို့လုပ်တယ်။ တုတ်သုံးတာလည်းရှိတယ်။ ဘယ်လိုတုတ်မျိုးလဲဆိုတော့ ကျွန်တော်ထင်တာ ဝါးအခေါင်းပိတ်။" အဲဒီနောက် "ခေါင်းကို ရေလောင်းတာတွေ၊ ထုထောင်းတာတွေလည်းရှိတယ်။" ပြီးတော့ "ကျွန်တော့်ညို့သကျည်းကို ဒလိမ့်တုံးနဲ့ပြန်လှိမ့်တယ်။" အဲဒီနောက် ထပ်နှိပ်စက်တာက "ကျွန်တော်က နံရိုးက ကျိုးနေပြီ။ သံလုံးနဲ့လှိမ့်ရင်းနဲ့ ခြေထောက်နှစ်ဘက်စလုံးက သွေးတွေထွက်နေပြီ။ ကျွန်တော်က ဝန်မခံတော့ ခေါင်းမာတယ်ဆိုပြီး ညာဘက်ခြေထောက်ကို ရိုက်ချိုးတာ။ ကျွန်တော်သတိလစ်သွားတယ်။" သူ သတိလစ်သွားပြီးနောက် ဘာမှမသိတော့ဘူး။ သူသတိရလာသည့်အချိန်တွင် သူ့လက်ကောက်အရွတ်ပြတ်နေသည်ကို တွေ့ရသောကြောင့် စစ်တပ်က သူ့ကို ဆက်ပြီးညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည့်ပုံပေါ်သည်။ "အဲ့တုန်းက အသက်လုနေရတော့ အာရုံက အသက်ရှူမဝတဲ့ဘက်ကို ရောက်သွား တော့ ဘာမှမသိတော့ဘူး။"

ယခုအင်တာဗျူးဖြေဆိုသူ နိုင်ငံရေးအကျဉ်းသား၏အတွေ့အကြုံနှင့် အခြားသူများ၏ တွေ့ကြုံခဲ့ရသည့် အခြေအနေများသည် စစ်ဆေးမေးမြန်းနေသူများအနေဖြင့် ၎င်းတို့ ဖမ်းဆီးထားသူများသည် ပြစ်မှုကျူးလွန်သည် ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံအောင် အတင်းအကြပ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြသည်။ အထက်ဖော်ပြပါ အင်တာဗျူးဖြေဆိုသူ၏ အမှုတွင် သူတို့လိုချင်သောအဖြေဖြစ်သည့် PDF ကိုထောက်ပံ့သည်ဟု အဖြေမပေးမချင်း ရိုက်နှက်ခဲ့ကြသည်။

စစ်ကြောရေးကာလတလျှောက်တွင်လည်း စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေသော နှိပ်စက်မှုများလည်းထပ်မံ ကျူးလွန်ကြသည်။ အင်တာဗျူးဖြေဆိုသူသည် သူဘယ်လိုခံစားခဲ့ရကြောင်း ယခုလိုဆက်ပြောပြခဲ့သည်။ "စစ်ခွေးနဲ့ ကျွန်တော့်ကို လိင်ပိုင်းဆိုင်ရာ ပြုကျင့်မယ် ဘာညာ ပြောတယ်။ ပြီးတော့ ကောင်းကောင်းမဖြေရင် ကျွန်တော့် အမျိုးသမီးကို ခေါ်ပြီးတော့ ခွေးနဲ့ လုပ်ခိုင်းမယ်ဘာညာ ပြောတယ်။" ပြီးတော့ "ကျနော်ဝန်မခံရင် သတ်ပစ်မယ်လို့ စစ်တဲ့သူကပြောတယ်။" လေးရက်လုံးလုံး သူ့ကို ရေ (၂) ခွက်ပဲ တိုက်ပြီး ထမင်းမကျွေး၊ အိမ်သာ မတက်ခိုင်းဘဲထားခဲ့သည်။ ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားအများစုကို အိမ်သာမတက်ခိုင်းဘဲ ထားခြင်းသည် လူဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှု မပြုခြင်းပင်ဖြစ်သည်။ ငါးရက်မြောက်နေ့တွင် သူ့ကို ထမင်း လာကျွေးသော်လည်း နောက်ပြန်ခတ်ထားသော လက်ထိပ်ကို မဖြုတ်ပေးဘဲ စားခိုင်းသောကြောင့် "ခွေးစားသလို ကုန်းပြီးတော့ ကျွန်တော် စားခဲ့ရတယ်" ဟု သူထမင်းစားခဲ့ရသည့် အတွေ့အကြုံနှင့်ပတ်သက်၍

ပြောပြသည်မှာ "ထမင်းကတော့အဆင်မပြေဘူး၊ သူတို့က ဖွန်းလည်းတပ်မပေးတော့ မျက်နှာတခုလုံး ပေကျံသွားတယ်။"[၃၃] ရက်စက်ကြမ်းကြုတ်တဲ့စစ်ကြောရေး ပြီးဆုံးသွားချိန်တွင် သူ့ကို ရဲစခန်းအချုပ်ကိုပြန်ပို့ပြီး ဆေးရုံကို ပြသပေးခဲ့သည်။ ဆေးရုံတွင် ဆရာဝန်က သူ့နံရိုးနှင့် ခါးရိုးကျိုးသွားပြီး သူ့ခြေထောက်က ပိုးဝင်နေကြောင်း ပြောဆိုခဲ့သည်။ ၎င်းအခြေအနေသည် သူကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကြောင့် မည်သို့ခံစားခဲ့ရသည်ကို အထင်အရှားဖော်ပြနေသည်။

ထိုအတွေ့အကြုံများသည် ဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသား တဦးတလေမှာ ဖြစ်ခြင်းမဟုတ်ဘဲ စစ်ကြောရေးကိုရောက်သည့်သူတိုင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အပြင်းအထန်ထိခိုက်မှု ဖြစ်ခဲ့ကြသည်ကို ဝမ်းနည်းစွာတွေ့မြင်ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦး ရှင်းပြသည်မှာ "စိတ်ပိုင်းဆိုင်ရာခြိမ်းခြောက်တာထက် စိတ်ပိုင်းဆိုင်ရာကို ထိခိုက်အောင်လုပ်တာ။"[၃၄] စစ်အာဏာရှင်တို့၏ စစ်ကြောရေးများသည် သတင်းအချက်အလက် ရယူရုံတင်မက လူ့ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ဘဝတလျှောက်လုံး စိတ်ဒါဏ်ရာများရရှိသွားစေရန်ရည်ရွယ်ပြီး နိုင်ငံရေးအကျဉ်းသားတွေအပေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖြစ်ရပ် တော်တော်များများတွင် နိုင်ငံရေးအကျဉ်းသားများသည် စစ်ကြောရေးတွင် အခြားနိုင်ငံရေးအကျဉ်းသားအား စစ်ဆေးနေစဉ် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ထွက်ပေါ်လာသော အသံများကို ကြားသိနေခြင်းသည်လည်း အခြားရှင်ကျန်သူများအတွက် ခိုင်မာသော သက်သေခံချက်များဖြစ်နေသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ သူ့ဘေးအခန်းတွင်ရှိ နိုင်ငံရေးအရ ဖမ်းဆီးခံနေရသည့် အသက်အရွယ်ကြီးရင့်သော လူကြီးတဦးအား လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သော ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ သူမြင်တွေ့ခဲ့ရသည့် အတွေ့အကြုံကို အောက်ပါအတိုင်းရှင်းပြသည်။ ရိုက်နှက်ခံရသောကြောင့် ထွက်ကျလာသော သူ့၏မစင်တွေကို ပါးရိုက်ပြီး သူ့ကို ပြန်ယက်ခိုင်းနေသဖြင့် စူးစူးဝါးဝါးအော်ဟစ်နေသည်ကို သူတွေ့မြင်ခဲ့ရသည်။[၃၅]

အကြမ်းဖက်မှုကျူးလွန်သည့် စစ်သားများနှင့်ရဲများသည် မူးယစ်ဆေးဝါးများကို သုံးစွဲထားကြောင်း အင်တာဗျူး ဖြေဆိုသူများမှ ပြောကြားကြသည်။ သူတို့ဆီမှ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲထားသော အနံ့များရပြီး ထိုအချိန်များတွင် သူတို့၏ အမူအယာများ ပြောင်းလဲပြီး လူစိတ်ကင်းမဲ့နေသည်။ ရက်စက်စွာရိုက်နှက်နှိပ်စက်ခြင်း၊ ရိုင်းဆိုင်းစွာ ပြောဆိုခြင်းနှင့် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူအားလုံးကို ကျူးလွန်ကြသည်။ "တစ်ခါတလေကျရင်လည်း အရက်မူးမူးနဲ့ ဝင်လာပြီးတော့ ပါးတွေရိုက်သွားတာမျိုး၊

အရက်စော်တွေ နံစော်ပြီးတော့ တံတွေးတွေ ထွေးသွားတာမျိုးတွေ"[၁၆] ရှိသည်ဟု အင်တာဗျူးပြေဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ပြောကြားခဲ့သည်။ နောက်ပြီး မလိုအပ်ပဲ စစ်ဆေးခြင်းကို ထပ်ကာတလဲလဲ ပြုလုပ်ကြသည်။ အခြားနိုင်ငံရေးအကျဉ်းသားဟောင်းတဦးက သူ့အတွေ့ကြုံကို ယခုလိုရှင်းပြသည်။ " ကျွန်တော့်ကို ခေါ်ရစ်တာ။ သူတို့က မူးလည်း မူးနေကြတာ။"[၁၇]

စစ်တပ်မှ စစ်ကြောရေးများကို အဓိကဆောင်ရွက်သော်လည်း ရဲတပ်ဖွဲ့သည် စစ်ကြောရေးကာလတွင် စစ်တပ်နှင့်အတူ ပါဝင်ပတ်သက်မှုများစွာရှိခဲ့ပါသည်။ လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာသင်တန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အာဏာမသိမ်းခင်ကာလက ပို့ချပေးခဲ့သော်လည်း စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်သို့ ရောက်သွားသည့် အချိန်တွင် အကျပ်ကိုင်ခြိမ်းခြောက်မှုများတွင် ပါဝင်ပူးပေါင်းခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးပြီးနောက် စစ်ကြောရေးစခန်းများသို့ ပို့ဆောင်ခြင်း၊ ရဲစခန်းအချုပ်တွင်ထားပြီး အတင်းအဓမ္မဝန်ခံခိုင်းခြင်းနှင့် တရားရုံးများတွင် သက်သေများအဖြစ် မမှန်မကန် လာရောက်ထွက်ဆိုခြင်းတို့ကို ပါဝင်ဆောင်ရွက်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ စံလုပ်ထုံးလုပ်နည်းများကို ပစ်ပယ်ကာ ညှဉ်းပန်းနှိပ်စက်မှုများကို အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခွင့်ရကာ ဥပဒေမဲ့ စိတ်တိုင်းကျ ကျူးလွန် ခဲ့ကြသည်။

မြန်မာနိုင်ငံသည် UNCAT (United Nations Convention against Torture) ကိုလက်မှတ် မထိုးထားသည့် နိုင်ငံတနိုင်ငံဖြစ်သော်လည်း ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခွင့်မရှိကြောင်းကို နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေကဲ့သို့ (Jus congens status) သတ်မှတ် ပြဋ္ဌာန်းထားချက်ရှိသည်။ ၎င်း၏အဓိပ္ပါယ်မှာ ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ထားချက်သည် မည်သူမှ ရုပ်သိမ်းခွင့်မရှိသည့် နိုင်ငံတကာဥပဒေ၏ အခြေခံမှုဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံမှ အတည်ပြုချမှတ်ခဲ့သော UDHR (Universal Declaration of Human Rights) တွင်လည်း မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော၊ ရက်စက်ကြမ်းကြုပ်သော ပြုမူဆက်ဆံမှုမျိုး မပြုရ[၁၈] ဟုဆိုသောအချက်ကို အသိအမှတ်ပြုဖော်ပြထားသည်။ သို့သော်လည်း စစ်တပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရက်စက်ကြမ်းကြုပ်သော ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံနှင့် တရားလက်လွတ် သတ်ဖြတ်မှုများစွာကို ကျူးလွန်ဆောင်ရွက်ခဲ့သည်။

## ၁.၂.၁ လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုများ

လိင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားမှုများစွာကို စစ်ကြောရေးကာလတွင် ဖမ်းဆီးခံရသူများအား တိုက်ရိုက်ကျူးလွန်မှုများ လုပ်ခဲ့သည်သာမက ပါးစပ်ဖြင့်ခြိမ်းခြောက်မှုများစွာကိုလည်း ဖမ်းဆီးခံထားရသူများသာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ ခြိမ်းခြောက်ခဲ့သည်။ စစ်ကြောရေးတွင် ထိုကဲ့သို့သော ကျူးလွန်ခံရမှုများ၊ ခြိမ်းခြောက်မှုများ ပြုလုပ်ခြင်းသည် နိုင်ငံရေးအကျဉ်းသားများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရက်စက်ကြမ်းကြုပ်သည့် နောက်ထပ်နည်းနာတခုဖြစ်သည်။ ဧရာဝတီတိုင်းမှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက သူ၏ အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေခဲ့သည်။

"ကျွန်တော့်အဝတ်အစားကို သူတို့ ချွတ်လိုက်တယ်။ ပြီးတော့ ကျွန်တော်တို့က ရှိနေရင် မကောင်းတဲ့မျိုးဆက်တွေကို ထောက်ခံနေဦးမယ်၊ ကျွန်တော်တို့မျိုးဆက် ဟိုဟာဖြစ်မယ် (မျိုးဖြုတ်ပစ်မယ်) ဆိုပြီး ကျွန်တော့်ယောကျ်ားအင်္ဂါကို ကျဉ်စက်နဲ့ တို့တယ်။ တခြားနေရာ မတို့ဘူး။ အစကတော့ စက္ကန့်ပိုင်းတို့တယ်။ တဖြည်းဖြည်းနဲ့ အချိန်က တိုးလာတယ်။ ကျွန်တော် ငရဲရောက်နေသလိုပဲ။ နားလိုက်၊ တို့လိုက်နဲ့ ငါးကြိမ်မြောက်မှာ ကျွန်တော် သတိလစ်သွားတယ်။"[၁၉]

လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကိုလည်း အလားတူ လုပ်ဆောင်ခဲ့သည်။ အထက်ဖော်ပြပါ ကိစ္စမျိုးကဲ့သို့ပင် နိုင်ငံရေးအကျဉ်းသားတို့၏ လိင်ပိုင်းဆိုင်ရာကို ယခုကဲ့သို့လည်း ပြောဆိုခြိမ်းခြောက်တတ်သည်။ "ကျနော် သေချာမဖြေရင် သူတို့ မွေးထားတဲ့ခွေးနဲ့ လုပ်ခိုင်း မယ်၊ ကျနော်မိန်းမကိုလည်း ခွေးနဲ့ လိင်ဆက်ဆံခိုင်းမယ်။"

## ၁.၃ အတင်းအကြပ်ဝန်ခံစေခြင်း

စစ်တပ်သည် နိုင်ငံရေးအကျဉ်းသားအများစုကို စစ်ကြောရေးတွင် နှိပ်စက်ညှဉ်းပန်းပြီး အတင်းအကျပ် ဝန်ခံခိုင်းကြသည်။ ပထမအကြိမ် အင်တာဗျူးမေးမြန်းခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်း (၂၀) ဦးထဲမှ (၄)ဦးသည် သက်ဆိုင်ရာရဲစခန်းတွင် ၎င်းတို့အား အကျပ်ကိုင်ခြိမ်းခြောက်ပြီး ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံလက်မှတ်ကိုရေးထိုးခိုင်းခဲ့သည်။ ထိုအခြေအနေကို အင်တာဗျူးဖြေကြားသူတဦးက ပြောပြသည်မှာ -

တိုက်ပွဲ

"ကျနော်တို့အနေနဲ့ အဲဒီအချိန်မှာ ဘာမှမသိဘူး၊ ဒါပေမဲ့ သူတို့က ဒီပေါက်ကွဲမှုကို သိတယ်ဆိုပြီး အတင်းဝန်ခံခိုင်းတယ်။ ကျနော်တို့ ဘယ်လိုပြောပြော ဂရုမစိုက်ဘဲ ကျနော်တို့ကို ရိုက်တဲ့အတွက် နောက်ဆုံးသိတယ်လို့ ပြောလိုက်တယ်။ ကျနော်တို့ မီးရှို့ပါတယ်လို့ရေးထားတဲ့ စာရွက်မှာ လက်မှတ်ထိုးခိုင်းတယ်။"

တရားစွဲဆိုသည့်အချိန်တွင် တရားလိုနှင့် တရားလိုသက်သေများသည် နိုင်ငံရေးအကျဉ်းသားများထံ အတင်းအကြပ်ရယူထားသော ဝန်ခံချက်ဖြင့် တရားစွဲခြင်း၊ တရားရုံးများတွင် လာရောက်ထွက်ဆိုခြင်းတို့ကို ပြုလုပ်ကြသည်။ မကျူးလွန်ပါဘဲနှင့် အတင်းအကြပ်ဝန်ခံခိုင်းသည့်အတွက် အကျဉ်းကျခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် လွတ်မြောက်လာချိန်တွင် သူတို့အပေါ် မတရားပြုမှုခံခဲ့ရသော ၎င်းအချက်သည် သူ့တို့၏ ဘဝတွင် စိတ်ဒဏ်ရာတခု အဖြစ် သက်ရောက်နေခဲ့သည်။

## ၁.၄ အမှုရုံးတင်စစ်ဆေးခြင်း

ဗြိတိသျှကိုလိုနီခေတ်ကတည်းက အသုံးပြုခဲ့သော မြန်မာ့သမိုင်းတလျှောက် ဖိနှိပ်ခဲ့သည့်ဥပဒေများကို စစ်အာဏာရှင်များက ပြန်လည်အသုံးပြုခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်သည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖိနှိပ် ရန် ဥပဒေများကို အသစ်ပြဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုလုပ်ခဲ့သည်။ စစ်ကောင်စီသည် ၎င်းတို့ကို နိုင်ငံရေးအရ ဆန့်ကျင်သူများကို တရားစွဲဆိုရန် အထူးတရားရုံးများ ထူထောင်ခြင်းနှင့် တချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းပြီး စစ်ခုံရုံးများ ဖွဲ့စည်း တည်ထောင်ခဲ့သည်။

နိုင်ငံအနှံ့ အကျဉ်းထောင်များအတွင်းတွင် အထူးတရားရုံးများထူထောင်ခဲ့ပြီး လုံခြုံရေးအကြောင်းပြချက်ဖြင့် မိသားစုနှင့် အခြားစိတ်ဝင်စားသူများ တရားခွင်ကို တက်ရောက်နားထောင်ရန် ပိတ်ပင်ထားခဲ့သည်။ မိသားစုဝင်များအနေဖြင့် တရားရုံးတွင် ထွက်ဆိုရန် လိုအပ်၍ လာရောက်သည့် အချိန်တွင်တောင်မှ မိသားစုနှင့် တရားရုံး စစ်ဆေးချိန်များတွင် စကားပြောဆိုရန် ခွင့်ပြုချက်မပေးဘူးဟု နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ပြောပြသည်။[၂၁] အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ် (၁၀) အရ မည်သူမဆို လူအများကြားနာနိုင်ပြီး လွတ်လပ်၍ တရားမျှတသောတရားရုံးများတွင် တရားစီရင် ဆုံးဖြတ်ခံပိုင်ခွင့်ရှိရမည်။ အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ (၄၀) အရ

တရားခွင်တွင် အမှုရင်ဆိုင်နေရသည့် အကျဉ်းသားများသည် ဥပဒေရေးရာ အကြံရယူ ပိုင်ခွင့် အပြည့်အဝ ခံစားပိုင်ခွင့်ရှိပြီး အခြားမည်သူမျှမရှိဘဲ ၎င်းတို့၏ရှေ့နေနှင့် တွေ့ဆုံနိုင် ရမည်။[၂၂] သို့သော်လည်း အကျဉ်းထောင်တာဝန်ခံမှ ထိုအခွင့်အရေးကို ခွင့်ပြုချက်ပေးရန် ငြင်းဆိုခဲ့ကြောင်း အင်တာဗျူးဖြေဆိုသူများက ပြောခဲ့သည်။ ကိုယ်ဟန်အမူအရာ၊ မျက်လုံး ချင်းဆုံ၍ စကားပြောခြင်းကိုသာ တရားဝင်ခွင့်ပြုချက်ရခဲ့သည်ဆိုသော အဓိပ္ပါယ်ကို သက်ရောက်နေသည်။ နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့၏ရှေ့နေများနှင့် တွေ့ဆုံ ဆွေးနွေးခွင့်ရသောအခါတွင်လည်း အမြဲလို အနီးကပ်စောင့်ကြည့်ခြင်းခံရကြောင်းနှင့် ရဲများကလည်း ဘာတွေပြောနေလဲဆိုတာ ကြားရသည့်နေရာတွင် အနီးကပ်ထိုင်စောင့် ကြောင်း ပြောကြားခဲ့သည်။

အထူးတရားရုံးများတွင် နိုင်ငံရေးအမှုများအတွက် လိုက်ပါဆောင်ရွက်နေသော ရှေ့နေများမှာ စစ်အာဏာပိုင်များ စနစ်တကျစီစဉ်ထားသော အတားအဆီးများနှင့် ကန့်သတ်တားမြစ်ချက်များကြောင့် လုပ်ငန်းခွင်အဟန့်အတားများ ရင်ဆိုင်ကြရသည်။ အဆိုပါရှေ့နေများ ကိုယ်တိုင်မှာလည်း ခြိမ်းခြောက်မှု၊ မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှု၊ နိုင်ငံရေးလှုံ့ဆော်မှုဖြင့် တရားစွဲဆိုခံရမှုများအပြင် တချို့အခြေအနေများတွင် ညှဉ်းပန်းနှိပ် စက်မှုနှင့် လူမဆန်စွာ ဆက်ဆံမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။[၂၃] ရှေ့နေများသည် မိမိအမှုသည်အတွက် အမှန်တကယ် ခုခံချေပနိုင်သည့် အခွင့်အလမ်းမရရှိဘဲ တရားမျှတမှု ကင်းမဲ့သော တရားစီရင်ရေးကို ရင်ဆိုင်နေရသည်။ ရှေ့နေများအနေဖြင့် အချုပ်သားနှင့် မိသားစုကြား ဆက်သွယ်ပေးသော၊ စားစရာသယ်ဆောင်လာပေးသော သို့မဟုတ် တရားသူကြီးမှ မေးမြန်းသော မေးခွန်းများကို မည်ကဲ့သို့ ဖြေဆိုရမည်ကို သင်ကြားပေး သော သူများအနေဖြင့်သာ ပံ့ပိုးနိုင်ခဲ့သည်။ သို့သော်လည်း အချို့သောရှေ့နေများသည် တရားလို၊ တရားလိုပြသက်သေများကို ပြန်လှန်မေးခွန်းထုတ်ရန် အခွင့်အရေးရှိခဲ့သော် လည်း ၎င်းအခွင့်အရေးကို အသုံးမပြုသော ရှေ့နေတချို့လည်းရှိသည်။

တရားစွဲဆိုခံရသော အင်တာဗျူးဖြေကြားသူ (၂၉) ဦးတွင် (၂၂) ဦးသည် ပြစ်မှု ကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မ (၅ဝ၅) ဖြင့် တရားစွဲဆိုခံရသူများ ဖြစ်သည်။[၂၄] ၂ဝ၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ AAPP စာရင်းအရ ဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၂၇၇၅၁ ဦးတွင် ၇၉၃၁ ဦးသည် ပုဒ်မ (၅ဝ၅) ဖြင့် တရားစွဲဆိုခြင်း ခံရသူများဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟု အမည်ပေး ထားသော စစ်အာဏာရှင်မှ ၎င်းတို့အား နိုင်ငံရေးအရဆန့်ကျင်သူများအပေါ် အကြမ်းဖက် မှုတိုက်ဖျက်ရေးဥပဒေ၊ လက်နက်ဥပဒေ၊ မတရားအသင်းအက်ဥပဒေ၊ သဘာဝဘေး

တိုက်ပွဲ

အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ပေါက်ကွဲစေတတ်သော လက်နက်များဥပဒေတို့အပြင် အခြားရာဇဝတ်မှုများဖြစ်သော နိုင်ငံတော်ပုန်ကန်မှုကဲ့သို့သော ဥပဒေများကို အသုံးပြု တရားစွဲဆိုခဲ့သည်။

စစ်အာဏာရှင်သည် တရားစီရင်ရေးနှင့်သက်ဆိုင်သော စံချိန်စံနှုန်းများကို လုံးဝ လိုက်နာခြင်းမရှိပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၆၁ တွင် ဝရမ်းမပါဘဲ ဖမ်းဆီးထားသူ တဦးကို မည်သည့် အခြေအနေတွင်မဆို လိုအပ်သည့် အချိန်ထက် ပိုပြီးချုပ်နှောင်မထားရ၊ ရာဇဝတ် တရားသူကြီးတဦး၏ အထူးအမိန့် မရလျှင် ဖမ်းဆီးသည့်နေရာမှ ရဲစခန်း ထိုမှ တဖန် တရားရုံးသို့ သွားရောက်ရမည့်ခရီးအတွက် လိုအပ်သည့်အချိန်ကို နှုတ်ပြီး နှစ်ဆယ့် လေးနာရီထက်မပိုရ။[၂၅] သို့သော်လည်း ၎င်းပြဋ္ဌာန်းချက်ကို လုံးဝလိုက်နာခြင်း မရှိပါ။ တရားလို၊ တရားလိုပြ သက်သေများသည်လည်း တရားရုံးတွင် စစ်ကြောရေးမှ အတင်းဝန်ခံ ထားခိုင်းသော အချက်အလက်များကို အခြေခံပြီး သက်သေ လာရောက်ထွက်ဆိုကြသည်။

ရဲတပ်ဖွဲ့သည် ၎င်းတို့၏အမိန့်များကို မျက်စိမှိတ် လိုက်နာဆောင်ရွက်နေခြင်းသည် စစ်အာဏာရှင်မှ တိုင်းပြည်အတွင်းရှိ စနစ်များအားလုံးကို ဘယ်လိုထိန်းချုပ်ထားကြောင်း ကို ပြသနေသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက စစ်တပ်အောက်၌ လုံးလုံးလျားလျား ကျရောက်နေသော ရဲတပ်ဖွဲ့၏အခန်းကဏ္ဍကို ယခုလိုဖေါ်ပြခဲ့သည်။ "ကျွန်တော့်ရှေ့နေက တရားလိုဘက်က ထွက်ဆိုတဲ့ မျက်မြင်သက်သေတွေကို မေးမြန်းခွင့်ရတော့ ရဲနဲ့ တရားလို တွေက သူတို့ကို စရဖက လာအပ်သွားပြီး အမှုတည်ဆောက်ခိုင်းလို့ သူတို့ တည်ဆောက် တာ၊ သူတို့ ဘာမှမသိပါဘူးဆိုပြီး ပြောတယ်။"[၂၆]

သက်သေခံဥပဒေ ပုဒ်မ ၂၆ အရ ရဲအချုပ်တွင်ပေးသော ဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင်ပေးသော ဖြောင့်ချက်မဟုတ်လျှင် သက်သေအဖြစ် တင်ပြ အသုံးပြု၍မရပါ။[၂၇] သို့သော်လည်း စစ်အာဏာရှင် လက်အောက်ခံတရားရုံးများ သည် ထိုပြဋ္ဌာန်းချက်ကို မသိကျိုးကျွန်ပြုကာ စစ်ကြောရေးတွင် ထွက်ဆိုခဲ့သော ထွက်ဆို ချက်များကို သက်သေခံအဖြစ်အသုံးပြုခဲ့သည်။ တရားလို၊ ရဲသက်သေ၊ အရပ်သား သက်သေများသည် အများအားဖြင့် အမှုအကြောင်းမသိဘဲ ပြစ်ဒဏ်ကျခံစေရန်တရားရုံး တွင် မမှန်ကန်သည့် ထွက်ဆိုချက်များကို လာရောက်ထွက်ဆိုသွားကြသည်ဟု ဖြေကြားသူ အများစုက ပြောကြားခဲ့သည်။

"တရားခွင်မှာ အမှုစစ်က ကျွန်တော်မမြင်ဖူးတဲ့ (ပုဂံ)ရဲစခန်းက(ခေါ်တဲ့) တရားလို ပြသက်သေတွေကို စစ်တယ်။ တရားလိုပြ သက်သေတွေထဲမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး လည်း ပါတယ်။ ကျွန်တော်က အမှတ် ၆ နယ်မြေမှာရှိတဲ့ ကျွန်တော့်အမေအိမ်မှာ အဖမ်းခံရ

တယ်။ အဲ့ချိန်က အုပ်ချုပ်ရေးမှူးက မလုပ်တာလိုလို၊ မလုပ်ရဲတာလိုလိုကာလဖြစ်နေတော့ အမှတ် ၆ နယ်မြေက အုပ်ချုပ်ရေးမှူးကို သူတို့က တရားလို(ပြသက်သေ) ခေါ်လို့မရဘူး။ သက်သေခေါ်တာ သူ (အုပ်ချုပ်ရေးမှူး) မလိုက်တော့ မဆီမဆိုင် မြင်းကပါရွာက အုပ်ချုပ်ရေးမှူးနဲ့ ရပ်ကွက်လူကြီးကို ခေါ်လာတယ်။ ရဲစခန်းမှာ အမှုဖွင့်တော့ ကျွန်တော့်ဖုန်းသိမ်းတဲ့အချိန်မှာ သူတို့ (အုပ်ချုပ်ရေးမှူးနဲ့ ရပ်ကွက်လူကြီး) ရှိပါတယ်ဆိုပြီး သက်သေလက်မှတ်ထိုးပေးတယ်။ အဲဒီတော့ တရားရုံးမှာ စစ်တော့ သူတို့တွေပါတယ်။ သူတို့က ကျွန်တော့်ကို မသိဘူး။ ဖမ်းတုန်းကလည်း သူတို့မပါဘူး။ သက်သက်မဲ့ ထည့်တာ။ (ပုဂံ) ရဲစခန်းက တရားလိုပြသက်သေတွေက စာရွက်ကြီးအရှေ့ချပြီး အဲဒီစာရွက်ထဲက အတိုင်းပဲ ပြောတယ်။"[၂၈]

ထိုကဲ့သို့ မမှန်သက်သေထွက်ဆိုချက်များအပြင် တရားခံများဘက်မှ သက်သေများကို ခေါ်ယူ သက်သေထွက်ဆိုခိုင်းခြင်းများ မပြုလုပ်တော့ဘဲ တရားသူကြီးများမှ တချို့အမှုများတွင် တရားလိုပြသက်သေ ထွက်ဆိုပြီးနောက် အမှုခိုင်မာသည်ဟုဆိုကာ အပြစ်ဒဏ်ပေးခဲ့တာမျိုးကိုလည်း တွေ့ရသည်။ အကယ်၍ တရားခံပြသက်သေများ ထွက်ဆိုခွင့်ရခဲ့သည်ဆိုရင်တောင် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် သူတို့၏အမှုကို အမှန်တကယ်ကာကွယ်ရန်အစား မိသားစုနှင့်တွေ့ဆုံရန် ခေါ်ယူခြင်းသာဖြစ်ခဲ့သည်။

စစ်အုပ်ချုပ်ရေးကြေညာထားသော မြို့နယ် ၆၁ မြို့နယ်[၂၉] တွင် အမှုအားလုံးသည် စစ်ခုံရုံးဖြင့် စစ်ဆေးကြားနာပြီး ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်ယူခွင့်နှင့် ပြန်လည်ဖြေရှင်းတင်ပြခွင့် မရရှိခဲ့ပါ။ ရန်ကုန်၊ မန္တလေးနှင့် ပဲခူး စသည်တို့ရှိ အထူးတရားရုံးများသည် ပုဒ်မ ၅၀၅ - က ကို ထောင်ဒဏ် (၃) နှစ် ပြစ်ဒဏ်ချမှတ်ပြီး စစ်ကိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် (၂) နှစ် တပြေးညီချမှတ်ခဲ့သည်။ စီရင်ချက်ကို ယခုကဲ့သို့ အားလုံးအပေါ်တပြေးညီချမှတ်နေခြင်းသည် တရားသူကြီးများတွင် ကိုယ်ပိုင်စီရင်ဆုံးဖြတ်နိုင်သော အာဏာမရှိဘဲ ကြိုတင်စီစဉ်ဆုံးဖြတ်ထားသော အမိန့်ကို ပြန်လည် ဖတ်ပြနေသလိုပင်ဖြစ်သည်။

စစ်အစိုးရလက်ထက်က နိုင်ငံရေးအကျဉ်းသားများကို တရားရုံးများတွင် အမှုစစ်ဆေးသည့်လုပ်ငန်းစဉ်သည် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တရားရုံးကြားနာခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတကာအသိုင်းအဝန်းကို လှည့်စားရန်အတွက် စစ်အာဏာရှင်က ဆောင်ရွက်နေခြင်းသာဖြစ်သည်။ တရားစီရင်ရေးနှင့် ရဲတပ်ဖွဲ့ကဲ့သို့သော တရားဥပဒေစိုးမိုးရေးအဖွဲ့များသည် စစ်အာဏာရှင်၏ လိမ်လည်လှည့်ဖျားမှုများထဲတွင် ပူးပေါင်းပါဝင်နေကြသည်။ ထိုအခြေအနေကို မြင်တွေ့နေရသော နိုင်ငံရေးအကျဉ်းသားများအဖို့ တရားစီရင်ရေးစနစ်ကို လုံးဝ ယုံကြည်မှု မရှိတော့ပါ။

## ၁.၅ အကျဉ်းထောင်အခြေအနေ

စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းထောင်များသည် နိုင်ငံရေးအကျဉ်းသားများအပေါ် ရက်စက်ကြမ်းကြုပ်စွာနှင့် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းသည့် နေရာများဖြစ်သည်။ အကျဉ်းဦးစီး၏ ရည်မှန်းချက်တွင် အကျင့်စာရိတ္တပြုပြင်ရေး[၃၀] ဟု ထည့်သွင်းဖော်ပြထားသော်လည်း အကျဉ်းထောင်များအတွင်း လည်ပတ်နေသောယန္တရားများကို လေ့လာမည်ဆိုလျှင် အကျင့်ပျက်ခြစားမှုများ ထူပြောစွာဖြင့် စာရိတ္တပျက်စီးနေသည့် နေရာတခုအဖြစ် တွေ့ရသည်။ ရာဇဝတ်မှုများဖြင့် ပြစ်ဒဏ်ပေးခံရသည့်သူများသည် အကျဉ်းထောင်အတွင်းတွင် လည်ပတ်နေသော အုပ်ချုပ်မှုစနစ်ကြောင့် ၎င်းတို့အား ရာဇဝတ်မှုများဆက်လက် ကျူးလွန်တတ်အောင် လေ့ကျင့်ပေးရာနေရာ ဖြစ်သွားသည်။ [၃၁]

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အကျဉ်းထောင်များသည် နိုင်ငံရေးအကျဉ်းသားများအပေါ် အာဏာရှင်၏ ဖိနှိပ်ညှဉ်းပန်းရာ အဓိကယန္တရားဖြစ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများသည် ဖမ်းဆီးခံရပြီးသည်မှစ၍ လွတ်မြောက်လာချိန်အထိ စစ်ကြောရေးကာလတလျှောက် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ကျူးလွန်ခြင်းကို ရင်ဆိုင်ခံစားခဲ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်း ထောင်ဝန်ထမ်းများ၏ ဆိုးရွားသောဆက်ဆံမှုများခံရသည့်အပြင် အကျဉ်းထောင်မှခန့်အပ်ထားသော အကျဉ်းသားအရာရှိများမှတဆင့် လည်း ခြိမ်းခြောက်ငွေကြေးတောင်းခံခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။

အကျဉ်းထောင်ဝန်ထမ်းများသည် အကျဉ်းထောင်အတွင်း ရှာဖွေရေး ပြုလုပ်ချိန်များတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံရေးအကျဉ်းသား/သူများအားလုံးကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ရရှိစေရန်၊ လူ့ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်ကြသည့်အပြင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကိုလည်း ပြုလုပ်ကြသည်။ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများကို အင်းစိန်အကျဉ်းထောင်တွင် အလှည့်ကျဝန်ထမ်းများမှ မည်ကဲ့သို့ ရှာဖွေကြောင်းကို ကိုယ်တိုင်းလည်းကြုံတွေ့ခဲ့ရသည့် အမျိုးသမီးအကျဉ်းသားဟောင်းတဦးမှ အောက်ပါအတိုင်း ရှင်းပြခဲ့သည်။ "ဟိုအဆောင်နဲ့ ဒီအဆောင်သွားတယ်၊ ဆေးရုံသွားမယ်၊ အမှိုက်သွားပစ်တယ်၊ အသွားစစ်မယ်၊ အပြန်စစ်မယ်။ အကုန်ချွတ်ချ (ရတယ်)။ mask ချွတ်၊ ဖင်နှိုက်၊ ဆံပင်စည်းထားလို့ရှိရင်လည်း ဆံညှပ်အကုန်လုပ် (အကုန်ရှာတယ်)။

နားကြား လှန် (ကြည့်တယ်)။ အကျႌ အကုန်နှိုက်တာ။ နှိုက်လို့ အားမရလို့ရှိရင် လှန်ပြဆို အရှက်မရှိတဲ့ ကောင်မတွေက နို့ဝိုင်းလှန်ချပစ်လိုက်ကော။ ဖင်ခေါင်းထဲအထိ လက်ညှိုးနဲ့ နှိုက်တာ။ အရှေ့အပေါက်ထဲတွေ နှိုက်တာ။ ကပ်ခွာပါရင် သွေးလာနေလို့ပါဆိုလည်း မရဘူး ခွာပြရတယ်။"[၃၂]

## ၁.၅.၁ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားချိုးဖောက်မှုများ

အကျဉ်းထောင်များသည် အာဏာရှင်ဖိနှိပ်ရေးယန္တရား၏ အမာခံကျောရိုးဖြစ်သည်။ အကျဉ်းထောင်များသည် နိုင်ငံရေးအကျဉ်းသားများအပေါ် အမြဲမပြတ် စောင့်ကြည့်နေပြီး နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ငွေတောင်းခြင်းများကို ပြုလုပ်ကြသည်။ ထိုကျူးလွန်မှုများကို အကျဉ်းထောင်ဝန်ထမ်းများသာမက ၎င်းတို့ခန့်အပ်ထားသော အကျဉ်းသားအရာရှိများဟုခေါ်ဆိုသည့် အကျဉ်းသားတန်းစီးများ၊ အခန်းလူကြီးများနှင့် အခန်းစာရေးများကပါ ပူးပေါင်းကျူးလွန်ကြသည်။ ၎င်းတို့ကို ဆန့်ကျင်သည့် နိုင်ငံရေးအကျဉ်းသားများကို ရိုက်နှက်ခြင်း၊ သီးသန့် တိုက်ပိတ်ထားခြင်းစသည့် ရက်စက်ပြင်းထန်သည့် ပြစ်ဒဏ်များပေးသည့်အပြင် မိသားစုများနှင့်ဝေးကွာရန် နယ်ဝေးအကျဉ်းထောင်များသို့ ရွှေ့ပြောင်းခြင်းဖြင့် မိသားစုများကိုပါ ထိခိုက်ခံစားရစေသည်။ တချို့ ပြဿနာများတွင် အကျဉ်းထောင်တာဝန်ရှိသူများက အလွန်အကျွံဖိအားသုံးနှိမ်နင်းပြီးနောက် အကျဉ်းထောင် ဥပဒေကို ဆန့်ကျင်၍ ထောင်ဆူပူမှုပြုလုပ်သည်ဆိုသော ခေါင်းစဉ်တပ်လိုက်ခြင်းမျိုးများလည်း တွေ့ရသည်။[၃၃]

၂၀၂၃ ခုနှစ်ဇူလိုင်လမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံရေး အကျဉ်းသားများကို နိုင်ငံအနှံ့အကျဉ်းထောင်များသို့ ပြောင်းရွှေ့အကြိမ်ရေ (၂၀) ပြုလုပ်ခဲ့ပြီး နိုင်/ကျဉ်းများကို အခက်အခဲများဖြစ်ပေါ်စေရန် ပြုလုပ်ခဲ့သည်။[၃၄] အကျဉ်းထောင်များ ရွှေ့ပြောင်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ၎င်းတို့၏ နေရပ်များမှ ဝေးကွာသောနေရာများသို့ ၎င်းတို့၏မိသားစုများကို အသိမပေးဘဲ ရွှေ့ပြောင်းလိုက်ခြင်းဖြင့် အခက်အခဲပိုတွေ့စေရန်နှင့် အကျဉ်းထောင်အတွင်း စည်းရုံး၍ မတရားသည့်လုပ်ရပ်များကို ဆန့်ကျင်မှုပြုလုပ်ရန် ကြိုးပမ်းခြင်းကိုလည်း တားဆီးသည့်သဘောဖြစ်သည်။ ထောင်ပြောင်းခံရသည့် နိုင်ငံရေးအကျဉ်းသားများသည် အခြားအကျဉ်းထောင်

သို့ ရောက်ရှိချိန်တွင် အများအားဖြင့် ပြင်းပြင်းထန်ထန်ရိုက်နှက်ခြင်းကို စတင်ကြုံတွေ့ကြရသည်။ နိုင်ငံရေးအကျဉ်းသူဟောင်းတဦးမှ အကျဉ်းသားများအပေါ် နာမည်ဆိုးဖြင့် ကျော်ကြားသော သာယာဝတီအကျဉ်းထောင်သို့ ပြောင်းရွှေ့ခံရချိန်တွင် သူမကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံကို ယခုလိုရှင်းပြပါသည်။ "ယောကျ်ားတွေကို ယောကျ်ားတွေက ရိုက်တာ။ မိန်းမတွေကျတော့မှ မိန်းမတွေက ရိုက်တာ။ တယောက်ကို သုံးချက်စီ ရိုက်တာ၊ ခေါင်းတွေကိုရိုက်တာ။ အန်တီက ဘာဖြစ်လို့ ရိုက်တာလဲပေါ့၊ ခေါင်းမငုံ့လို့ ရိုက်တယ်လို့ သူတို့ ပြန်ပြောတယ်။ အန်တီ့ကို ဇက်ပိုးတချက်အုပ်ပြီးတော့ တုတ်နဲ့ သုံးချက် ရိုက်တယ်။ အကစမ ယောကျ်ားလျာမတစ်ကောင် ရှိသေးတယ်၊ အဲဒီကောင်မက တခါလာရိုက်တယ်။ နောက်စေ့ကို တုတ်ချွန်နဲ့ ဆောင့်ထိုးတယ်။"[၃၅] နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် တွေ့ဆုံမေးမြန်း မှုများအရ ထိုကဲ့သို့သော ပြုမူဆက်ဆံခံရသည့်ပုံစံမျိုးကို အများစု တွေ့ကြုံခံစားခဲ့ရသည်။ ထိုကဲ့သို့ ရက်စက်ကြမ်းကြုပ်သောလုပ်ရပ်မျိုးကို ပြောင်းရွှေ့လိုက်သည့် အကျဉ်းထောင်မှဝန်ထမ်းများ ကျူးလွန်သည့် ရည်ရွယ်ချက်မှာ သူတို့ကို ကြောက်ရွံ့စေရန်နှင့် ဖိနှိပ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

## ၁.၅.၂ ထောင်ဝင်စာတွေ့ခွင့်နှင့် စာရေးသားဆက်သွယ်ခွင့်

၁၈၉၄ ခုနှစ် အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းထောင်လက်စွဲတို့အရ အကျဉ်းသားအားလုံးသည် ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများနှင့် တွေ့ဆုံဆက်သွယ်ရန် အခွင့်အရေးရှိကြသည်။[၃၆] သို့သော်လည်း ၂၀၂၀ ခုနှစ်တွင် ကိုဗစ်ကပ်ရောဂါ မြန်မာနိုင်ငံတွင် ဖြစ်ပွားလာသည့်အချိန်တွင် ထိုအခွင့်အရေးကို ပိတ်ထားခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ပြန်လည်ဖွင့်ပေးခဲ့သည်။ သို့သော်လည်း ရှေ့နေများအနေဖြင့် အကျဉ်းထောင်တွင် ၎င်းတို့၏အမှုသည်နှင့် တွေ့ဆုံခွင့် မရရှိခဲ့ပါ။[၃၇] အင်တာဗျူးဖြေဆိုသူများ၏ ပြောပြချက်အရ အကျဉ်းသားများအနေဖြင့် မိသားစုထံ တလတကြိမ် စာရေးသားဆက်သွယ်ခွင့်ရရှိသော်လည်း အကျဉ်းသားများရေးသားသည့်စာကို အကျဉ်းထောင်တာဝန်ရှိသူများမှ အလွန်တင်းကြပ်စွာ စစ်ဆေးပြီးမှသာ ခွင့်ပြုသည်။ အကျဉ်းထောင်တာဝန်ရှိသူများသည် နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်လာလျှင် ၎င်းတို့ ဘယ်နေရာ၌ ရှိနေသည်ကို အင်တာဗျူးဖြေဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်းတဦး ပြောကြားသကဲ့သို့ပင် တိတိကျကျ မိသားစုကို ပြောကြားခြင်း မရှိပါ။ "မိသားစုနဲ့ အဆက်အသွယ်မရတော့ သူတို့က သေသွားပြီလို့ ထင်နေတာ။" ကုလသမဂ္ဂ၏ အကျဉ်းသားများအပေါ် ဆက်ဆံရမည့်

အနိမ့်ဆုံး စံနှုန်း (Nelson Mandela Rules) တွင်လည်း အကျဉ်းသားများအနေဖြင့် ၎င်းတို့၏ မိသားစုများနှင့် တွေ့ဆုံဆက်သွယ်ခွင့် ရရှိရမည်[၃၇] ဟု ပြဋ္ဌာန်းထားသော်လည်း စစ်ကောင်စီသည် ထိုပြဋ္ဌာန်းချက်များအားလုံးကို မသိကျိုးကျွံပြု၍ အမြဲတမ်း ချိုးဖောက်လျက်ရှိသည်။

## ၁.၅.၃ အစားအစာနှင့်သောက်သုံးရေ

အကျဉ်းထောင်ထဲတွင်ကျွေးသော အစားအစာများသည် ဝဝလင်လင် ကျွေးခြင်း မဟုတ်ဘဲ မသေရုံတမယ် ကျွေးခြင်းသာဖြစ်ပြီး အဟာရ လုံလောက်စွာလည်း ရရှိခြင်းမရှိဟု ပြောကြားကြသည်။ အစားအသောက်များသည် များသောအားဖြင့် ကျက်အောင်မချက်ထားခြင်း၊ စားလို့မရသော အခြေအနေမျိုးရှိခြင်းနှင့် မကောင်းသောအနံ့များ ထွက်နေတတ်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ ထိုအခြေအနေကို အောက်ပါအတိုင်း ပြောပြသည်။ "တပတ်ကို ငါးရက်ကတော့ ဆန်ပြုတ်ကျွေးတယ်။ အမှန်တော့ ဆန်ပြုတ်နည်းနည်း ပြုတ်ပြီးတော့ အပေါ်က ရေနွေးတွေ ရောထားတာ ဖြစ်နိုင်တယ်။ [...] ညနေပိုင်းမှာတော့ ချဉ်ပေါင်ဟင်းဆိုပေမဲ့လည်း ချဉ်ပေါင်ရွက်ကို ရေနွေးနဲ့ပြုတ်ထားပြီး အချိုမှုန့်လေး ဆားလေး ခပ်ထားတဲ့ဟာမျိုးပေါ့။"[၃၉]

ညနေပိုင်းများတွင် အနံ့ထွက်နေသော အသားတုံးတတုံး ပုံမှန်ပေးသော်လည်း တယောက်စာအတွက်ပင် လုံလောက်မှုမရှိပါ။ အစားအသောက်အတွက် ငွေကြေးတတ်နိုင်သောသူများသည် အကျဉ်းထောင်နှင့် ဝန်ထမ်းများ၏အခြေအနေအပေါ် မူတည်၍ အိမ်မှ ပို့ပေးသော ထောင်ဝင်စာထုတ် သို့မဟုတ် အကျဉ်းထောင်မှရောင်းချသော အစားအသောက်များကို ဝယ်ယူစားသောက်ခြင်းစသည်တို့အပေါ်တွင် မှီခိုနေရသည်။

အကျဉ်းထောင်ထဲတွင် ရေသန့်စက်ရှိသည်ဆိုသော်လည်း သူတို့အနေဖြင့် သောက်ရေသန့်ကို ပုံမှန်လုံလောက်အောင် မရရှိခဲ့ပါဟု ဖြေကြားသူအများစုက ပြောကြားသည်။ အထူးသဖြင့် လျှပ်စစ်မီးက ခဏခဏပျက်တတ်သည့်အတွက် အကျဉ်းသားများ အနေဖြင့် ရိုးရိုးရေကိုပဲ သောက်ခဲ့ရသည်။

တိုက်ပွဲ

## ၁.၅.၄ တကိုယ်ရည်သန့်ရှင်းရေးနှင့် နေထိုင်ရမှုအခြေအနေ

မြန်မာနိုင်ငံရှိအကျဉ်းထောင်များ အထူးသဖြင့် အင်းစိန်အကျဉ်းထောင်သည် လူပြည့်ကျပ်လျက်ရှိသည်။ အကျဉ်းသား/အချုပ်သားများကို ဖိအားပေး၍ ကြပ်ကြပ် သိပ်သိပ် အိပ်ခိုင်းပြီး တချို့အချိန်များတွင် တယောက်အပေါ်တယောက် ထပ်ပြီးအိပ်ခဲ့ရ သည်။

နေရာလုံလောက်မှုမရှိခြင်းနှင့် အကျဉ်းထောင်များတွင် လူများပြည့်ကျပ်သိပ်နေ ခြင်းကြောင့် အကျဉ်းထောင်အတွင်းတွင် သန့်ရှင်းမှု လုံးဝမရှိပါ။ အင်တာဗျူးဖြေဆိုသူများ က သူတို့နေထိုင်ခဲ့ကြရသည့် အကျဉ်းထောင်အားလုံးတွင် ရေလောင်းအိမ်သာများ ရှိသော် လည်း အကျဉ်းသားအရေအတွက်နှင့် မမျှတသဖြင့် မိလ္လာစနစ်မှာ သန့်ရှင်းမှုအားနည်း သလို ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပါသည်။ အိမ်သာများမှာ လုံခြုံစိတ်ချ ရမှုနှင့် သီးသန့်မရှိခြင်းတို့ကြောင့် အကျဉ်းသားများအတွက် စိတ်အနှောက်အယှက်ဖြစ်ပေါ် စေပြီး အထူးသဖြင့် အမျိုးသမီးအကျဉ်းသူများသည် ရက်အတော်ကြာကြာ အိမ်သာမတက် ခြင်းကြောင့် ကျန်းမာရေးကိုပါ ထိခိုက်စေသည်။

"အိမ်သာက အပြင်မှာ။ အားလုံး ၁၀ လုံးလောက်တော့ ရှိတယ်။ ဒါပေမဲ့ အဆင်မပြေပါဘူး။ ညစ်ပတ်ပြီးတော့ အောက်မှာက သူတို့ကတစ်ပိုင်းပြတ်လေးတွေကို။ ကျွန်မတို့က သွားပြီ ဆိုလို့ရှိရင် အပေါ်ထပ်က ကြည့်လို့ရှိရင် အတိုင်းသား မြင်နေရတာ။ ကျွန်မဆိုရင် အဲ့မှာ မသွားခဲ့ဘူး။ မသွားခဲ့ဘူးဆိုတော့ ကျွန်မဆိုရင် အထဲမှာဘာဖြစ်လာလဲဆိုတော့ ဝမ်းချုပ်တဲ့ ရောဂါဖြစ်တာ။ ဘာဖြစ်လို့လဲဆိုတော့ တပတ်လောက်နေမှ သွားချင်ရင်တောင် မသွားဘဲ နေပါများတော့ လုံးဝ သွားလို့မရတာတွေ ဖြစ်ခဲ့တယ်။"[၄၀]

လုံလောက်ပြီး သန့်ရှင်းသောချိုးရေ မရရှိသဖြင့် အားလုံးမှာ အရေပြားရောဂါ ဖြစ်သော ယားနာအမျိုးမျိုးကို ခံစားခဲ့ကြရသည့်အပြင် လူဦးရေပြည့်ကျပ်နေသည့် အခြေ အနေကလည်း တဦးနှင့်တဦး အလွယ်တကူ ကူးစက်စေသည်။ အတူတူကပ်ပြီး အိပ်ရ တယ်၊ ရေအတူတူချိုးရတယ်၊ ပြီးတော ချိုးပြီးသားရေတွေက ရေကန်ထဲကို ပြန်ကျသွား တတ်တယ်၊ အဲဒီကနေပဲ ပိုးတွေကကူးပြီး ယားနာက ပြန့်သွားတာဟု နိုင်ငံရေးအကျဉ်းသား ဟောင်းတဦးက ရှင်းပြသည်။ ထိုအခြေအနေများသည် အကျဉ်းထောင်အတွင်း ကျပ်ညပ် နေအောင် အကျဉ်းသားများ ထားရှိမှုနှင့်အတူ သန့်ရှင်းမှုနှင့် မိလ္လာစနစ် ကောင်းမွန်မှုမရှိ သည့် အကျဉ်းထောင်၏ ဆိုးဝါးလှသော အခြေအနေကို ပုံဖော်ပြနေပါ သည်။

## ၁.၅.၅ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဆေးဝါးကုသခံယူပိုင်ခွင့်

နိုင်ငံရေးအကျဉ်းသားများသည် စစ်ကြောရေးစခန်းများတွင် နှိပ်စက်ညှဉ်းပန်းခံခဲ့ရပြီး အကျဉ်းထောင်များသို့ ရောက်ရှိချိန်တွင် လုံလောက်သော ကျန်းမာရေးကုသမှု မရရှိခဲ့ပါ။ နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိခဲ့မှုများအတွက် ကုသပေးရန်လိုအပ်သော်လည်း လုံလောက်သောဆေးဝါးကုသမှု မရှိသလို အကျဉ်းထောင်ကျန်းမာရေးဝန်ထမ်းများကလည်း ကောင်းမွန်စွာကုသပေးမှု မရှိခဲ့ပါ။ အကျဉ်းထောင်အတွင်း ကျန်းမာရေးကုသမှုပုံစံမှာ မည်သည့်ရောဂါဖြစ်သည်ကို သေချာစွာဆန်းစစ်လေ့လာခြင်းမျိုးမပြုလုပ်ပဲ တပုံစံထဲ ကုသပေးခြင်းမျိုးဖြစ်ပြီး ဥပမာအားဖြင့် ပါရာစီတမော့လို အထွေထွေအသုံးပြုသည့် ဆေးမျိုးသာ ပေးလေ့ရှိသည်။

အင်တာဗျူးဖြေဆိုသူတဦးက သူစစ်ကြောရေးတွင်ရရှိခဲ့သော ဒဏ်ရာများ၏ အခြေအနေနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့သည်။ "စစ်ကြောရေးမှာတုန်းက ကန်ပြီး ရိုက်ထားတော့ သားအိမ်ကိုပါ သွားထိတာ။ အန်တီက သွေးတွေပြိုကျတာ။ အင်းစိန်ထောင်ထဲကော၊ သာယာဝတီထောင်ထဲမှာကော အကြီးအကျယ်ဖြစ်တာ။" သူမကို အကျဉ်းထောင်ကပေးသော ဆေးများက သူမ၏ရောဂါနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် ရောဂါအပေါ် ထိရောက်မှုမရှိခဲ့ပါ။ သူမက ဆက်ပြောပြခဲ့သည်မှာ "ထောင်က ဆေးဝါးကုသမှု ဘာမှမရှိဘူး။ အားဆေးအနီလေးတွေ၊ ပန်းရောင်လေးတွေ ချိုတိုချိုတိုနဲ့ အဲ့ဒါပေးတယ်။ ဂျယ်လမက်လား အဝါလေး၊ နေမကောင်းလည်း အဲ့ဒါပဲ။ ချောင်းဆိုးလည်း အဲ့ဒါပဲ။ နောက်တစ်ခုက diclo ပေးတယ်။" Antacid သည် အပူလောင်ခြင်းကို သက်သာစေရန် အသုံးပြုသည့် ဆေးဝါးဖြစ်သလို Diclofenac သည်နာကျင်ကိုက်ခဲမှု ကို သက်သာစေရန် အသုံးပြုသည့် ဆေးဝါးဖြစ်သောကြောင့် သူမ၏ဒဏ်ရာကို တိုက်ရိုက်ကုသပေးခြင်း မဟုတ်ခဲ့ပါ။

လုံလောက်သောဆေးဝါးကုသမှုမပေးခြင်းကြောင့် ကျန်းမာရေးပြဿနာသည် ပိုမိုဆိုးရွားလာပြီး အသက်သေဆုံးမှုများအထိ ဖြစ်ပွားစေခဲ့သည်။ အင်တာဗျူးဖြေဆိုသူတဦးက သူ ထောင်ဆေးရုံကို ပြသရန်ရောက်ရှိစဉ် ဝမ်းသွားနေသော အခြားနိုင်ငံရေးအကျဉ်းသားတဦးသည် လုံလောက်သော ကျန်မားရေးကုသမှု မရရှိခဲ့သောကြောင့် သေဆုံးသွားခဲ့ကြောင်း ပြောပြခဲ့သည်။[၅၁] အခြားဖြေဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးကလည်း "သူတို့က လူနာ သေကာနီးမှ ထောင်ဆေးရုံကို ပို့ပေးတာ" ဟုပြောသည်။ အခြားဖြေဆိုသူတဦးကလည်း သူနဲ့အတူနေ နိုင်ငံရေးအကျဉ်းသားတဦး ဆေးရုံကို ပို့ပေးခဲ့သော်

လည်း လုံလောက်သော ဆေးဝါးကုသမှု မပြုလုပ်ပေးခဲ့ဟု ပြောကြားသည်။ "ထောင်တွင်း ဆေးခန်းကိုပဲ သွားပြတာ။ ဆေးခန်းက လုံးဝအရေးတယူ ဂရုတစိုက်နဲ့ ကုမပေးတော့ သူ့ဘာသူပဲ ကြိတ်မှိတ်ခံပြီး ညကြီးမှာ ဆုံးသွားတာ"[၄၂] AAPP ၏စာရင်းအရ ၂၀၂၁ခုနှစ်မှ ယနေ့အချိန်အထိ အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၆၄ ဦးသည် အကျဉ်းထောင်များတွင် လုံလောက်သော ဆေးဝါးကုသမှုမရရှိခဲ့သောကြောင့် သေဆုံးခဲ့ရသည်။ သတင်းအချက် အလက်ရရှိနိုင်မှု အကန့်အသတ်အရ အကျဉ်းထောင်ထဲတွင် လုံလောက်သော ကျန်းမာရေး ပြုစုစောင့်ရှောက်မှု မရှိသောကြောင့် သေဆုံးခဲ့သည့် နိုင်ငံရေးအကျဉ်းသား အရေအတွက် သည် မြေပြင်တွင် ယခုအရေအတွက်ထက် များပြားနိုင်ပါသည်။

၁၈၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အကျဉ်းထောင် ဥပဒေ၊ အကျဉ်းထောင်လက်စွဲနှင့် Nelson Mandela Rules [၄၃] ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ စံနှုန်းများတွင် လုံလောက် သော ကျန်းမာရေးပြုစုစောင့်ရှောက်မှု ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း စစ်အာဏာရှင်လက်ထက်တွင် ၎င်းစံချိန်စံညွှန်းများမှာ ဘေးဖယ်ခံထားရ သလို ယခင်အစိုးရလက်ထက်များတွင်လည်း မသိကျိုးကျွံပြုထားခြင်း ခံရသောကြောင့် မလိုလားအပ်ဘဲ အကျဉ်းသားများသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

## ၁.၆ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုနှင့် ငွေကြေးဖြင့် လဲလှယ်အမြတ်ထုတ်မှု များအောက်တွင် ရှင်သန်နေထိုင်ရခြင်း

တရားစီရင်ရေးမဏ္ဍိုင်မှစတင်၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများ လည်ပတ်နေသည့်ပုံစံသည် လုပ်ပိုင်ခွင့်ရှိသူများမှ ၎င်းတို့အကျိုးစီးပွားအတွက် ငွေကြေး အရ ခြိမ်းခြောက်အကြပ်ကိုင် တောင်းဆိုမှုများ ပြုလုပ်နေသော စီးပွားရေးလုပ်ငန်းတခု ဖြစ်နေ သည်။ အင်တာဗျူးဖြေဆိုသူများ၏ ထုတ်ဖော်ပြောကြားချက်များအရ ၎င်းတို့သည် နှစ်ရှည်ပြစ်ဒဏ်ချမှတ်ခံရမှုမှ ရှောင်ရှားရန်၊ ပြစ်ဒဏ်လျှော့ပေါ့ရန်နှင့် အမှုများအား ပိတ်သိမ်းရန်အတွက် ခြိမ်းခြောက်ငွေကြေး အတင်းအကျပ်တောင်းခံမှုများ ကြုံတွေ့ခဲ့ရ သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေတွင်လည်း အချုပ်တရားခံတဦး ကို ရိုက်နှက်ခြင်းနှင့် အချုပ်တရားခံများဆီမှ အဂတိလိုက်စားသောနည်းဖြင့် ငွေကြေး ရယူလျှင် အရေးယူခံရမည်[၄၄] ဟု ဖော်ပြထားသော်လည်း ထိုပြဋ္ဌာန်းချက်များကို လုံးဝ လိုက်နာခြင်း မရှိပေ။ ရန်ကုန်တိုင်းအတွင်းတွင် အဖမ်းဆီးခံရသောအမျိုးသမီးတဦးသည်

သူမ၏ မိသားစုဝင်များ ပိုက်ဆံအမြောက်အများပေးပြီး သူမကိုစွဲဆိုထားသော ပြစ်ဒဏ်များ လျှော့ပေါ့အောင် ဆောင်ရွက်ခဲ့ရသည်ဟု ရှင်းပြသည်။

"အိမ်ကသမီးက တရားရုံးရောက်တော့ မပူနဲ့တဲ့၊ အကုန်ခွာထားတယ်တဲ့။ ၅၀၅-ကပဲ ခေါင်းထဲမှာ ရှိတယ်လို့ မှတ်ထားတဲ့။ [...] (သိန်း) ၈၀၀ လောက်ကုန်သွားတယ်။ အကြွေးတွေကလည်း ရှိတယ်၊ အတိုးတွေက တက်နေတာ။ ဘာမှမရှိတော့ဘူး။ ခြံကွက်တွေ ဘာတွေလည်း ရောင်းလိုက်ရတယ်။ အိမ်တွေဘာတွေ သိမ်းတာတွေတော့ မရှိဘူး။"

ထို့အပြင် နိုင်ငံရေးအကျဉ်းသားများသည် ရဲ သို့မဟုတ် အကျဉ်း ထောင်ဝန်ထမ်းများအား ငွေကြေးအမြောက်အများ ပေးခဲ့ရသည်ဟု ပြောကြသည်။ နိုင်ငံရေးအကျဉ်းသားများ သို့မဟုတ် သူတို့၏ မိသားစုဝင်များက ထိုကဲ့သို့ ငွေကြေးပေးရခြင်းသည် အကျဉ်းထောင်အတွင်း အနည်းငယ်အဆင်ပြေစွာ နေထိုင်ရရေးအတွက် အလဲအလှယ် လုပ်ပေးခဲ့ရခြင်းဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ သို့မဟုတ် ၎င်းတို့၏ မိသားစုများသည် အကျဉ်းထောင်အတွင်း ဝယ်ယူသုံးစွဲရန် (ဥပမာအားဖြင့် အကျဉ်းထောင်အတွင်းရှိ ရေသန့်စက်မှရရှိသော ရေတလီတာ တပုလင်း ကို ၁၀၀ ဖြင့် ဝယ်ယူပြီးသောက်ရခြင်း) အတွက် မိသားစုထံမှ ငွေကြေး ရယူရန် သို့မဟုတ် မိသားစုမှငွေကြေးပို့ပေးခြင်း တို့အတွက် ရဲ သို့မဟုတ် ထောင်ဝန်ထမ်းများကို အပိုဆောင်းငွေကို ပေးဆောင်ရန် လိုအပ်သည်။ ငွေကြေးတတ်နိုင်သူများဆီမှ ငွေကြေးရယူ၍ အလုပ်မလုပ်ရအောင် ဆောင်ရွက်ပေးခြင်း၊ ဆေးဝါးရယူနိုင်ခွင့်နှင့် အခြေခံစားစရာနှင့် သောက်ရေရနိုင်အောင်အတွက် ဆောင်ရွက်ပေးခြင်းများပြုလုပ်ကြသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးကထဲက နိုင်ငံရေးအကျဉ်းသားများ အနေဖြင့် မတရားဖမ်းဆီးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ခံစားရသည်သာမက ၎င်းတို့၏ ပိုင်ဆိုင်မှုများကို မတရားသိမ်းယူခြင်းနှင့် တရားမဝင်ငွေကြေးပေးကမ်းရ ခြင်းများလည်း တွေ့ကြုံခဲ့ရသည်။ ရှင်ကျန်သူများအတွက် အကျဉ်းထောင်များအတွင်း၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ရက်စက်ကြမ်းကြုတ်မှုများသည် အလွန်ကျယ်ပြန့်သဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ကျန်ရှိသည့် ဘဝတလျှောက်လုံးတွင် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများနှင့်အတူ စိတ်ဒဏ်ရာများဖြင့် အသက်ရှင် နေထိုင်ကြရသည်။

# အခန်း (၂)

# လွတ်မြောက်ပြီးနောက်ကြုံတွေ့ရမှုများ

မြန်မာနိုင်ငံ၏ ပြစ်ဒဏ်ပေးမှုစနစ်အရ ဖမ်းဆီးခံရသောနိုင်ငံရေးအကျဉ်းသားတိုင်းမှာ ၎င်းတို့၏ ပြန်လည်လွတ်မြောက်မှုသည် လွတ်လပ်စွာခံစားရမှုကို မဖြစ်ပေါ်စေဘဲ တစ်ဦးချင်းနှင့် မိသားစုအပေါ် ရှုပ်ထွေးသောအကျိုးဆက်များ ဆက်လက်သက်ရောက်ပါသည်။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ပြီးနောက် တွေ့ကြုံခံစားရသည့် အခြေအနေများသည် 'သာမန်' အကျဉ်းသားများနှင့် နှိုင်းယှဉ်လျှင် ကွဲပြားသည့် ပုံစံများကို တွေ့ရပါသည်။

ဤအခန်းတွင် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာအတားအဆီးဖြစ်သော အကျဉ်းထောင်နံရံများနောက်မှ ကန့်သတ်ချက်များဖြင့် လွတ်မြောက်လာသော်လည်း နိုင်ငံရေးတွင် လွတ်လပ်စွာပါဝင်လှုပ်ရှားနိုင်မှုကို ထိခိုက်စေခဲ့သည့်အပြင် မွေးရာပါလူ့အခွင့်အရေးကိုပါ ကန့်သတ်ပိတ်ပင်ခံရသလိုဖြစ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများအနေဖြင့် လွတ်မြောက်ပြီးနောက်ပိုင်းတွင် ၎င်းတို့သာမက မိသားစုဝင်များပါ ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ စောင့်ကြည့်ခြင်းခံနေရသလို ပတ်ဝန်းကျင်မှ ပစ်ပယ်ထားအောင်လည်း ပြုလုပ်ခြင်းခံခဲ့ရသည်။ ဆုံးရှုံးမှုများစွာနှင့်အတူ ၎င်းတို့အတွက် လုံခြုံစိတ်ချစွာနေထိုင်ရန် နေစရာလည်း မရှိတော့သည်ကို တွေ့ကြုံရင်ဆိုင်ခဲ့ရသည့်အကြောင်းများအား ရေးသားဖော်ပြထားပါသည်။

## ၂.၁ အကြွင်းမဲ့ လွတ်မြောက်မှု မဟုတ်ခဲ့ခြင်း

နိုင်ငံရေးအကျဉ်းသားများသည် ယေဘူရအားဖြင့် အခြေအနေ (၃) မျိုးဖြင့် လွတ်မြောက်ခဲ့ကြသည်။

(၁) တရားလိုမှ အမှုပိတ်သိမ်း၍ လွတ်မြောက်လာခြင်း

(၂) ချမှတ်ခံရသည့် ပြစ်ဒဏ်မပြီးဆုံးခင် ပြန်လည်လွတ်မြောက်လာခြင်းနှင့်

(၃) ပြစ်ဒဏ်အားလုံး ကျခံပြီးနောက် လွတ်မြောက်လာခြင်းတို့ဖြစ်သည်။

ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများထဲတွင် စစ်ကြောရေးပြီးဆုံးပြီးနောက် လွတ်မြောက်လာသူတဦးနှင့် အကျဉ်းထောင်နှင့် လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းတို့မှ ထွက်ပြေးလွတ်မြောက်လာသူ နှစ်ဦးလည်း ပါဝင်ပါသည်။ သို့သော်လည်း ၎င်းဖြစ်ရပ်မျိုးသည် အလွန်ရှားပါးသော ဖြစ်ရပ်များဖြစ်ပါသည်။

အင်တာဗျူးဖြေဆိုသူများ၏ အမြင်မှာ သူတို့၏ လွတ်မြောက်မှုများသည် အစစ်အမှန် လွတ်မြောက်ခြင်းမျိုးမဟုတ်ဘဲ အထူးစည်းကမ်းသတ်မှတ်ချက်များဖြင့် ၎င်းတို့၏ လွတ်လပ်မှုအခွင့်အရေးများအား ကန့်သတ်ထားသည်ဟု ပြောဆိုပါသည်။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်သည့်အချိန်တွင် အစိုးရကို နောက်တကြိမ် မဆန့်ကျင်ပါဆိုသော အချက်နှင့် အပြင်တွင် ကောင်းမွန်စွာနေထိုင်ပါမည်ဟု ခံဝန်လက်မှတ် ရေးထိုးခဲ့ကြရသည်။ အကယ်၍ သူတို့အနေဖြင့် နောက်တကြိမ် ပြစ်မှုကျူးလွန်ခဲ့လျှင် ထိုပြစ်မှု၏ ပြစ်ဒဏ်သာမက ကျန်ရှိပြစ်ဒဏ်ကိုပါ တပေါင်းတည်း ပြန်လည်ကျခံရမည်ဆိုသည်ကို လက်မှတ် ထိုးခဲ့ရသည့်စာရွက်တွင် ရေးသားထားသည်။[၄၅] အင်တာဗျူးဖြေဆိုသူတဦးကတော့ သူလွတ်မြောက်ချိန်တွင် စာရွက်ပေါ်မှာ လက်မှတ်ထိုးခဲ့ရသော်လည်း ဘာတွေရေးထားသည်ကို ဖတ်ခွင့်မရခဲ့ဟု ပြောခဲ့သောကြောင့် မည်သည့်အကြောင်းအရာကို မည်သည့်အတွက်ကြောင့် လက်မှတ်ထိုးဖို့ လိုအပ်ကြောင်းကို သိရှိအောင် ပြောကြားခြင်းမရှိသည်မှာ သိသာထင်ရှားသည်။[၄၆]

သို့သော်လည်း အတင်းအကြပ် လက်မှတ်ထိုးခိုင်းခြင်းသည် ထောင်အာဏာပိုင်များ၏ မတရားသောလုပ်ရပ်တစ်ခုဖြစ်ပြီး ကတိပြုလက်မှတ် ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများအားလုံးသည် ကန့်သတ်ထိန်းချုပ်

မှုများအောက်တွင် နေထိုင်အသက်ရှင်ရအောင် သတ်မှတ်ပြဋ္ဌာန်းလိုက်သည့်သဘော လုပ်ဆောင်ထားခြင်းဖြစ်သည်။

ဥပမာအားဖြင့် အကျဉ်းထောင်များမှ အမြောက်အများစုပေါင်း၍ လွှတ်လိုက်သည့်အချိန်တွင် သတ်မှတ်ချက် ကတိဝန်ခံချက်များကို အထူးအသုံးပြုကြသည်။ အကျဉ်းထောင်များမှ ပြစ်ဒဏ်ရက်မစေ့မီ လွှတ်ပေးခြင်း၊ သို့မဟုတ် လွတ်ငြိမ်းသက်သာပေး၍ လွှတ်ပေးခြင်းတို့သည် အာဏာရှင်၏ ပုံမှန်လုပ်ရိုးလုပ်စဉ် နည်းလမ်းတခုဖြစ်ပြီး ဥပမာအားဖြင့် လွှပ်လပ်ရေးနေ့ကဲ့သို့သော နေ့ထူးနေ့မြတ်များတွင် အကျဉ်းသားအများအပြားကို လွှတ်ပေးလေ့ရှိသည်။ ထိုကဲ့သို့လွှတ်ပေးရာတွင် အာဏာရှင်သည် နိုင်ငံရေးစိတ်ဆန္ဒကြောင့် မဟုတ်ဘဲ စစ်အာဏာရှင်ကို နိုင်ငံတကာအသိုင်းအဝန်းက တရားဝင်အသိအမှတ်ပြုရန် လှည့်စားလုပ်ဆောင်ခြင်းသာဖြစ်သည်။ AAPP မှ အင်တာဗျူးပြုလုပ်ခဲ့သော နိုင်/ကျဉ်းဟောင်း (၃၀) ဦးတွင် (၆) ဦးသည် အကျဉ်းသားအများအပြားလွှတ်သည့်နေ့တွင် ၎င်းတို့၏ အမှုများကိုပိတ်၍ ပြန်လည်လွှတ်ပေးခြင်းခံရသူများဖြစ်သည်။ ထိုနည်းလမ်းဖြင့် လွတ်မြောက်ခဲ့သော အင်တာဗျူးဖြေဆိုသူများအားလုံးသည် ၎င်းတို့ပြစ်ဒဏ်မစေ့မီ လွတ်မြောက်သည့်အချိန်တွင် သတ်မှတ်ချက်များရေးထားသော ကတိဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့ရသည်။

အင်တာဗျူးခဲ့သောသူများ ပြောကြားချက်များနှင့် AAPP ၏ မှတ်တမ်းဌာနမှ မှတ်တမ်းများအရ ထိုကဲ့သို့ အကျဉ်းသားအမြောက်အများ လွှတ်ပေးသည့်အချိန်တွင် နိုင်ငံရေးအကျဉ်းသားမဟုတ်သူမှာ အများစုဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားမှာ အနည်းငယ်သာ ပါဝင်သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း ထိုကဲ့သို့ ပြစ်ဒဏ်မစေ့မီ အကျဉ်းသားအများအပြားလွှတ်ပေးခဲ့သည့် အကြိမ်ရေမှာ ၁၅ ကြိမ်ရှိပြီး ပြစ်ဒဏ်လျှော့ပေါ့ခြင်း အမှုပိတ်သိမ်းခြင်းစသည်တို့ဖြင့် အကျဉ်းသားစုစုပေါင်း ၁၀၀,၅၅၁ ဦးကိုလွှတ်ပေးခဲ့သည်။ ထိုအရေအတွက်ထဲတွင် နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၆,၁၆၀ ဦးသာပါဝင်သည်။[၄၇] ထိုကဲ့သို့ ပြစ်ဒဏ်ရက်မစေ့မီ လွှတ်ပေးခဲ့သော နိုင်ငံရေးအကျဉ်းသားများသည် အများအား ဖြင့် ပြစ်ဒဏ် (၃) နှစ်ကျခံရသူများဖြစ်ပြီး လွှတ်ပေးချိန်တွင် ပုံမှန်အတိုင်း ၎င်းတို့ကျခံရမည့်ပြစ်ဒဏ် နှစ်ပြည့်ရောက်လုနီးပါးအချိန် ရောက်နေသူများဖြစ်သည်။ AAPP မှတ်တမ်းဌာန၏ မှတ်တမ်းများအရ ထိုကဲ့သို့ အကျဉ်းသားအများအပြားလွှတ်ပေးချိန်တွင် လွတ်မြောက်ခဲ့သည့် နိုင်ငံရေးအကျဉ်းသားများထဲမှ တချို့သည် အကျဉ်းထောင်တံခါးဝတွင်ပင် ပြန်လည် အဖမ်းခံရသည်ကို သိရှိရသည်။[၄၈]

## ၂.၁.၁. ငွေကြေးခြိမ်းခြောက်တောင်းခံပြီး အမှုပိတ်သိမ်းခြင်း

ယခင်ဖော်ပြထားသော ခြိမ်းခြောက်အကျပ်ကိုင် ငွေကြေးတောင်းခံခြင်းသည် အမျိုးမျိုးသောအခြေအနေများတွင် ပါဝင်သကဲ့သို့ အမှုပိတ်သိမ်းသည့် လုပ်ငန်းစဉ်တွင်လည်း ပါဝင်နေသည်။ တရားလိုမှ အမှုကိုပိတ်သိမ်းရန်အတွက် အလဲအလှယ်အဖြစ် မိသားစု သို့မဟုတ် မိတ်ဆွေများမှ ငွေကြေးအများအပြားပေးရသည်များလည်းရှိသည်။ အင်တာဗျူးဖြေဆိုသူတဦးကမူ သူမ၏မိသားစုက ငွေကြေးမြောက်မြားစွာကို အာဏာပိုင်များသို့ ပေးခဲ့ရပြီး ထိုကဲ့သို့သာ မပေးနိုင်ပါက သူမ၏အမှုကို ပိတ်ပေးမည်ဟု မထင်ကြောင်း မှတ်ချက်ပြုခဲ့သည်။[၄၉]

အခြားအင်တာဗျူးဖြေဆိုသူတဦးကလည်း သူမအဖမ်းခံရပြီး အကျဉ်းထောင်ထဲတွင် ရှိနေစဉ်ကာလတွင် ခင်ပွန်းဖြစ်သူသည် သူမ လွတ်မြောက်ရေးအတွက် များစွာ အနစ်နာခံလုပ်ဆောင်ခဲ့ရသလို ငွေကြေးလည်း အမြောက်အများသုံးစွဲခဲ့ရကြောင်း ရှင်းပြခဲ့သည်။ "ကျွန်မ ယောကျ်ားက သူတို့ရဲ့ကျွန် လက်အောက်ခံဖြစ်နေတဲ့အတွက် သူ့မျက်နှာနဲ့ပဲ ကျွန်မကို လွှတ်ပေးလိုက်တယ်လို့ ကျွန်မကတော့ ခံစားရတယ်။"[၅၀] ဟုလည်း သူမ ယုံကြည်နေသည်ကို ရှင်းပြသည်။ ခင်ပွန်းဖြစ်သူသည် သူမအတွက် ရှေ့နေကို ငွေကြေးအမြောက်အများဖြင့် ငှားရမ်းခဲ့သော်လည်း ရှေ့နေမှာ သူမ လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါ။ အင်တာဗျူးဖြေဆိုသူတယောက်ကမူ ပိုက်ဆံပေးခဲ့ရသော်လည်း သူ မလွတ်ကြောင်းကို ပြောကြားရင်း ရဲများက ပိုက်ဆံသာတောင်းသော်လည်း လွတ်မြောက်အောင် လုပ်ပေးနိုင်စွမ်းမရှိကြောင်းကို ပြောပြသည်။[၅၁]

## ၂.၁.၂ မသေချာ မရေရာမှုများနှင့်အတူ လွတ်မြောက်ခြင်း

အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းထောင်လက်စွဲတို့တွင် ပြစ်ဒဏ်ကျခံနေစဉ် ရရှိရမည့် လျှော့ရက်များ[၅၂] ကို ပြဋ္ဌာန်းထားသော်လည်း နိုင်ငံရေး အကျဉ်းသားများအနေဖြင့် ထိုပြဋ္ဌာန်းချက်အတိုင်း ခံစားခွင့်မရပါ။ ဖြစ်စဉ်အများစုတွင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်မည့်ရက်ကို အကျဉ်းထောင်အာဏာပိုင်များမှ ကြိုတင်ပြောလေ့မရှိသောကြောင့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် မိသားစုသည် လွတ်မြောက်မည့်အချိန်ကို ကြိုတင်၍ မသိနိုင်ကြပါ။ ၎င်းတို့လွတ်မြောက်မည့်ရက်နှင့် ပတ်သက်၍ အကျဉ်းထောင်အနေဖြင့် ရှင်းရှင်းလင်းလင်း ပြောပြလေ့မရှိကြောင်း တွေ့ရသည်။

တိုက်ပွဲ

လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားတဦးက သူ လွတ်မြောက်မည့်ရက်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ရပုံကို ရှင်းပြခဲ့သည်။ သူသည် မည်သည့်ရက်တွင် လွတ်မည် ဆိုသည့်အကြောင်းကို သူ၏မိသားစုထံ သူမလွတ်မီ စာရေးပြီး သူ့ကို အကျဉ်းထောင်တွင် လာကြိုရန် အကြောင်းကြားခဲ့သည်။ သို့သော်လည်း လွတ်မြောက်ရမည့်နေ့ ရောက်သည့် အချိန်တွင် မလွတ်သောကြောင့် သူ့အနေဖြင့် လွတ်ရက်တွက်တာများ မှားလေသလား ဆိုတာမျိုး ဖြစ်ခဲ့သည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး သူက ယခုလိုရှင်းပြခဲ့သည်။

"ကျနော် နှစ်ရက်၊ သုံးရက် ထပ်စောင့်တယ်။ ပိတ်ရက်ဘာညာ ခံနေလို့နေမှာဆိုပြီး ကျွန်တော်ထပ်စောင့်တယ် မလွတ်ဘူး။" ပြီးတော့ "ကိုယ့်ထက်တောင်ကို နောက်မှရောက်တဲ့ လူတွေက လွတ်ကုန်ရော။ ကျနော်က အကျဉ်းထောင်ထဲမှာကျန်ခဲ့တယ်။"

တစ်ပတ်လောက်စောင့်ပြီးမှ အဆောင်မှူးကို သွားမေးကြည့်သောအခါ ကြည့်ပေးမယ်လို့ အာမခံပေမယ့် ဘာသတင်းမှ မရခဲ့ဘူး။ နောက်ဆုံးတော့ သူ အမှန်တကယ် လွတ်မြောက်ရမည့်ရက်ထက် ၁၀ ရက်ကျော် ပြီးမှ ပြန်လွတ်လာခဲ့တယ်။[၅၃]

## ၂.၂ နိုင်ငံရေးအကျဉ်းသားတို့၏ အိမ်အပြန်လမ်း

လွတ်မြောက်ပြီးနောက် နိုင်ငံရေးအကျဉ်းသားတို့၏ အိမ်အပြန်လမ်းသည် စိန်ခေါ်မှုများစွာဖြင့် တွေ့ကြုံခဲ့ရသည်။ လွတ်ရက်သေချာစွာ မသိရခြင်းသည် အိမ်အပြန်လမ်း အတွက် အခက်အခဲများစွာ တွေ့ရှိခဲ့သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ သူ့မိသားစုက သူ့ကို မည်သည့်အတွက်ကြောင့် ထောင်သို့ လာရောက်ကြိုဆိုနိုင်ခြင်းမရှိသည်ကို ယခုလိုပြောပြသည်။ "အိမ်ကလူတွေကလည်း ကျွန်တော်လွတ်မဲ့ရက်ကို စောင့်နေတယ်။ ဒါပေမဲ့ ကျွန်တော့်အိမ်က ကျွန်တော်လွတ်မဲ့ရက်မှာ မလွတ်လာတော့ ဒဂုံမြို့သစ်(အရှေ့)မှာရှိတဲ့အိမ်ကို ငှားပြီးတော့ မြစ်ကြီးနားကို ပြောင်းသွားတယ်။"[၅၄]

နှစ်ရှည်အကျဉ်းချခံထားရသော နိုင်ငံရေးအကျဉ်းသားများသည် လွတ်မြောက်လာပြီးနောက်ပိုင်းတွင် အာဏာပိုင်များ၏ ပံ့ပိုးကူညီမှု၊ ပြန်လည်ထူထောင်ရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများစသည်တို့နှင့်ပတ်သက်၍ မည်သည့် ကူညီပံ့ပိုးပေးမှုမျှ မရှိခဲ့ပါ။ နိုင်ငံရေးအကျဉ်းသားအများစုသည် ပြစ်ဒဏ်ကျခံနေသည့် အချိန်တွင် နေရပ်နှင့်ဝေးလံသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခံရသောကြောင့် ၎င်းတို့ လွတ်မြောက်ချိန်တွင် နေရပ်ပြန်ရန် ခက်ခဲမှုရှိခဲ့သော်လည်း ကိုယ့်ဖာသာကိုယ် နည်းလမ်းရှာ၍ မိသားစုများထံ ပြန်ရန် ဖိအားပေးခံရသလိုမျိုး ကြုံတွေ့ခဲ့ရသည်။

သက်ဆိုင်ရာအာဏာပိုင်များမှ တစုံတရာမစီစဉ်ပေးခဲ့သော်လည်း ဒေသခံပြည်သူများ၊ အခြားမိသားစုများနှင့် မိတ်ဆွေများမှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ နေရပ်သို့ပြန်နိုင်ရန် စီစဉ်ပေးခဲ့ကြသည်။ ရန်ကုန်မြို့တွင် နေထိုင်ပြီး သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတဦးမှ ၎င်း၏အတွေ့အကြုံကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။ "ရန်ကုန်ကို ပို့ပေးမယ့် လာပြီးကူညီတဲ့အဖွဲ့တွေရှိတယ်။ ဘူးဝမှာ လာလုပ်ပေးတဲ့ လူတွေရှိတယ်။ ရန်ကုန်ကလားဆိုပြီးတော့ မေးတယ်၊ လိုက်ထရပ်တစီး ငှားပေးထားတယ်။ ရန်ကုန်ဆိုရင်(ကား)အပေါ်တက်၊ အဲဒီမှာ အစားအသောက်တွေ အကုန် လုပ်ပေးတယ်၊ ပြည်သူတွေက လုပ်ပေးတာ။ သူတို့(ထောင်)က သာယာဝတီကနေ ရန်ကုန်သွားဖို့ လမ်းစရိတ် သုံးထောင်ပဲ ပေးတယ်။"[၇၇]

## ၂.၂.၁ ဆုံးရှုံးခြင်း၊ အထီးကျန်ခြင်း၊ မိသားစုဆက်ဆံရေးများ ပျက်ဆီးခြင်းနှင့် နေစရာ ပျောက်ဆုံးသွားခြင်း

အပြစ်ပေးထောင်ချလိုက်ခြင်းကြောင့် ရေရှည်ထိခိုက်စေနိုင်သော ကျယ်ပြန့်သည့် အကျိုးဆက်များသည် နိုင်ငံရေးအကျဉ်းသားများအတွက်သာမက ၎င်းတို့၏ မိသားစုများကိုပါ နည်းလမ်းပေါင်းစုံဖြင့် သက်ရောက်ခဲ့သည်။ ယခင်စစ်အာဏာရှင်လက်ထက်များတုန်းက မိသားစုများသည် အာဏာရှင်၏ ပစ်မှတ်များအဖြစ် သတ်မှတ်ခြင်း မခံရသော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်က မိသားစုဝင်များကိုပါ ဓားစာခံများအဖြစ် ပစ်မှတ်ထားခဲ့သည်။ ထိုအခြေအနေကြောင့် ကျန်ရှိနေသော မိသားစုဝင်များသည် အမျိုးမျိုးသော ဖိနှိပ်မှုများနှင့် စိန်ခေါ်မှုများစွာကို တွေ့ကြုံခဲ့ရသည်။ သူတို့လွတ်မြောက်ရန်အတွက် အထက်မှာဆိုခဲ့သည့်အတိုင်း အဆင့်ဆင့်သော အခြေအနေများတွင် ငွေကြေးအများအပြားပေးခဲ့ရခြင်း၊ ရှေ့နေများကို အခကြေးငွေပေး၍ ငှားရမ်းခဲ့ရခြင်းနှင့် အိမ်၏ဝင်ငွေအတွက် မှီခိုနေရသောလူတဦး ဆုံးရှုံးခြင်းတို့သည် မိသားစုဝင်များအတွက် ထိခိုက်နစ်နာမှုများဖြစ်ခဲ့ရသည်။ မိသားစုဝင်တဦး အကျဉ်းချခံရမှုကြောင့် အခက်အခဲများကြုံတွေ့နေရသလို နိုင်ငံရေးအကျပ်အတည်းနှင့် စီးပွားရေးပြိုလဲနေမှုတို့ပါ ထပ်ဆင့်သက်ရောက်သွားသောအခါ အကျဉ်းထောင်အသီးသီးမှ နိုင်ငံရေးအကျဉ်းသားများပြန်လည်လွတ်မြောက်လာချိန်တွင် ၎င်းတို့၏ မိသားစုဝင်များ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများသည် အဖမ်းမခံရမီ အချိန်ကနှင့် များစွာ ကွာခြားသွားသည်။

## တိုက်ပွဲ

စစ်အာဏာရှင်သည် ၎င်းကို ဆန့်ကျင်သူများကိုသာမက မိသားစုဝင်များကိုပါ ပစ်မှတ်ထား၍ အခက်အခဲများစွာ ကြုံတွေ့ရန်အတွက် စနစ်တကျ ပြုလုပ်ဆောင်ရွက်နေသည်ကို တွေ့နိုင်သည်။ အကျဉ်းထောင်မှ ထွက်ပြေးခဲ့သည့် နိုင်ငံရေးအကျဉ်းသား (၂) ဦးအမှုတွင် ၎င်းတို့၏ မိသားစုများသည် ၎င်းတို့ထွက်ပြေးလွတ်မြောက်သွားချိန်တွင် မိသားစုဝင်များအပေါ် လာရောက်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သလို စောင့်ကြည့်မှုများပြုလုပ်ပြီး ထွက်ပြေးသွားသော နိုင်ငံရေးအကျဉ်းသားက မိသားစုကို ဆက်သွယ်သလားဆိုတာ မေးမြန်းခြင်းအပြင် "သူပြန်ရောက်လာရင် ငါတို့ ဆီပြန်ပို့ပေး၊ မပို့ရင် နင်ဒုက္ခရောက်မယ်" ဆိုပြီး ခြိမ်းခြောက်ခံခဲ့ရသည်။ ထိုအခြေအနေကြောင့် မိသားစုဝင်များသည် ယခုကဲ့သို့ တကွဲတပြားဆီ နေထိုင်ခဲ့ရသည်။ "အမေလည်းတကွဲ၊ အဖေလည်းတကွဲ အဲ့လိုမျိုး လုပ်ခိုင်းလိုက်တော့တာ" ပြီးတော သူ၏အကိုကိုလည်း အဖမ်းမခံရအောင် ရှောင်ခိုင်းခဲ့ရသည်။ [၅၆]

မိသားစုဝင်များအနေဖြင့်လည်း ၎င်းတို့မိသားစုဝင်တဦး အကျဉ်းကျခြင်း၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် စီးပွားရေးများပျက်ဆီးခြင်းနှင့် ဝင်ငွေဆုံးရှုံးခြင်း၊ မလုံခြုံခြင်းနှင့် မိသားစုအတွင်း ပဋိပက္ခများ ကြုံတွေ့လာရခြင်း၊ စောင့်ကြည့်ခံနေရခြင်းအပြင် တချို့မှာ မိမိတို့၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားများ ထောင်ကျနေစဉ် သို့မဟုတ် လွတ်မြောက်လာပြီးနောက်ပိုင်းတွင် နေရပ်မှ ထွက်ပြေးရသည်အထိ ဖြစ်စေခဲ့သည်။ ထောင်ကျခဲ့ရသည့် အကျိုးဆက်ကြောင့် မိသားစုများနှင့် အဆက်အသွယ်ပြတ်တောက်ပြီး လွတ်မြောက်လာသည့်အချိန်တွင် ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် အခက်အခဲများစွာ ဖြစ်ခဲ့သည်ဟု လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတဦးမှ ပြောပြခဲ့သည်။ "အမျိုးသားကလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ မသိဘူး။ သူနဲ့က လည်း အဆက်အသွယ် မရဘူး။ အဲဒီတော့ လွတ်လာတာကို သူသိလား မသိဘူးလား ကိုယ်လည်းမသိဘူး။" ထိုပြောင်းလဲသွားသော အခြေအနေသည် သူမကို ဘယ်နေရာကို သွားရမှန်းမသိအောင် ဖြစ်ခဲ့ရ သည်။ "သူတို့လင်မယားပိုင်တဲ့ အိမ်တွေဘာတွေလည်း သူတို့ (အမျိုးသားရဲ့ မိသားစုဝင်တွေက) ရောင်းလိုက်ကြတယ်။ ပြီးရင် ကိုယ်တွေရဲ့ပစ္စည်းပစ္စယတွေလည်း ခွဲပြီး ယူလိုက်ကြတယ်။ ဘာတခုမှ ပြန်မရလိုက်ဘူး။ ထွက်လာတော့ ကျမမှာ ဘာမှမရှိတော့ဘူး။"[၅၇] ထိုကဲ့သို့ ပြောင်းလဲသွားသည့် အခြေအနေကြောင့် နိုင်ငံရေးအကျဉ်းသားအများစုသည် မိမိအိမသို့ မပြန်ကြတော့ဘဲ လွတ်မြောက်နယ်မြေ အပါအဝင် အခြားနေရာတခုခု သို့ ရွှေ့ပြောင်းခဲ့ကြရတော့သည်။

နိုင်ငံရေးအကျဉ်းသားတဦးအတွက်မူ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် သူကိုယ်တိုင် အဖမ်းခံရရုံသာမက နေအိမ်အသိမ်းခံရခြင်းနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု

(CDM) တွင် ပါဝင်ခဲ့သည့် ဇနီးဖြစ်သူကိုလည်း စစ်တပ်မှ ဖမ်းဆီးသတ်ဖြတ်ခဲ့ခြင်းစသည့် အကျိုးဆက်များက သူ့အပေါ် အတော်ကလေး ထိခိုက်သက်ရောက်စေခဲ့သည်။ ဇနီးဖြစ်သူ အဖမ်းခံရပြီး အသတ်ခံရသည့်အကြောင်းကိုလည်း လွတ်မြောက်လာပြီးမှသာ သူသိခဲ့ရသည်။

"ကျွန်တော့် အမျိုးသမီးအမည်က --- ။ ကျွန်တော့်အမျိုးသမီးက သူနာပြု(ဆရာမပါ)။ (၂၀၂၁) ၂ လပိုင်း၊ ၁ ရက်နေ့ ကတည်းက (CDM) စဝင်ခဲ့တာ။ ပြီးတော့ (အမျိုးသမီးကို) တောထဲက PDF နဲ့ ပတ်သက်ဆက်နွယ်မှုတွေကြောင့် ဖမ်းတာ။ ၂၀၂၃၊ ၁ လပိုင်းထဲမှာပဲ (အဖမ်းခံရတာ)။ အုတ်ဖိုစစ်ကြောရေး (အုတ်ဖိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး) မှာ ဖမ်းထားတာလို့ ပြောတာပဲ။ [...] ကျွန်တော့် အမျိုးသမီး စစ်ကြောရေးမှာ ရက် ၂၀ ကျော်၊ တစ်လနီးပါးတော့ ကြာမှာပေါ့။ ဖမ်းထားပြီးကာမှ သူဆုံးမဲ့နေ့ (၂၀၂၃) ၂ လပိုင်း၊ ၁၆ ရက်နေ့ကျမှ တောထဲခေါ်သွားပြီး အသတ်ခံရတာ။ ကျွန်တော့်ကို မိသားစုက အသိမပေးတာလည်းပါမယ်။ အဲ့အတွက် သူအဖမ်းခံရတာကို ကျွန်တော်မသိဘူး။ ထောင်ကထွက်တော့ ကျွန်တော့်မှာ နေစရာ အိမ်မရှိတော့ မိဘတွေအိမ်မှာ သွားနေရတာ။ သူတို့ကိုကျတော့ မေးလို့လည်း အဆင်မပြေဘူး။ ကျွန်တော်မရှိတဲ့အချိန်မှာ ကျွန်တော့်အမျိုးသမီးနဲ့ မိဘတွေ ရန်များဖြစ်ထားလားလို့ပဲ ထင်တာ။ ကျွန်တော်က သူငယ်ချင်းကို မေးကြည့်တော့မှ ဒီလိုအကြောင်းဖြစ်တယ်ဆိုတာ ပြောပြတာ။ ကျွန်တော်ထောင်က လွတ်လွတ်ချင်းနေ့ပဲ သိတာ။"[၅၈]

လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် တော်လှန်ရေးတွင် ဆက်လက်ပါဝင်သွားရန် ဆုံးဖြတ်သည့်အချိန်တွင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းနှင့် ထောင်ကျခြင်းတို့၏ အကျိုးဆက်အရ မိသားစုအတွင်းဆက်ဆံရေး မပြေလည်မှု၊ တင်းမာမှုများလည်း ဖြစ်ခဲ့ရသည်။ အင်တာဗျူးဖြေဆိုသူတဦးမှ သူလွတ်မြောက်ပြီးသည့်နောက်ပိုင်း သူ့မိသားစုနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့ရပုံကို ပြန်လည်ပြောပြခဲ့သည်။ သူအနေဖြင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် လွတ်လပ်စွာပါဝင်လှုပ်ရှားလိုသောဆန္ဒနှင့် မိသားစု၏စကား နားထောင် ရမည်ဆိုသော အသိတရားအကြား သူ့ကို ရောက်ရှိစေခဲ့သည်။ ဖခင်ဖြစ်သူသည် ၎င်းအပေါ် မိသားစု၏ ကူညီပံ့ပိုးပေးနေမှုနှင့် ၎င်း၏ အေးချမ်းသာယာစွာ နေထိုင်ရမှု ပျက်ဆီးသွားမှာကို စိုးရိမ်ပူပန်မှုတို့ ရှိသောကြောင့် အုပ်ထိန်းသူတို့ကိုင်စွဲထားသော လုပ်ပိုင်ခွင့်ဖြင့် ခပ်ကြမ်းကြမ်း ကိုင်တွယ်ဆုံးမခဲ့သည်။ "ကျွန်တော် ဆန္ဒပြဖို့ ထွက်လာတဲ့ဟာကို အိမ်က သဘောမတူဘူး။ သဘောမတူဘဲနဲ့ ကျွန်တော် တဇောက်ကမ်း လုပ်ပြီး ထွက်လာတာ။ အဓိကက အဖေရိုက်လိုက်တာ။ အဖေလက်ပါတာ ဒီအသက်အရွယ်

အထိ တခါမှ မခံရဖူးဘူး။" သူ၏ အကျဉ်းထောင်အတွေ့အကြုံနှင့် တော်လှန်ရေးထဲတွင် ပါဝင်ခဲ့သည့်အတွက် ပေးဆပ်မှုများရှိခဲ့သော်လည်း ဆက်လက်ပါဝင်ချင်သည့် ဆန္ဒအရ ပထမပိုင်းမှာ လိမ်ညာပြောဆိုခဲ့သော်လည်း နောက်ဆုံးတွင် သူရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို သူတို့ကိုပြောပြချိန်တွင် သူ့ဖခင်မှ သူ့ကို သားအဖြစ်မှ စွန့်လွှတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ "နောက်ပိုင်းကျတော့ အဖေက လက်လျှော့လိုက်တယ်။ ကျွန်တော် သွားချင်ရင် သူလိုက်ပို့ပေးမယ်ဆိုပြီးတော့ (ပြောတယ်)။ အဖေလက်ခံရင် အိမ်မှာက အကုန်ပြီးပြီ။"၁၉ ဤထူးခြားသော ဥပမာသည် အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှုနှင့် မိသားစုအတွင်း ဖိနှိပ်ချုပ်ချယ်သည့်ဆက်ဆံရေးများ ဖြစ်ပေါ်လာပုံကို နောက်ဆက်တွဲ သရုပ်ဖော်နေသည်။ အစပိုင်းတွင် အင်တာဗျူးဖြေကြားသူ၏ ဖခင်သည် သားဖြစ်သူအပေါ် အကြမ်းဖက်ဖြေရှင်းသော်လည်း နောက်ပိုင်းတွင်း သားဖြစ်သူ၏ နိုင်ငံရေးတက်ကြွမှုကို အသိအမှတ်ပြုပြီး အကူအညီပေးရန် သဘောတူညီမှုသည် စစ်အာဏာရှင်၏ အလွန် ဆိုးဝါးသော ဖိနှိပ်မှုကြောင့် မိသားစုအတွင်း စည်းလုံးညီညွတ်မှုနှင့် ချစ်ခင်မှုကို ပြန်လည် ပြသလိုက်ခြင်းပင်ဖြစ်သည်။

## ၂.၃ ပတ်ဝန်းကျင်၏ ပစ်ပယ်မှု

AAPP မှ အင်တာဗျူးခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ အဖြေများအရ သူတို့လွတ်မြောက်ပြီးနောက်ပိုင်းတွင် မိတ်ဆွေများ၊ အိမ်နီးနားခြင်းများသာမက တချို့သော ဆွေမျိုးသားချင်းများပါ သူတို့နှင့် ဆက်ဆံရန် ကြောက်ရွံ့ခဲ့ကြသည်။ အာဏာရှင်သည် နည်းလမ်းမျိုးစုံဖြင့် သူတို့ကို ဆန့်ကျင်သူများကို ဖိနှိပ်ရုံသာမက မိသားစုများကိုပါ ပူးတွဲ အပြစ်ပေးသည့်ပုံစံကို ကျင့်သုံးကြောင်းပြသခြင်းဖြင့် ပတ်ဝန်းကျင်ကို ကြောက်ရွံ့လာစေရန် ပြုလုပ်သည်ဟု အင်တာဗျူးဖြေဆိုသော နိုင်ငံရေးအကျဉ်းသားများက ရှင်းပြပါသည်။ လူဦးရေနည်းပါးသော နယ်မြို့များတွင် အာဏာပိုင်များ၏ ဖိနှိပ်စောင့်ကြည့်မှုက ပိုမိုဆိုးရွား သည့်အတွက် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ပတ်ဝန်း ကျင်မှ ဆက်ဆံရန် မြို့ကြီးတွင် နေထိုင်သူများထက် ပိုမိုကြောက်ရွံ့ကြသည်။ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်စတွင် ပတ်ဝန်းကျင်မှလူများက ဝမ်းသာအားရကြိုဆိုပြီး

အားပေးစကားများ ပြောကြမှုရှိကြသော်လည်း အချိန်ကြာလာသည့်အချိန်တွင် ၎င်းတို့နှင့် ဆက်ဆံရန်အတွက် စိုးရွံ့လာကြသည်။ စစ်အစိုးရအနေဖြင့် ၎င်းတို့၏ ဗျူဟာတစိတ်တပိုင်း အဖြစ် ပတ်ဝန်းကျင်မှ အကြောက်တရားပေါ်ပေါက်လာရန်နှင့် နိုင်ငံရေးအကျဉ်းသားများ အထီးကျန်လာစေရန် တမင်တကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုဝင်များကို စောင့်ကြည့်ပြီး သတင်း အချက်အလက် စုဆောင်းနေသည်ကို ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းအား သိရှိအောင် လုပ်ပြီး ၎င်းတို့တွင် အကြောက်တရား ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်းသည် စစ်အာဏာ ရှင်၏ အဓိကအသုံးပြုသည့် နည်းလမ်းဖြစ်သည်။ ပါတ်ဝန်းကျင်မှ သူတို့ကို စစ်တပ်မှ စောင့်ကြည့်နေကြောင်း လာရောက်ပြောဆိုခဲ့ကြောင်းကို နိုင်ငံရေးအကျဉ်းသားဟောင်းများ က အင်တာဗျူးတွင် ပြောကြားခဲ့သောကြောင့် ၎င်းတို့၏စောင့်ကြည့်မှုသည် နိုင်ငံရေး အကျဉ်းသားဟောင်းများကိုသာမက ပတ်ဝန်းကျင်ကိုပါ သိရှိအောင် ပြုလုပ်နေသည့်ပုံစံ ဖြစ်သည်။[၆၀] စစ်အာဏာရှင်သည် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများကို ပတ်ဝန်းကျင်လူမှုအသိုင်းအဝန်းတွင် ပြန်လည်ဝင်ဆန့်နိုင်အောင် ဆောင်ရွက်ပေးရမည့် အစား လူမှုအဝန်းအဝိုင်းနှင့် ပိုမိုဝေးကွာသွားအောင် ပြန်လည်နာလန်မထူနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏အာဏာကို အကြောက်တရားဖြင့် ထိန်းချုပ်ရန် နိုင်ငံရေးအရ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသော ဗျူဟာတခုဖြစ်သည်။

အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် သူတို့ကို ပေါင်းသင်းဆက်ဆံရန် ကြောက်ရွံ့စေခြင်းသည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ပြီးနောက်ပိုင်း အတွေ့ အကြုံတွင် အခန်းကဏ္ဍတခုအဖြစ် ပါဝင်နေပြီး ထိုအချက်သည် အကြောက်တရားကို ရေရှည်ဖြစ်ပေါ်စေကာ အားလုံးပျက်ဆီးသွားပြီဆိုသော ခံစားချက်ကို ရရှိစေသည်။ နိုင်ငံရေးအရဆောင်ရွက်မှုများအား ထောင်ချသည့် အမွေဆိုးကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတခုတွင် ရေရှည်သက်ရောက်နေသော အကျိုးဆက်မှာ နိုင်ငံရေးနှင့် ခပ်ကင်းကင်းနေ သော်လည်း သူတို့ ပါဝင်ပတ်သက်နေသည့်အခြေအနေကို သူတို့ကိုယ်တိုင် ပြန်လည် သုံးသပ်ခြင်း၊ စောင့်ကြည့်ခံရခြင်း သို့မဟုတ် ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့နေခြင်း တို့ကြောင့် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများအပေါ် ဆက်ဆံရန် တွန့်ဆုတ် နေတတ် ကြသည်။

# အခန်း(၃)
# လွတ်မြောက်ပြီးနောက် နိုင်ငံအတွင်းရင်ဆိုင်ရမှုများ

နိုင်ငံရေးအကျဉ်းသားများသည် ထောင်မှ လွတ်မြောက်ပြီးနောက် ပြောင်းလဲသွားသော မိသားစုအခြေအနေများနှင့်အတူ ဖမ်းဆီးခံရသည့်ကာလအတွင်း ဆုံးရှုံးသွားသောပိုင်ဆိုင်မှုများအပြင် နိုင်ငံအတွင်း လုံခြုံမှုမရှိတော့သည့်အခြေအနေနှင့် ဖြစ်ပေါ်နေသော စီးပွားရေးအကျပ်အတည်းများက ၎င်းတို့၏ ဘဝကိုပြန်လည်တည်ဆောက်ရာတွင် ကြီးမားသော စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်ခဲ့ရသည်။

ထို့ကဲ့သို့ စီးပွားရေးပိုင်းတွင် ရုန်းကန်နေရသည့်အပြင် ပတ်ဝန်းကျင်မှဆက်ဆံရန် ကြောက်ရွံ့ခြင်းကြောင့် ပစ်ပယ်ခံနေရသည်ဆိုသောအသိနှင့် ၎င်းတို့၏ ဆုံးရှုံးသွားသော အရာအားလုံးအတွက်လည်း  ခံစားရခြင်းတို့သည် ရှိပြီးသား ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများအပေါ် ထပ်မံ ထိခိုက်ခံစားခဲ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုများနှင့် ပြန်လည်ဖမ်းဆီးခံရနိုင်ခြေရှိသော ခြိမ်းခြောက်မှုများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ တည်ငြိမ်ပြီး မိမိကိုယ်တိုင် ပြည့်စုံသောဘဝတခုကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုများကို နှောင့်နှေးစေပြီး လုံခြုံမှုနှင့် ပုံမှန်ဘဝကို ပြန်လည်ရရှိရန် ခက်ခဲစေသည်။ နောက်ဆုံးတွင် ထိုအကြောင်းအရာများကပင် ၎င်းတို့အား နိုင်ငံပြင်ပသို့ တိမ်းရှောင်စေရန် တွန်းအားများဖြစ်ခဲ့သည်။

## ၃.၁ လွတ်မြောက်ပြီးနောက် စီးပွားရေးအခက်အခဲ

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် နိုင်ငံ့စီးပွားရေးကဏ္ဍသည် တနှစ်ထက်တနှစ် ကျဆင်းလာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်းပျောက်ဆုံးလာသည်။

EASTASIAFORUM ၏ ဆောင်းပါးတွင် "မြန်မာနိုင်ငံ၏ တဖြည်းဖြည်းတိုးတက်လာသော စီးပွားရေးအခြေအနေကို ဖေဖော်ဝါရီလမှာ စစ်တပ်၏ အာဏာသိမ်းလိုက်ခြင်းက

ပြောင်းပြန်လှန်ပစ်ပြီး စီးပွားရေးအကျပ်အတည်းထဲသို့ တွန်းပို့လိုက်သည်။"[၆၁] တနိုင်ငံလုံး ထုတ်လုပ်မှုလုပ်ငန်းအများစု ရပ်ဆိုင်းသွားသလို အလုပ်လက်မဲ့နှုန်းက အလွန်မြင့်မားလာခဲ့သည်။ နိုင်ငံအတွင်းရှိ လူလတ်တန်းစားနှင့် ဆင်းရဲသားလူတန်းစားများမှာ အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းရှားပါးလာသည်။

ဖမ်းဆီး ထောင်ချခံရခြင်း၏အကျိုးဆက်ကြောင့် လွတ်မြောက်လာချိန်တွင် ဝင်ငွေ ပုံမှန်ရရှိအောင် ကြိုးစားရသည်မှာ အခက်အခဲများစွာဖြင့် ကြုံတွေ့နေရသည်။ အင်တာဗျူး ဖြေဆိုသူတစ်ဦးက အာဏာသိမ်းမှုမတိုင်ခင် နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် သူမ အလုပ်လုပ် ကိုင်ခဲ့ပုံနှင့် ဝင်ငွေအခြေအနေကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။ "ဝင်ငွေက အထိုက်အလျောက်ကောင်းတယ်။ ကျွန်မမိသားစု ကောင်းကောင်းရပ်တည်နိုင်တယ်"။ သို့သော် အာဏာသိမ်းလိုက်ခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ ပြိုကျပျက်ဆီးသွားသည့် အတွက် နောက်ဆုံး ကုမ္ပဏီက အလုပ်ရပ်နားသွားခဲ့သည်။[၆၂]

အာဏာသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကြားထဲမှပင် ၎င်းတို့၏ ဘဝများ ပြန်လည်တည်ဆောက်ရန်အတွက် ဝင်ငွေရရှိအောင် ကြိုးပမ်းသည့်ကာလတွင် ကြုံတွေ့နေရသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးစားခဲ့ခြင်းသည် ၎င်းတို့၏ ခံနိုင်ရည်စွမ်းကို ဖော်ပြနေပါသည်။ အင်တာဗျူးဖြေဆိုသူတယောက်သည် ၎င်း၏ တံဆိပ် ရိုက်လုပ်ငန်းဆိုင်ကို သူထောင်က ပြန်လည်လွတ်မြောက်ပြီး ငါးလခန့်အကြာတွင် youtube မှ နည်းလမ်းများအား ပြန်လည်ကြည့်ရှု လေ့လာပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော်လည်း အနီးအနားမှာ သေနတ်သံများ မကြာခဏ ကြားနေရခြင်းကြောင့် လူသွား လူလာနည်းပြီး ဆိုင်က ခဏခဏ ပြန်ပိတ်နေခဲ့ရတယ်။ အမြတ်လည်း မရပါဘူးဟု ပြောကြားခဲ့သည်။[၆၃]

လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများသည် နိုင်ငံ၏ ပိုမိုဆိုးရွားလာ သော စီးပွားရေးဆုတ်ယုတ်မှုနှင့်အတူ ၎င်းတို့ ဖမ်းဆီးထောင်ချခံရခြင်း၏ အကျိုးဆက် အဖြစ် အလုပ်အကိုင်အခွင့်အလမ်း ရရှိရန်လည်း ခက်ခဲစေသည်။ နိုင်ငံရေးအကျဉ်းသား အများစုသည် သူတို့၏ ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသလို ၎င်းတို့အထဲမှ တချို့မှာ သူတို့၏ ချစ်ခင်ရသူများ ဆုံးရှုံးခြင်းကိုလည်း ဝမ်းနည်းဖွယ်ရာ ထပ်မံကြုံတွေ့ခဲ့ရသည်။ စစ်တပ်မှ အာဏာသိမ်းလိုက်ခြင်းကြောင့် ယခင်က လုပ်ကိုင်ခဲ့သောအလုပ်အကိုင်များ ရပ်နားလိုက် ခြင်းနှင့် ဖမ်းဆီး ထောင်ချခံလိုက်ရခြင်း၏ တိုက်ရိုက်အကျိုးဆက်ကြောင့် စီးပွားရေး လုပ်ငန်းများ ဆုံးရှုံးခြင်းကို ရင်ဆိုင်ခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားတဦးမှ ထုတ်ဖော်ပြောဆိုသည်မှာ သူ့တွင် ခိုင်မာပြီး အရင်း အနှီးများစွာ ရင်နှီးမြှုပ်နှံထားသည့် BOT (Build, Operate, and Transfer) ကုမ္ပဏီ တခုရှိပြီး လုပ်ငန်းတည်ဆောက်မှု ပြီးပါက ၎င်းမှ ပုံမှန်ဝင်ငွေရဖို့ ရှိနေသည်။ သို့သော်လည်း သူအဖမ်းခံခဲ့ရခြင်းသည် သူ၏လုပ်ငန်းကိုပါ ဖျက်ဆီးလိုက်သလိုဖြစ်သွားပြီး သူ၏ ရင်းနှီး မြှုပ်နှံမှုများ ဆုံးရှုံးသွားကာ "အစကနေပြန်စနေရပြီ"[၆၄] ဟုဆိုသည်။ ဧရာဝတီတိုင်းမှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတဦးကလည်း ၎င်းပြန်လည်လွတ်မြောက်လာ ချိန်တွင် သူများဆီမှ ငွေချေးပြီး စီးပွားရေးလုပ်ငန်းတခုကို စလုပ်ခဲ့သည်။ သို့သော်လည်း ပတ်ဝန်းကျင်မှ သူ့ကို ဆက်ဆံရန် ကြောက်ရွံ့မှုကြောင့် သူ၏စီးပွားရေးမှာ မအောင်မြင်ဘဲ ဆုံးရှုံးခဲ့ရပြီး နောက်ဆုံးတွင် အကြွေးပါတင်သွားကြောင်း ရှင်းပြခဲ့သည်။

တချို့မှာ စီးပွားရေးပြန်လည်လုပ်ကိုင်ရာတွင် အောင်မြင်သည့်တိုင်အောင် ပြန်လည်ဖမ်းဆီးခံရနိုင်သည်ဆိုသော စိုးရိမ်မှုက ၎င်းတို့ကို အမြဲတမ်း ခြိမ်းခြောက်ခံနေရ သည့်အခြေအနေက နောက်ဆုံးတွင် ၎င်းတို့၏ အောင်မြင်နေသောလုပ်ငန်းများကို ရပ်နား ရန် ဖိအားပေးလိုက်သလိုဖြစ်ခဲ့ရသည်။ တချို့နိုင်ငံရေးအကျဉ်းသားများမှာ လွတ်မြောက်ပြီး ရက်ပိုင်းအတွင်းမှာပင် မလုံခြုံသော အခြေအနေနှင့် ကြုံတွေ့ရသောကြောင့် မိမိနေရပ်မှ ထွက်ပြေးခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ လွတ်မြောက်လာပြီးနောက် ၎င်း၏စီးပွားရေးလုပ်ငန်းဖြစ်သော ဓါတ်ပုံရိုက်သည့်လုပ်ငန်းကို မည်သည့်အတွက်ကြောင့် ပြန်မလုပ်နိုင်သည်ကို မျှဝေသည်မှာ တစုံတယောက်က သူ့အကြောင်း သတင်းပြန်ပို့ရင် သူအဖမ်းရနိုင်သည်ဆိုသည့် ကြောက်ရွံ့မှုကြောင့် လွတ်မြောက်ပြီး ၁၀ ရက်သာ မူလနေရပ် တွင် နေထိုင်ခဲ့သည်။ အခြားတွေ့ဆုံမေးမြန်းခဲ့သူ တဦးမှလည်း အောက်ပါအတိုင်း မျှဝေခဲ့ ပါသည်။

"ကျွန်မက ဆိုင်ကယ်အရောင်းအဝယ် အလုပ်ကလေးပြန်လုပ်တယ်။ ပြန်လုပ်တဲ့ အချိန်မှာ တချို့ ကျွန်မအပေါင်းအသင်းတွေ၊ အဝေးကအပေါင်းအသင်းတွေက ပိုပြီးတော့ အားပေးမှုရတယ်။ အရင်ကထက်စာရင် အားပေးကြတယ်။ ကျွန်မ အရင်လုပ်တာထက် ပိုပြီးတော့ အောင်မြင်တယ်။ ဒါပေမဲ့ အဲဒါက ဘယ်လိုမှ ကြာရှည်မခံလိုက်ဘူး။ ကျွန်မကို ပြန်ဖမ်းမယ်ဆိုပြီးတော့ သတင်းထွက်လာတာ။"[၆၅]

စီးပွားရေးဆိုင်ရာ အခက်အခဲပြဿနာများသည် လွတ်မြောက်လာသူများကိုသာ မက ၎င်းတို့ကို မှီခိုနေရသောသူများကိုပါ ထိခိုက်ခံစားခဲ့ရစေသည်။ အထက်၌ ပြောခဲ့

သလိုပင် နိုင်ငံရေးအကျဉ်းသူဟောင်းတဦးမှ ပြောပြသည်မှာ အာဏာမသိမ်းခင်က မိသားစုသည် သူမ၏လစာအပေါ်တွင် မှီခိုနေခဲ့ရသည်။ သူမလွတ်မြောက်ပြီးနောက် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ သို့ပေမဲ့ သားအတွက် မဖြစ်မနေသုံးစွဲရန်လိုအပ်နေသော ကုန်ကျစရိတ်တွေကို သူမ၏ မိဘများက ထောက်ပံ့ခဲ့သည်။ "ကံကောင်းတာတော့ မိသားစုဝင်တွေက အထိုက်အလျောက် ကြည့်ရှုစောင့်ရှောက်ထားခဲ့တယ်။ မိသားစုဝင်တွေမရှိဘဲနဲ့ ကိုယ့်ဟာကိုယ်ရပ်တည်ရမယ်ဆိုရင်တော့ (ကျွန်မတို့) ပုံမှန်အခြေအနေကို ပြန်ရောက်ဖို့ဆိုတာ တော်တော်တော့ မလွယ်တဲ့ကိစ္စပေါ့။"[၆၆] လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများတွင် မိတ်ဆွေအပေါင်းအသင်းများပြားခြင်းသည် ၎င်းတို့ကိုသာမက မိသားစုဝင်များပါ လွတ်မြောက်လာပြီးနောက် အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ရာတွင် အရေးကြီးသော ထောက်ပံ့မှု တခုဖြစ်ခဲ့သည်။

## ၃.၂. ပိုင်ဆိုင်မှုများသိမ်းယူခံရခြင်း

နိုင်ငံရေးအကျဉ်းသားများ ဖမ်းဆီးခံရချိန်တွင် စစ်တပ်သည် မိုဘိုင်းဖုန်းကဲ့သို့သော ပစ္စည်းများအပါအဝင် ဖမ်းဆီးခံရသူတချို့၏ ပိုင်ဆိုင်မှုများကို ဥပဒေမဲ့ တရားလက်လွတ်သိမ်းယူခဲ့ကြသည်။ အင်တာဗျူးမေးမြန်းခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်း (၃၀) ဦးထဲမှ (၅) ဦးသည် ၎င်းတို့၏အိမ်များကို စစ်တပ်က ဥပဒေမဲ့ ချိပ်ပိတ်သိမ်းယူခဲ့ကြသည်။ စစ်တပ်သည် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်သိမ်းယူသည့်အချိန်တွင် ဥပဒေကြောင်းအရ လုပ်ဆောင်ခြင်းမဟုတ်သလို ပိုင်ရှင် သို့မဟုတ် အခြားသက်သေများရှေ့တွင် သိမ်းယူခဲ့ခြင်းမျိုးလည်း မဟုတ်ခဲ့ပါ။ သူတို့သည် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ပြီး မည်သူမျှ ကျူးကျော် ဝင်ရောက်ခြင်း မပြုရသော ဗီနိုင်းပိုစတာတခု ခြံဝမှာချိတ်လိုက်သည်ဟု နိုင်ငံရေးအကျဉ်းသားများက ပြန်လည် ပြောပြသည်။

အိမ်ခြံမြေများ သိမ်းဆည်းခံရမှုသည် လွတ်မြောက်လာပြီးနောက် နိုင်ငံရေးအကျဉ်းသားများ၏ဘဝ ပြန်လည်တည်ဆောက်နိုင်မှုအပေါ် ပြင်းထန်ဆိုးဝါးသော အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။ သူတို့၏ ကိုယ်ပိုင် ပိုင်ဆိုင်သည့် အရာများမရှိတော့သည့်အပြင်

တိုက်ပွဲ

နေစရာအိမ်ပါ မရှိတော့သည့်အတွက် အထောက်အပံ့ရနိုင်ဖို့ ဆွေမျိုးသားချင်းတွေကို ပြန်လည်ဆက်သွယ်ခဲ့ရသည်။ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးနောက် နိုင်ငံရေးအကျဉ်းသားတဦးသည် သူကြုံတွေခဲ့ရသည် အခြေအနေကို အောက်ပါအတိုင်း မျှဝေခဲ့သည်။

"အိမ်ချိပ်ပိတ်ခံရတဲ့အတွက်အခက်ခဲကတော့ အများကြီးပဲ။ ပြောပြဖို့တောင်မှ အဆင်မပြေဘူး။ မိဘတွေရှိနေလို့သာ ခံသာတာ။ ကိုယ့်ဟာကိုယ်ဆိုလို့ရှိရင် ဘယ်သွားတောင်းစားရမှန်းတောင် သိမှာမဟုတ်ဘူး။ ကိုယ့်အတိုင်းသာဆိုလို့ရှိရင် ပြန်လာတဲ့အချိန် ဘာမှ မကျန်ဘဲနဲ့ ကိုး။"[၆၇] အဖမ်းခံရပြီးနောက်စစ်တပ်၏ မတရားသဖြင့် ဥပဒေမဲ့ အိမ်ချိပ်ပိတ်ခံရသူ (၅) ဦး စလုံးသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ပြီး ၎င်းတို့အထဲမှ (၃) ဦးသည် မိသားစုနှင့်အတူ ထွက်ပြေးခဲ့ကြရသည်။ ထိုအခြေအနေသည် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် လွတ်မြောက်ပြီးနောက်ပိုင်းတွင် ငွေကြေးချို့တဲ့မှုကို ရင်ဆိုင်ရရုံသာမက အတည်တကျ နေထိုင်ရန်အတွက်ပါ နေစရာမဲ့သည့် အဖြစ်မျိုးကြုံတွေ့ခဲ့ရသည်။

## ၃.၃ စောင့်ကြည့်ခံရခြင်း၊ မလုံခြုံခြင်းနှင့် ပြန်လည်အဖမ်းခံရမှာကို ကြောက်ရွံ့ခြင်း

ယခုတွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူးများအရ နိုင်ငံရေး အကျဉ်းသားများသည် အကျဉ်းထောင်များမှ မည်သည့်နည်းလမ်းဖြင့်မဆို လွတ်သည်ဖြစ်စေ ၎င်းတို့အိမ်များသို့ ပြန်လည်ရောက်ရှိသည်နှင့်တပြိုင်နက် စစ်တပ်နှင့် ၎င်း၏နောက်လိုက်များ၏ နည်းလမ်းမျိုးစုံဖြင့် စောင့်ကြည့်နေမှုကို ချက်ခြင်းတွေ့ကြုံခဲ့ရသည်။ စစ်တပ်၏စောင့်ကြည့်မှုသည် နိုင်ငံရေးအကျဉ်းသားများသာမက ၎င်းတို့၏မိသားစုဝင်များကိုပါ ခြိမ်းခြောက်သည့် သဘောဖြင့် ပူးတွဲစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။ အင်တာဗျူးဖြေကြားသူ နိုင်ငံရေး အကျဉ်းသားတဦး၏ အဆိုအရ စစ်တပ်နှင့်ပူးပေါင်းဆောင်ရွက်နေကြသော ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများကို အနီးကပ် စောင့်ကြည့်နေသူများဖြစ်သည်။[၆၈]

ဎင်းအခြေအနေသည် လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖို့ ၎င်းတို့၏မူလနေထိုင်ရာ နေအိမ်များတွင်ပြန်လည်နေထိုင်ရန် လုံခြုံမှုမရှိသလို အခြားနေရာ တခုခုတွင်လည်း အခြေချနေထိုင်ရန် ခက်ခဲစေပြီး ရွှေ့ပြောင်းနေထိုင်ရခြင်း ဖြင့် မတည်ငြိမ်သည့်ဘဝကို ရင်ဆိုင်နေကြရသည်။ ပတ်ဝန်းကျင်မှလည်း လွတ်မြောက်လာ သူများ ပြန်လည်အဖမ်းခံရမည်ကို စိုးရိမ်သောကြောင့် အခြားနေရာများသို့ ရွှေ့ပြောင်း နေထိုင်ရန် အကြံပြုကြသည်။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များသည် စစ်တပ်နှင့် ၎င်းနောက်လိုက်များ၏ ပိုမိုစောင့်ကြည့် မှုကိုခံရခြင်း၊ ပြန်လည်ခေါ်ယူ စစ်ဆေးခြင်းများ ကြုံတွေ့ခဲ့သည်။ လတ်တလော လွတ်မြောက်လာသည့် လွှတ်တော်ကိုယ်စားဟောင်းတဦးမှ ၎င်း၏အမနေထိုင်ရာ ရပ်ကွက် မှ အိမ်နီးနားချင်းများက လက်ဖက်ရည်ဆိုင်တွင် အရပ်ဝတ်ဖြင့် သူမကို လာရောက် စောင့်ကြည့်နေသည့်အတွက် အိမ်မှာ ဆက်မနေသင့်ကြောင်း၊ ပြန်အဖမ်းခံရနိုင်သည့် အန္တရယ်ရှိသဖြင့် မစွန့်စားသင့်ကြောင်းကို အမဖြစ်သူကို အသိပေးခဲ့သည်ဟု သူမ ကြုံတွေ့ခဲ့ရသည့် စောင့်ကြည့်ခံရမှု အတွေ့ အကြုံကို ပြန်လည်မျှဝေခဲ့သည်။

မိမိတို့ချစ်ခင်ရသူများ အကျဉ်းကျခံခဲ့ရသည့်အတွက် မိသားစု ဝင်များအနေဖြင့် လည်း ထိုကဲ့သို့ စောင့်ကြည့်ခံရမှုများသည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ဖြစ်စေသည်။ အဖြစ်အပျက်တခုတွင် ရပ်ကွက်လမ်းလူကြီးတဦးသည် လွတ်မြောက်လာသော နိုင်ငံရေး အကျဉ်းသူတဦး၏ အိမ်သို့ရောက်ရှိလာပြီး သူမ၏ ထောင်ထွက်လက်မှတ်ကို မေးမြန်းပြီး ရဲစခန်းမှ နယ်ထိန်းအရာရှိက ရဲစခန်းသို့ လာရောက်ပေးရန် သူ့ကို ပြောခိုင်းသည်ဟု အိမ်တွင် ပြောသည့်အချိန်တွင် သူမကလည်း ထောင်ထွက်လက်မှတ်ကို မပေးနိုင်ဘူး ပြန်ပြောခဲ့သည်။ မိဘများသည် ရဲစခန်းနှင့်ပတ်သက်သည့် အတွေ့အကြုံမရှိသလို ထိုကဲ့သို့ အိမ်ကိုရောက်လာပြီး အနှောက်အယှက်ပေးသည်ကို တကြိမ်တခါမျှ ကြုံဘူးခြင်းမရှိသည့် အတွက် မိသားစုဝင်တွေအနေနဲ့ ဘာတွေဆက်ဖြစ်မည်မှန်းမသိနိုင်သလို ဖြစ်ပေါ်ခံစားရ သည့်အခြေအနေအား အင်တာဗျူးဖြေဆိုသူက ယခုလို ပြောပြခဲ့သည်။ "အမေတို့၊ အဖေတို့ဆိုရင် မျက်နှာငယ်ပြီးတော့ ထိတ်ထိတ်လန့်လန့်နဲ့ ကြောက်ကြတယ်။"[၆၉]

## ဖြစ်ရပ်သာဓက

စစ်အာဏာရှင် အကျဉ်းသားအများအပြား လွှတ်ပေးချိန်တွင် လွတ်မြောက်လာသော ဧရာဝတီတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တဦး၏အဖြစ်အပျက်မှာ လွတ်မြောက်ပြီးနောက်ပိုင်း ဘဝသည် သေချာရေရာမှုမရှိဘဲ ပြန်လည်အဖမ်းခံရနိုင်သည့် အန္တရာယ် အလွန်များပြားကြောင်းကို ပြသနေသည်။ ထိုအဖြစ်သည် သူ့အား တိမ်းရှောင်ပုန်းအောင်းနေရန် တွန်းပို့သလို နောက်ဆုံးတွင် နိုင်ငံမှ ထွက်ပြေးခဲ့ရသည့်အခြေအနေအထိ ရောက်ရှိစေခဲ့သည်။ သူ ပထမအကြိမ် လွတ်မြောက်ချိန်တွင် နောက်တကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ပြစ်ဒဏ်နှစ်ဆဆိုသည့် သတ်မှတ်ချက်ကို ဝန်ခံလက်မှတ်ထိုးခိုင်းပြီး လွှတ်ပေးခဲ့သည်။ ထိုကဲ့သို့ လက်မှတ်ထိုးခိုင်း၍ လွှတ်ပေးပြီးမှ စုစုပေါင်း နောက်ထပ် (၃) ကြိမ် အဖမ်းခံခဲ့ရပြီး ရဲစခန်းတွင် စစ်ဆေးမေးမြန်းပြီးနောက် ပြန်လည်လွှတ်ပေးခြင်းခံခဲ့ရသည်။ သူသည် လွတ်မြောက်ပြီး နောက်ပိုင်းတွင် ရဲသတင်းပေးများ၊ ရာအိမ်မှူးများမှ တောက်လျှောက် စောင့်ကြည့်နေခြင်းကို ခံခဲ့ရသောကြောင့် ဘယ်မှမသွားဘဲ အိမ်မှာပဲ နေခဲ့ရသည်။

အကျဉ်းထောင်မှလွတ်မြောက်ပြီး တလခွဲခန့်အကြာ သူအိမ်မှာနေတဲ့ အချိန်မှာ ပထမအကြိမ် ပြန်လည်ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှာ သူ့အိမ်ကို နယ်ထိန်းအရာရှိနဲ့ ရဲအယောက် ၂၀ကျော် ရောက်လာပြီး လက်ထိပ်ခတ်ခေါ်သွားသည်။ နယ်ထိန်းရုံးရောက်သည့်အချိန်တွင် ခြေထောက်ကိုပါ သံခြေချင်းခတ်ကြသည်။ လာဖမ်းတဲ့သူတွေသည် သူ့ကို ဘာကြောင့်လာဖမ်းရသည်ကို မသိဘဲ အထက်ကဖမ်းခိုင်းလို့ ဖမ်းခြင်းဖြစ်သည်။ သူထောင်မှလွတ်လာပြီးထဲက အိမ်ကနေ ဘယ်ကိုမှ မသွားဘူးဆိုတာကို ပတ်ဝန်းကျင်ကို မေးမြန်းအတည်ပြုချက်ယူပြီးမှ သူ့ကို ပြန်လွှတ်ပေးလိုက်သည်။

ဟသ်ာတ ဘူတာရုံတွင် ဖုံးတွေ့ပြီးနောက် သူကို နောက်တခေါက်လာရောက်ဖမ်းပြီး ရဲစခန်းအချုပ်မှာ တညချုပ်ထားပြီးမှ ပြန်လွှတ်ပေးခဲ့သည်။ အဲဒီနောက်ပိုင်း သူ့ကို ရဲကခေါ်ပြီး ၂ ကြိမ် ထပ်မံစစ်ဆေးခဲ့သည်။ ပထမတကြိမ်က ဆည်မြောင်းရုံးမှာ ဖုံးတွေ့သည့်အချိန်ဖြစ်ပြီး ဒုတိယအကြိမ်ကတော့ သူ၏လုပ်ဖော်ကိုင်ဖက်များ လုပ်ကြံသတ်ဖြတ်မှုတခု ပြုလုပ်ပြီးချိန်မှာဖြစ်သည်။

ထိုကဲ့သို့ အကြိမ်ကြိမ် ပြန်လည်ဖမ်းဆီးစစ်မေးခြင်းနှင့် အဆက်မပြတ် စောင့်ကြည့်နေသည့်ကြားမှပင် သူသည် ထောင်မှ လွတ်မြောက်လာပြီးနောက် ချက်ခြင်းဆိုသလို နိုင်ငံရေးလှုပ်ရှားမှုတွေကို အကြောက်အလန့်ကင်းစွာ ဆက်တိုက်လှုပ်ရှားနေခဲ့သည်။ 'ကျနော်လွတ်မြောက်လာတာနဲ့ တောထဲရောက်တဲ့သူရော၊ အခြားနေရာရောက်နေတဲ့သူတွေနဲ့ရော ဖုန်းနဲ့ချိတ်ဆက်ပြီး နိုင်ငံရေးကို ဆက်လုပ်ဖြစ်တယ်၊ ကျွန်တော် ဟသ်ာတမှာ လူကတော့ အပြင်မထွက်ပေမဲ့ Vinyl ကပ်တယ်၊ လမ်းပေါ် မထွက်ရ Silent သပိတ်တွေကျတော့ ပတ်ဝန်းကျင်မသိအောင် (အပြင်) ထွက်ပြီး စာတွေ လိုက်ကြဲတယ်။ အဲ့လို လှုပ်ရှားမှုလေးတွေ လုပ်တယ်။'

ထောင်က လွတ်မြောက်တဲ့အချိန်တွင် ပတ်ဝန်းကျင်မှ သူ့ကို အဆက်အဆံမလုပ်ဘဲ ဖယ်ကျဉ်ထားသလို ပြုမူ ဆက်ဆံခဲ့သည်။ 'ပတ်ဝန်းကျင် က လူတွေက ကျနော်နဲ့ ကျနော့်မိသားစုကို မပတ်သက်ချင်တဲ့ပုံတွေ့ရတယ်။' ၎င်းအခြေအနေသည် သူ့ကို စဉ်ဆက်မပြတ်စောင့်ကြည့်နေခြင်း၏ အကျိုးဆက်ဖြစ်သလို သူ၏ စစ်အာဏာရှင်အပေါ် ဆန့်ကျင်သည့်နိုင်ငံရေး လုပ်နေသောကြောင့် သူနှင့်ဆက်ဆံရန် သူတို့ကိုယ်တိုင် ကြောက်ရွံ့နေကြခြင်းဖြစ်သည်။

နောက်ဆုံးမှာတော့ သူဘယ်လို ခံနိုင်ရည်ရှိရှိဖြင့် ရင်ဆိုင်နိုင်သည်ဖြစ်စေ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် အစဉ်တစိုက် စောင့်ကြည့်ခံရခြင်းနှင့် အချိန်မရွေး ပြန်လည်ဖမ်းဆီးခံရနိုင်ခြင်းဆိုသော အန္တရယ်တို့ကြောင့် မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ဖို့ရန် မဖြစ်နိုင်ခဲ့ပါ။ ၎င်းအခြေအနေအားလုံးသည် အကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာသော်လည်း စစ်အာဏာရှင်၏ ဆက်လက်စောင့်ကြည့်နေမှု၊ ခြိမ်းခြောက်မှု၊ ရဲစခန်းသို့ခေါ်ယူပြီး စစ်ဆေးမေးမြန်းမှုနှင့် ပြန်လည်ဖမ်းဆီးမှုစသည်တို့သည် အကျဉ်းထောင်စနစ်ထဲမှာ နိုင်ငံရေးအကျဉ်းသားများ လုံးဝလွတ်မြောက်သွားခြင်းမရှိအောင် တုတ်နှောင်ထားသော အခြေခံကျသည့် အချက်များ အဖြစ် ပုံဖော်ညွှန်းဆိုနေပါသည်။[၇၀]

## ၃.၄ ခြိမ်းခြောက်မှုများကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း

AAPP မှ အင်တာဗျူးမေးမြန်းခဲ့သည် နိုင်ငံရေးအကျဉ်းသားဟောင်း အယောက် (၃၀) တွင် (၂၉) ဦးသည် လွတ်မြောက်ပြီးနောက်ပိုင်း မလုံခြုံမှု၊ မရေရာမသေချာမှုနှင့် အခက်အခဲ များစွာတို့ကြောင့် ထိုင်းနိုင်ငံသို့ တိုက်ရိုက်သော်လည်းကောင်း၊ လွတ်မြောက် နယ်မြေများမှတဆင့်သော်လည်းကောင်း ထွက်ပြေးခဲ့ကြရသည်။ မေးမြန်းခဲ့သည့် နိုင်ငံရေး အကျဉ်းသားဟောင်း သုံးပုံတပုံသည် လွတ်မြောက်ပြီး (၁) လအတွင်းနိုင်ငံအတွင်းမှ ထွက်ပြေးခဲ့သည်။ ၎င်းတို့အထဲမှ (၃) ဦးသည် အိမ်ချိပ်ပိတ်ခံခဲ့ရသူများဖြစ်ပြီး မိသားစု တကွဲတပြား ဖြစ်နေသူများလည်းဖြစ်သည်။ ၎င်းတို့လွတ်မြောက်ချိန်တွင် သူတို့၏ မိသားစု များသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးရောက်ရှိနေပြီ ဖြစ်နေသည်။ မြစ်ကြီးနားအကျဉ်းထောင်မှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတဦးပြောဆိုသည်မှာ - သူအဖမ်းခံနေရသည့် အချိန်တွင် သူ့အိမ်ကို စစ်တပ်က အကြမ်းဖက်ဝင်ရောက်စီးနင်းမှုလုပ်ခဲ့သောကြောင့် သူ၏ မိသားစုများမှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးသွားခဲ့ရသည်။ သူလွတ်မြောက်လာချိန်တွင် မိသားစု နှင့် တွေ့ဆုံရန် ထိုင်းနိုင်ငံသို့ သူလည်း ထွက်လာခဲ့ရသည်။ အခြားသူများမှာလည်း စစ်တပ် နှင့် သတင်းပေးများ၏ စောင့်ကြည့်မှုကြောင့် နိုင်ငံအတွင်းမှာ ဆက်လက်နေထိုင်ရန် လုံခြုံမှု မရှိတော့ဟု ခံစားလာရပြီး နောက်ဆုံးတွင် ရွေးချယ်စရာ လမ်းမရှိတော့ဘဲ ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။ မန္တလေးတိုင်းအတွင်းရှိ အကျဉ်းထောင်မှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းတဦးသည် လွတ်မြောက်ပြီး (၁၀) ရက်ခန့်တွင် ထိုင်းနိုင်ငံသို့ တိမ်းရှောင်ခဲ့ရသည်။ "အကြာကြီး မနေရဲဘူး။ ကျွန်တော် ထောင်ကထွက်လာလို့ တိုင်ရင် လည်း သူတို့ ဖမ်းချင် ဖမ်းဦးမှာ။"[၇၁]

အင်တာဗျူးတွင်ပါဝင်သော နိုင်ငံရေးအကျဉ်းသားဟောင်းတဦးကလည်း ယခုလို ပြောဆိုခဲ့သည်။ "လွတ်မြောက်ပြီးတော့ ကျွန်တော့်ခံစားချက်က ကျွန်တော့်နိုင်ငံကို စွန့်ခွာ ပြီးတော့ ဘယ်မှမသွားချင်ဘူး။" သို့သော်လည်း ပတ်ဝန်းကျင်အသိုင်းအဝန်းမှ သူ့ကို မဆက်ဆံတော့ဘဲ ပစ်ပယ်လိုက်ခြင်းက တိုင်းပြည်အတွင်းက ထွက်ခွာရန်အတွက် အဓိက တွန်းအား ဖြစ်သွားခဲ့သည်။ "ဘယ်အိမ်ပဲဖြစ်ဖြစ် အကူအညီတောင်းတောင်း၊ ပိုက်ဆံပေးပြီး ငှားနေမယ်ဆိုတာတောင် ဘယ်သူမှကျွန်တော့်ကို လက်မခံရဲကြဘူး။ ကျွန်တော့်ကို လက်မခံတော့ တော်တော်စိတ်ထိခိုက်ရတယ်။ [...] ခေတ်ကောင်းစဉ်တုန်းကဆိုရင် ကျွန်တော်ဘယ်သွားသွား ချစ်ကြတယ်၊ ခင်ကြတယ်၊ ကြိုဆိုကြတယ်။ အခုအချိန်မှာတော့ ကျွန်တော် အပယ်ခံဘဝ ရောက်သွားတယ်။"[၇၂]

နိုင်ငံပြင်ပထွက်လာသူထဲမှ နိုင်ငံရေးအကျဉ်းသားဟောင်းတချို့သည် မထွက်ပြေးဘဲ မိသားစုနဲ့အတူ နိုင်ငံအတွင်းမှာပင် နေထိုင်လို့ရသည့် အခွင့်အရေးရှိပေမဲ့ စစ်တပ်ကို ဆက်လက်တွန်းလှန်ရန်အတွက် မိသားစု၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပကို ထွက်လာသူများ ဖြစ်ကြသည်။ ထို့အပြင် အသက်ငယ်ရွယ်သော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် စစ်တပ်နှင့် အပေါင်းပါတို့၏ စောင့်ကြည့်နေမှု၊ ပြန်လည်အဖမ်းခံရရန် အန္တရာယ်ရှိမှုသာမက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အကြား လူငယ်များအပေါ်သက်ရောက်သည့် အတင်းအကျပ်စစ်မှုထမ်းခိုင်းသည့် ဥပဒေ၏ သက်ရောက်မှုကပါ တိုင်းပြည်အတွင်းမှ မဖြစ်မနေတိမ်းရှောင်ရန် တွန်းအားပေးသလို ဖြစ်ခဲ့သည်။[၄၃]

"နောက်ပိုင်းကျတော့ သူတို့ စစ်မှုထမ်းဥပဒေတွေဘာတွေ ကြေညာတဲ့အခါမှာ ပိုဆိုးလာတယ်၊ ရပ်ကွက်ထဲမှာ အယောက် ၃၀ လောက်တောင်းတယ်၊ ဖမ်းတယ်။ တချို့မိတ်ဆွေတွေမှာ ပျောက်သွားတဲ့သူတွေလည်း ရှိတယ်။ အဲ့လိုမျိုး ဖြစ်တာများလာတော့ ကျွန်တော်တို့ အနေအထားနဲ့ ပိုဆိုးတာပေါ့။ စောင့်ကြည့်တဲ့သူတွေရှိနေတော့ မလွတ်လပ်တော့ဘူး။ အဆင်ပြေအောင်တော့ နေကြည့်သေးတယ်။ နောက်ပိုင်း မရတော့တဲ့အခါကျတော့ (___) ကို ကူးလာတာ။"[၄၄]

တချို့သော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် နိုင်ငံပြင်ပသို့ မတိမ်းရှောင်ဘဲ နေထိုင်ခဲ့သော်လည်း သူတို့ကို ပြန်လည်ဖမ်းဆီးတော့မည်ဟုဆိုသောအချက်သည် သူတို့ကို မဖြစ်မနေတိမ်းရှောင်ရန် တွန်းအားပေးလိုက်သလိုဖြစ်ခဲ့သည်။ ရန်ကုန်တိုင်းတွင် အဖမ်းခံရသော အသက်အရွယ်ကြီးသည့် နိုင်ငံရေးအကျဉ်းသူတဦးသည် တရားရုံးမှ သူမ၏ အမှုကို ပိတ်သိမ်းလိုက်သောကြောင့် ပြန်လည်လွတ်မြောက်လာပြီး ရန်ကုန်မြို့ရှိ သူမနေအိမ်တွင် လွတ်မြောက်ပြီးနောက်ပိုင်း (၂) နှစ် နီးပါးခန့်နေထိုင်ခဲ့သည်။ ထိုကာလများတွင် သူမကို အစဉ်တစိုက်စောင့်ကြည့်နေသောကြောင့် နိုင်ငံရေးအလုပ်များကို လူမှုရေးလှုပ်ရှားမှုများနှင့်တွဲ၍ ဆောင်ရွက်ခဲ့သည်။ ရဲစခန်းမှ သူမအား အကြိမ်ကြိမ်ဆင့်ခေါ်၍ သတိပေးစကားပြောကာ ဝန်ခံကတိ လက်မှတ်ထိုးခိုင်းခဲ့သည်။ နောက်ဆုံးတွင် ဖမ်းဝရမ်းထုတ်၍ အဖမ်းခံရတော့မည့်အချိန်တွင် လွတ်မြောက်နယ်မြေသို့ တိမ်းရှောင်ခဲ့ရသည်။ သူမ၏ရည်ရွယ်ချက်မှာ ဒုက္ခသည်စခန်းသို့သွားရောက်၍ သူမ ကျွမ်းကျင်သော ဆေးဝါးအသိပညာဖြင့် ကူညီရန်ဖြစ်သည်။ သို့သော်လည်း အသက်အရွယ် ကြီးရင့်မှုကြောင့် ၎င်းအလုပ်နှင့်အဆင်မပြေဘဲ နောက်ဆုံးတွင် နိုင်ငံပြင်ပသို့ ဆက်လက်ထွက်ခွာလာခဲ့ရသည်။

ဇရာဝတီတိုင်းမှ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးကလည်း မိမိအရပ်တွင် ဆက်လက်နေထိုင်ရန် မလုံခြုံသောအခြေအနေနှင့် တွေ့ကြုံလာရသည့်အတွက် နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ရန် ပထမဦးစွာကြိုးစားခဲ့သည်။ "ကျွန်တော် ဟင်္သာတမြို့ကနေ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ ထွက်လာတယ်။ ကျွန်တော့်ကို စောင့်ကြည့်တာတွေ၊ သုံးကြိမ်လောက် လာဖမ်းတာတွေက ကျနော် အိမ်မှာ ရေရှည်ဆက်နေဖို့ မလွယ်ဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံအတွင်းမှာ ရွှေ့ပြောင်းနေထိုင်ဖို့လည်း ဘယ်နေရာမှ ကျနော့်အတွက် ရေရှည်လုံခြုံမှုရှိမှာမဟုတ်ဘူး။" ထိုအခြေအနေကပဲ သူ့ကို နောက်ဆုံးမှာ နိုင်ငံပြင်ပသို့ ထွက်ခွာရန် တွန်းအားပေးသလိုဖြစ်ခဲ့သည်။ ရန်ကုန်ထဲမှာ UG တို့၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေက နေရာအနှံ့ လုပ်ရှားမှုရှိတော့ ဧည့်စာရင်းတွေ၊ ညဘက် အစစ်အဆေးကြမ်းလာတော့ ကျွန်တော်က လူတွေနဲ့ ချိတ်ပြီးတော့ [ ---- ဘက်ကို] ထွက်လာတယ်။"[၇၅]

နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း စစ်တပ်၏ နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်နေသော ဖိနှိပ်မှုများစွာကို ဆက်လက်ခံစားခဲ့ရပြီး သူတို့သည် အမြဲတမ်း မလုံခြုံမှုနှင့်အတူ ကြောက်ရွံ့မှုပေါင်းများစွာဖြင့် နေထိုင်ခဲ့ရသည်။ စစ်အာဏာရှင် အဆုံးသတ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်လိုသည့်စိတ်ဆန္ဒတို့သည် ၎င်းတို့၏ မူရင်းနေရပ်များတွင် ဆက်လက်နေထိုင်ရန်အတွက် ကြီးမားသော အန္တရာယ်ဖြစ်လာစေခဲ့သည်။ နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်သော်လည်း စစ်တပ်၏ တင်းကြပ်သော ဧည့်စာရင်းစစ်ဆေးခြင်းနှင့် ပြန်လည်ဖမ်းဆီးမည်ဆိုသော ခြိမ်းခြောက်မှုတို့က မည်သည့်နေရာမှ လုံခြုံစွာနေထိုင်ရန် မဖြစ်နိုင်သည့် အခြေအနေကို တွေ့ကြုံလာရသည်။ ထိုအခြေအနေသည် နောက်ဆုံးတွင် ထိုင်းနိုင်ငံသို့တိမ်းရှောင်လာခြင်းနှင့် တိုင်းရင်းသားလွတ်မြောက်နယ်မြေများတွင် ခိုလှုံနေထိုင်ခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။

---

# အခန်း (၄)

# နိုင်ငံပြင်ပတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံ ရင်ဆိုင်ခြင်း

အထက်ဖော်ပြပါ စိန်ခေါ်မှုများ ကြုံတွေ့ပြီးနောက်ပိုင်းတွင် အင်တာဗျူးဖြေဆိုသူ တဦးသာ နိုင်ငံအတွင်း ကျန်ရှိခဲ့ပြီး ကျန်သူများသည် ထိုင်း-မြန်မာနယ်စပ်မြို့သို့ ထွက်ပြေး တိမ်းရှောင်ခဲ့သည်။ အင်တာဗျူးခဲ့သော နယ်စပ်မြို့သို့ထွက်ပြေးလာသည့် နိုင်ငံရေးအကျဉ်း သားအားလုံးသည် စိန်ခေါ်မှုအသစ်များနှင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။ အများအားဖြင့် အထောက်အထားမရှိမှုနှင့် အကျဉ်းထောင်ထဲတွင် ကြုံတွေ့ခံစားခဲ့ရသော ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာထိခိုက်ခံစားရမှုတို့ကြောင့် ဖြစ်ပေါ်နေသောအကျိုးသက်ရောက်မှုတို့သည် ၎င်းတို့ အပေါ် ရေရှည်ထိခိုက်စေမှုများ ဖြစ်စေခဲ့သည်။ နိုင်ငံရေးအကျဉ်းသားအားလုံးသည် အမျိုးမျိုးသော စစ်ကြောရေးစခန်းများတွင် အကြိမ်ပေါင်းများစွာ ပြင်းထန်သော ညှဉ်းပန်း နှိပ်စက်မှုများနှင့် လူမဆန်စွာပြုမူဆက်ဆံခံရမှုများ၊ အကျဉ်းထောင်ထဲတွင်လည်း ကြာမြင့် စွာကြုံတွေ့ခဲ့ရသော ဆိုးဝါးညံ့ဖျင်းသော နေထိုင်စားသောက်ရသည့် အခြေအနေများနှင့် ၎င်းတို့နှင့် ၎င်းတို့၏မိသားစုဝင်များ တွေ့ကြုံခံစားခဲ့ရသည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက် ခံစားမှုများသည် နိုင်ငံရေးအကျဉ်းသားများဖမ်းဆီးခံရသည့်နောက်ပိုင်း ရရှိခဲ့သည့် ဆိုးဝါး လှသည့် အကျိုးဆက်များဖြစ်သည်။ ထိုဆိုးဝါးလှသောအကျိုးဆက်များနှင့်အတူ အခြား နိုင်ငံများသို့ တိမ်းရှောင်ရောက်ရှိချိန်တွင် ကြုံတွေ့ရသော စားဝတ်နေရေးအခက်အခဲ များသည် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအပါအဝင် ၎င်းတို့၏ဘဝကို ပြန်ထူထောင် နိုင်ရန်အတွက် ကြီးမားသော အဟန့်အတားများဖြစ်စေခဲ့သည်။

တိုက်ပွဲ

## ၄.၁ တရားလက်လွတ်ဖမ်းဆီးခံရပြီးနောက် ကြုံတွေ့ရမှုများ – နိုင်ငံရေးအကျဉ်းသားဟောင်းများ ရင်ဆိုင်နေရသော စီးပွားရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် စားဝတ်နေရေးအခက်အခဲများ

နိုင်ငံပြင်ပသို့ ရောက်ရှိလာသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ရန်းကန်မှုများနှင့်ရင်ဆိုင်ရပြီး မလုံခြုံသောဘဝကိုလည်း တဖန်ပြန်ခံစားခဲ့ရသည်။ AAPP မှ အင်တာဗျူးခဲ့သည့် ပြည်ပသို့ တိမ်းရှောင်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများ ထဲတွင် အနည်းငယ်သာ ရက်တိုနေထိုင်ခွင့်ဖြင့် တရားဝင်ဝင်ရောက်ပြီး အများစုမှာ အထောက်အထားမဲ့ ဝင်ရောက်လာသူများဖြစ်ကြသည်။ အထောက်အထားမဲ့ ဝင်ရောက်လာသူများအနေဖြင့် တရားဝင်နေထိုင်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့် မရှိခြင်းတို့သည် သူတို့အတွက်ကြီးမား၍ သိသာမြင်သာသည့် စိန်ခေါ်မှုများဖြစ်သည်။ ထိုအခြေအနေများ အောက်တွင် ရောက်ရှိနေကြသော နိုင်ငံပြင်ပသို့ တိမ်းရှောင်လာသည့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် ၎င်းတို့၏ဘဝကို တည်ငြိမ်အောင် ဆောင်ရွက်နိုင်ရန်အတွက် အစားအစာနှင့် နေစရာမလုံလောက်မှု၊ အကန့်အသတ်ဖြင့် ရရှိနေသော ပညာရေးအခွင့် အလမ်းနှင့် ပြည့်စုံလုံလောက်မှုမရှိသော ကျန်းမာရေးစောက်ရှောက်မှုစသော စိန်ခေါ်မှု များစွာနှင့် ကြုံတွေ့ရသည်။ အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင်၊ အရပ်ဘက်အဖွဲ့ အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးကူညီမှုများ ရှိနေသော်လည်း အခြေအနေ အမျိုမျိုးဖြင့် ထွက်ပြေးလာသူများပြားလာခြင်း၊ အချိန်ကြာမြင့်လာခြင်းတို့ကြောင့် လုံလောက်စွာ ပံ့ပိုးပေးနိုင်ခြင်း မရှိပေ။ ထို့အပြင် နိုင်ငံပြင်ပသို့ တိမ်းရှောင်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် တရားဝင်အထောက်အထားများ မရှိသည့်အတွက် သက်ဆိုင်ရာနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များ၏ဖမ်းဆီးခြင်းကို ခံရနိုင်သည်ဆိုသည့် စိုးရိမ်စိတ် သည် ၎င်းတို့အပေါ် ဆက်လက်ဖိစီးမှု ဖြစ်စေခဲ့သည်။

## ၄.၂ Safe House များတွင်နေထိုင်စဉ် တွေ့ကြုံရသော မလုံခြုံမှုနှင့် အခက်အခဲများ

မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းနိုင်ငံများသို့ တိမ်းရှောင်လာသော နိုင်ငံရေးအကျဉ်း သားဟောင်းများသည် တခါတရံတွင် အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် အရပ်ဘက် အဖွဲ့အစည်းများမှ ယာယီနေထိုင်စရာ အဆောက်အဦနှင့် ရိက္ခာထောက်ပံ့ပေးမှုတို့ကို ပုံစံမျိုးစုံဖြင့် ရရှိတတ်ကြသည်။ သို့သော်လည်း ၎င်းထောက်ပံ့မှုများမှာ အကန့်အသတ် ရှိပြီး

အချိန်ကာလတခုထိသာ ပေးနိုင်သည်။ ထိုကာလပြီးဆုံးသွားချိန်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ မိမိတို့ရပ်တည်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကိုယ်တိုင် ကြိုးစားကြရသည်။ အင်တာဗျူးဖြေဆိုသူ နိုင်ငံရေးအကျဉ်းသားဟောင်းတယောက်က သူ နေထိုင်ခွင့်ရသည့် Safe House တွင် သုံးလသာနေထိုင်ခွင့်ရခဲ့ပြီး သုံးလပြည့်သည့်အချိန်တွင် ရွှေ့ပြောင်းပေးခဲ့ရသည်။ "အခုတော့ ကျနော်မိတ်ဆွေတွေနဲ့ တယောက်တထောင်စီထည့်ပြီး အတူတူနေကြတယ်"[၇၆] တချို့မှာ မြန်မာနိုင်ငံအတွင်း ကျန်ရှိနေသော မိသားစုဝင်များ၊ အခြားနိုင်ငံများရှိ မိတ်ဆွေများထံမှရရှိသော ပံ့ပိုးကူညီငွေအနည်းငယ်ဖြင့် အချင်းချင်း စုပေါင်းငှားရမ်းနေထိုင်ခြင်း၊ မိမိအလုပ်လုပ်နေသော အဖွဲ့အစည်းများ၏ ရုံးခန်းများတွင် ခေတ္တနေထိုင်ခြင်း စသည့် နည်းလမ်းတို့ဖြင့် ဘဝကို ရင်ဆိုင်ဖြတ်သန်းနေကြရသည်။

Safe House များတွင် စုပေါင်းနေထိုင်ချိန်တွင် အများအားဖြင့် မိမိတို့နှင့် မသိသောသူများနှင့်အတူတူ နေထိုင်ရခြင်းမျိုးရှိသည်။ မိမိတို့နှင့် ရင်းနှီးမှုမရှိသောသူများနှင့် အတူနေထိုင်ရသည့်အတွက် သမီးမိန်းကလေးပါသော မိသားစုများသည် မလုံခြုံမှု၊ စိုးရိမ်ပူပန်မှုဆိုသည့် နောက်ဆက်တွဲ စိတ်ဖိစီးမှုကို ထပ်မံရင်ဆိုင်ရပြန်သည်။ သမီးငယ်တဦးနှင့်အတူ ထွက်ပြေးလာသော နိုင်ငံရေးအကျဉ်းသူဟောင်းတယောက်က သူမတို့ **Safe House** တွင်နေထိုင်ခဲ့ရစဉ် ခံစားရသောအတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေထားပါသည်။ သူမပြောပြသည်မှာ - "Safe house မှာ နေတာကြာလာတော့ လူအများနဲ့ အဆင်မပြေဘူး။ ကလေးရှိတော့ အဆင်မပြေဘူး။ ကလေးကလည်း မိန်းကလေးဖြစ်တယ်။ အခြားသောယောကျာ်းလေးတွေနဲ့ အဲ့လိုမျိုး (နေရတာ)ဆိုတော့ အဆင်မပြေဘူး။" သမီးငယ်နှင့်အတူ ထွက်ပြေးလာသော နိုင်ငံရေးအကျဉ်းသူဟောင်းတယောက်သည် Safe House တွင် နေထိုင်စဉ် သမီးမိန်းကလေးရှိသည့်အတွက် အခြားသော ယောကျာ်းလေးတွေနှင့် တွဲနေရတာ အဆင်မပြေသည့်အပြင် အချိန်ကြာလာသည်နှင့်အမျှ မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများ အချင်းချင်းအကြားတွင်ပါ အဆင်မပြေဖြစ်လာကြောင်း ပြောကြားခဲ့သည်။

## ၄.၃ ကြောက်ရွံ့မှုများနှင့်နေထိုင်ခြင်း - နိုင်ငံရပ်ခြားတွင် အထောက်အထားမဲ့ နေထိုင်ရခြင်း၏ အခက်အခဲ

ထိုင်း-မြန်မာနယ်စပ်တွင် နေထိုင်စဉ်ကာလအတွင်း အင်တာဗျူး မေးမြန်းခံခဲ့ရသူများအပေါ် အဓိကလွှမ်းမိုးနေသော ကြောက်ရွံ့စိုးရိမ်နေသည့်အချက်မှာ မြန်မာပြည်ကို ပြန်ပို့ခံရမည့်အရေးဖြစ်သည်ဟု ပြောဆိုကြသည်။ နယ်စပ်မြို့သို့တိမ်းရှောင်လာသူများမှာ သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားမတတ်မြောက်ခြင်း၊ တရားဝင် အထောက်အထားမရှိခြင်းတို့သည် အချိန်မရွေးဖမ်းဆီးခံရနိုင်သည့် အားနည်းချက်ဖြစ်နေခဲ့သည်။ တရားဝင်နေထိုင်ခွင့်ရရှိရန်အတွက် လုပ်ဆောင်ရန်မှာ ငွေကုန်ကြေးကျများသောကြောင့် အများစုအနေဖြင့် မတတ်နိုင်ကြပါ။ တချို့ကတော့ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပြီးနားလည်မှုဖြင့် နေထိုင်ကြသော်လည်း သည့်အတွက် အဖမ်းမခံရဘူးဆိုသည့် အာမခံချက်တော့ မရှိပါ။ ထိုကဲ့သို့သော လုံခြုံရေး ကင်းမဲ့ပြီး လွတ်လပ်စွာသွားလာနိုင်ခွင့်မရှိခြင်းသည် အလုပ်အကိုင်ရှာဖွေရန်အတွက် အခက်အခဲရှိသလို လိုအပ်နေသော ကျန်းမာရေးပြုစုစောင့်ရှောက်မှုလည်း မရသည့် အခြေအနေတွင် ဘဝကို ဖြတ်သန်းနေကြရသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ မြန်မာနိုင်ငံမှ ထွက်လာနိုင်တဲ့အတွက် စိတ်ချလုံခြုံမှုနှင့်ပတ်သက်ပြီး သက်သာရရသွားသော်လည်း ထိုင်း-မြန်မာ နယ်စပ်မြို့သို့ ရောက်သည်နှင့် စိန်ခေါ်မှုများချက်ခြင်း ထပ်မံကြုံတွေ့ခဲ့ရသည်။ "ကျွန်မတို့ တရားမဝင် နေတဲ့အတွက် ထိုင်းရဲနဲ့တွေ့ရင်လည်း အဖမ်းခံရမှာပဲ" ဟု အင်တာဗျူးဖြေဆိုသူတဦးက ပြောပါသည်။ သို့သော်လည်း အင်တာဗျူးဖြေဆိုသူများအနေဖြင့် ခံစားရသည်မှာ မြန်မာနိုင်ငံအတွင်း၌ ဆက်လက်နေထိုင်ပါက တွေ့ကြုံရမည့်အန္တရာယ်ထက် အများကြီး သက်သာကြောင်း ပြောကြသည်။ သူက ဆက်ပြောသည်မှာ "ဒါပေမဲ့ သူတို့ဖမ်းရင် လူကိုတော့ သတ်မှာမဟုတ်ဘူး၊ နှိပ်စက်မှာလည်း မဟုတ်ဘူး။"[၇၇] အင်တာဗျူးဖြေဆိုသူ တယောက်ကတော့ "ဒီမှာနေရတာ ဘယ်အရာလွယ်ကူလဲဆိုတော့ ကောင်းတာတစ်ခုကတော့ မင်းအောင်လှိုင်က ကျွန်မတို့ကို လာမဖမ်းနိုင်ဘူးဆိုတာလေး တခုပဲ။ ကိုယ့်ကို ညှဉ်းပန်းနှိပ်စက်မှာမျိုး၊ ညဖက်ကြီး အဲ့လိုမျိုး  လာဖမ်းမှာတို့ ဘာတို့ တွေးကြောက်ရတဲ့ ဟာတော့ မရှိဘူး။"[၇၈] စစ်တပ်မှ မတရားသောဥပဒေများဖြင့် ပြန်လည်ဖမ်းဆီးခံရနိုင်သည်ဆိုသော ခြိမ်းခြောက်မှုအန္တရာယ်များမှလွတ်မြောက်အောင် ထိုင်း-မြန်မာနယ်စပ်သို့ တိမ်းရှောင်သွားသော နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ အထောက်အထား ခိုင်လုံမှုမရှိခြင်းကြောင့် အိမ်ရှင်နိုင်ငံမှ

အာဏာပိုင်များ၏ ဖမ်းဆီးခြင်းနှင့် ပြည်နှင်ဒဏ်ခံရမည့် အန္တရာယ်ကို ပြန်လည်ကြုံတွေ့ခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ထိုင်း-မြန်မာနယ်စပ်မြို့သည် အလုံးစုံလုံခြုံစိတ်ချရသည့် နိုင်ငံတခုမဟုတ်ဘဲ မတည်ငြိမ်မှုများနှင့်အတူ ဖမ်းဆီးပြန်ပို့ခံရမည့်အရေး ဆက်လက်ရင်ဆိုင်နေရသည့် နေရာတခု သာဖြစ်သည်။

ထိုအချက်များသည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ဖြစ်ပေါ်စေနိုင်သည်ကို နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ယခုလိုပြောကြားသည်ကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ "ကျွန်မတို့က မြန်မာနိုင်ငံမှာလည်း အဖမ်းခံထားရတော့ ဒီဘက်ရောက်တော့ တစ်နေရာရာသွားရင် ဘယ်သူက ဘာ uniform မှန်းမသိဘဲ ပြောက်ကျားမြင်တိုင်း တထိတ်ထိတ်ဖြစ်တယ်"[၇၉] နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ခံစားနေရသော စိတ်ဒဏ်ရာအပြင် မလုံခြုံမှုကြောင့် ဖြစ်ပေါ်လာသောစိတ်လှုပ်ရှားမှုများနှင့်အတူ မြန်မာနိုင်ငံပြင်ပတွင် အားနည်းချက်များစွာရှိသော သူများသဖွယ် ဖြစ်နေခဲ့သည်။

## ၄.၄ ရွှေ့ပြောင်းနေထိုင်ချိန်တွင် ကြုံတွေ့ရသည့် ပညာသင်ယူရေးဆိုင်ရာ အတားအဆီး

ထောင်ကျခဲ့ခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့သားသမီးများ၏ ပညာရေးနှင့်ပတ်သက်သော အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်။ အင်တာဗျူးဖြေဆိုခဲ့သူ အယောက်(၃၀) ထဲမှ (၆) ဦးသည် အဖမ်းမခံရခင်က ပညာသင်ကြားနေသူများဖြစ်ကြသည်။ သူတို့ထဲမှ တဦးသာ ပြန်လည်လွတ်မြောက်လာချိန်တွင် နိုင်ငံတကာပညာရေးကို ဆက်လက်လေ့လာနိုင်ရန်အတွက် GED စာမေးပွဲဖြေဆိုရန် ဆက်လက်လေ့လာနေသည်ကို တွေ့ရသည်။ အထက်တန်းကျောင်းသားနှစ်ဦးနှင့် တက္ကသိုလ်ကျောင်းသားသုံးဦးတို့သည် လွတ်မြောက်လာပြီးနောက်ပိုင်း ပညာဆက်လက်သင်ယူမှု မရှိတော့သည်ကို တွေ့ရသည်။ မြန်မာ့ပညာရေးစနစ်သည် နိုင်ငံတကာစံချိန်မမီသည့်အတွက် နိုင်ငံတကာပညာရေးကို ဆက်လက်လေ့လာနိုင်ရန်မှာ မြန်မာကျောင်းသားများအဖို့ ငွေကြေးများစွာ လိုအပ်ချက်ရှိနေသည်။ မြန်မာနိုင်ငံမှထွက်ပြေးလာသော နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ စားဝတ်နေရေးနှင့် အခြေခံကျန်းမာရေးလိုအပ် ချက်များကို အဓိကထား ဖြည့်ဆည်းနေရသည်။ ထို့အတွက် "ပညာရေးနှင့်ပတ်သက်ပြီး အများကြီးမစဉ်းစားနိုင်ဘူး" ဟု အထက်တန်းအောင်မြင်ပြီးကာစ နိုင်ငံရေး အကျဉ်းသားဟောင်းတဦးက ထုတ်ဖော်ပြော ကြားသည်။

တိုက်ပွဲ

ထို့အပြင် အချို့သောနိုင်ငံရေးအကျဉ်းသားဟောင်းများသည် စစ်အာဏာရှင်ကို ဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် ပိုမိုတက်ကြွစွာ ပါဝင်လှုပ်ရှားနေခြင်း၊ နိုင်ငံရေးနှင့်ဆိုင်သော အဖွဲ့အစည်းများတွင် ဝင်ရောက်ဆောင်ရွက်နေခြင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့အနေဖြင့် ကျောင်းပညာရေးဆိုင်ရာလေ့လာမှုများ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အခွင့်မသာပဲဖြစ်စေသည်။

### ၄.၄.၁. စိတ်ဒါဏ်ရာနှင့် ရွှေ့ပြောင်းအခြေချခြင်း – လွတ်မြောက်လာသည့် နိုင်ငံရေး အကျဉ်းသားများ၏ သားသမီးများ ပညာရေးအခက်အခဲ

တိမ်းရှောင်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့်အတူ လိုက်ပါလာသော သားသမီးများ၏ ပညာရေးကဏ္ဍသည် ကြီးမားသော စိန်ခေါ်မှုတခုအဖြစ် တွေ့မြင်ရသည်။ ဝင်ငွေမရှိသည့်အချက်သည် သားသမီးများအတွက် ဆက်လက်ပညာသင်ကြားရန် မထောက်ပံ့နိုင်တော့ဘဲ သူတို့၏ပညာရေးကို တပိုင်းတစနှင့် ရပ်ဆိုင်းထားခဲ့ရသည်။ ထို့အပြင် ရောက်ရှိနေသော နိုင်ငံ၏ ဘာသာစကား မတတ်ကျွမ်းမှုကလည်း အခက်အခဲကို ထပ်ဆောင်းပေးသလိုဖြစ်ခဲ့သည်။ ထိုအခြေအနေကို အင်တာဗျူးဖြေဆိုသူတဦးက ရှင်းပြသည်မှာ "နောက်ထပ်ပြဿနာတခုက သူတို့ ထိုင်းကျောင်းကို သွားတက်ဖို့ကျ ထိုင်းစကားမရဘူး၊ [...] international ကျောင်းထားဖို့ ဆိုရင်ကျတော့လည်း ကိုယ့်မှာက ငွေရေးကြေးရေး အခြေအနေက အဆင်မပြေပြန်ဘူး။"[၈၁]

မိဘများနှင့်အတူ တိုင်းပြည်မှ ထွက်ခွာလာခဲ့ရသော ကလေးများမှာ မလုံခြုံမှု၊ ကြောက်ရွံ့မှု၊ သူတို့၏မိဘများအပေါ် စစ်တပ်၏ မတရားဆက်ဆံ အနိုင်ကျင့်ခဲ့ခြင်းကို မြင်တွေ့ခဲ့ရသည့်အတွက် နာကျင်ထိခိုက်ခဲ့ရသည့် ခံစားမှုများက သူတို့၏ စိတ်ပိုင်းဆိုင်ရာကို သက်ရောက်စေခဲ့ပြီး၊ ထိုသို့ စိတ်ကျန်းမာရေးကို ထိခိုက်စေခဲ့သော အခြေအနေသည် ပညာသင်ယူမှုအပိုင်းကို သိသိသာသာ တားဆီးထားသော အကြောင်းတရားဖြစ်စေခဲ့သည်။ နိုင်ငံရေးအကျဉ်းသူဟောင်း အမျိုးသမီးတဦးမှ အခက်အခဲတွေ့နေရသည့် သူမ၏ (၆) နှစ်အရွယ်သမီး အခြေအနေကို ယခုလိုပြောကြားခဲ့သည်။ သူမ၏သမီးသည် မိခင်ထောင်ကျသွားချိန်တွင် အဒေါ်ဖြစ်သူနေအိမ်တွင် နေခဲ့ရသည်။ ထိုအခြေအနေသည် သမီးဖြစ်သူ၏ စိတ်ကျန်းမာရေးအပေါ် သက်ရောက်ခဲ့ပြီး ပညာသင်ယူမှုအပေါ်ပါ ထပ်မံရိုက်ခတ်ခဲ့သည်။ သမီးဖြစ်သူသည် စိတ်ပိုင်းဆိုင်ရာပြဿနာ ခံစားနေရပြီး အခြားသူများနှင့်အတူတူ ကျောင်းတက်ဖို့အတွက် အခက်အခဲရှိနေသည်။ ရွှေ့ပြောင်းနေထိုင်သူများ တက်ရောက်သော

ကျောင်းများတွင် ဆရာနှင့်ကျောင်းသားအချိုး မမျှတသည့်အတွက် ကျောင်းသားတဦးချင်း အနေဖြင့် ဂရုစိုက်ခံရမှုရရှိဖို့ ခက်ခဲစေသည်။ ထိုအခြေအနေက သူမသမီး၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပြဿနာကို ပိုမို ဖြစ်ပေါ်စေခဲ့သည်။ "သမီးက သူ့ကို ဂရုမစိုက်ဘူး၊ သူ့ကို ဒီအတိုင်း ပစ်ထားတယ်ဆိုပြီး ငိုနေတာ။"[၅၂] အခြားဖြေဆိုသူတဦးကလည်း "သားဆိုရင် ကျောင်းဆိုတက်ချင်စိတ် လုံးဝမရှိတော့ဘူး။ သူက စာကို စိတ်မဝင်စားလို့ မဟုတ်တော့ဘူး။ ဒီအခြေအနေကြီး (အာဏာသိမ်းတဲ့) အပေါ်မှာ trauma ရတာ"[၅၃] ဟု ရှင်းပြခဲ့သည်။ သို့သော်လည်း အထက်ပါအခက်အခဲများကို တဦးချင်းစီ ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကျော်လွှားနေသည့် ကိစ္စရပ်များစွာ ရှိနေပါသည်။ "ကျမ သူ့ကို အဲဒီကျောင်းကနေထုတ်လိုက်တယ်။ အခု လောလောဆယ်တော့ --- မှာထားတယ်။ အဲဒီကျောင်းမှာပဲ ကလေးက တတန်းတက်နေတယ်။ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ တော်တော်များများ သူ့ရဲ့စိတ်တွေ အဆင်ပြေလာပါပြီ။"[၅၄] နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် သူတို့ရင်ဆိုင်နေရသော သားသမီးများ၏ ပညာရေးဆိုင်ရာ အခက်အခဲများအပါအဝင် အခြားအခက်အခဲမျိုးစုံကို ရုန်းကန်ကျော်လွှားပြီး သူတို့၏ဘဝကို ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးစားနေကြသည်။ သူတို့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော်လည်း စစ်တပ်၏ နိုင်ငံရေးအကျဉ်းသားများအပေါ် တရားမျှတမှုကင်းမဲ့သော လုပ်ရပ်များသည် နိုင်ငံရေးအကျဉ်းသားများ သက်သက်ကိုသာ ထိခိုက်ခံစားရသည် မဟုတ်ဘဲ သူတို့၏ မိသားစုတခုလုံးကိုပါ အကျိုးဆက်အနေဖြင့် ထိခိုက်ခံစားနေရသည်။ ထိုကဲ့သို့သော ပညာသင်ယူရေးဆိုင်ရာ အတားအဆီးအခက်အခဲများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ မျိုးဆက်များအတွက် အနာဂတ်အပေါ် ကြီးမားသော အကျိုးဆက်များအဖြစ် သက်ရောက်သွားမည်ဖြစ်သည်။

## ၄.၅ ရွှေ့ပြောင်းနေထိုင်ရချိန်အတွင်း အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ခြင်း

နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်များမှ လွတ်မြောက်လာပြီးနောက် ပိုင်း မြန်မာနိုင်ငံအတွင်းတွင် အလုပ်အကိုင် ရရှိနိုင်မှုအခြေအနေမှာ အတားအဆီးများစွာ ဖြင့် ကြုံတွေ့ခဲ့ရသည်။ နိုင်ငံပြင်ပသို့တိမ်းရှောင်လာသည့် အချိန်တွင်လည်း ၎င်းအခက် အခဲမှာ နောက်ထပ်နည်းလမ်းတမျိုးဖြင့် ထပ်မံ ရင်ဆိုင်ရပြန်သည်။ အထောက်အထားမဲ့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိ ရန်မှာ အလွန်ခက်ခဲသောကိစ္စ ဖြစ်သည်။

တရားဝင်အလုပ်ရရှိရန်အတွက် သူတို့ အများဆုံးရင်ဆိုင်ရသည့် ပြဿနာမှာ တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ဖြစ်သည်။ ထိုအခြေအနေနှင့် ပတ်သက်၍ အင်တာ ဗျူးဖြေဆိုသူတဦးက ရှင်းပြသည်မှာ "အဲ့အတွက်ကြောင့် ပန်းရောင်ကတ်လုပ်ဖို့အတွက် ရတဲ့နည်းနဲ့ ပိုက်ဆံစုနေရတာ။ ပန်းရောင်ကတ်ရမှသာ တခြားအလုပ်လုပ်လို့ရမှာ"[၈၅] ရွှေ့ပြောင်းလုပ်သားများအတွက် ထိုင်းနိုင်ငံမှထုတ်ပေးသော ပန်းရောင်ကဒ်ရမှာသာ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ တရားဝင် အလုပ်လုပ်ခွင့်ရရန်အတွက် ငွေကြေးအခက်အခဲရှိသလို ပန်းရောင်ကဒ်ရရှိရန်အတွက်လည်း လုပ်ငန်းစဉ်များအဆင့် ဆင့် ရှိပြီး ထိုင်းအစိုးရ၏ ခွင့်ပြုသည့်အချိန်တွင်သာ ပြုလုပ်ရသည့်အတွက် အထောက် အထားမဲ့ ဝင်ရောက်လာသော နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် အလွယ်တကူ ပြုလုပ်နိုင် ရန် အခက်အခဲများစွာ ရှိနေကြသည်။

သို့သော်လည်း ပန်းရောင်ကဒ်မလုပ်နိုင်ခင် ကြားကာလတွင် နိုင်ငံရေးအကျဉ်းသား ဟောင်း အများစုသည် မိမိတို့ရပ်တည်ရေးအတွက် ဝင်ငွေရနိုင်သည့် လုပ်ငန်းမျိုးစုံကို မိမိတို့နှင့်နီးစပ်သော မြန်မာလူမှုအသိုက်အဝန်း၊ အဖွဲ့အစည်းများ၏ အကူအညီဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်။ တချို့ကလည်း ဒေသခံနိုင်ငံသားများ၏ အကူအညီကိုရယူ၍ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကိုဦးတည်သော တနိုင်တပိုင် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ဘဝကို ဆက်လက်ရှင်သန်နိုင်အောင် ကြိုးစားနေကြသည်။ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ အခြားသူတို့၏ ထောက်ပံ့မှုကိုအားကိုး မနေဘဲ ကိုယ်တိုင်ရပ်တည်နိုင်အောင် ဆောင်ရွက်ခဲ့ပုံကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

"သူများပေးတာကို ထိုင်သုံးနေတာထက်စာရင် ကိုယ်ကလည်း တစ်ခုခုလုပ်နေမှဖြစ်မယ် ဆိုပြီးတော့ ချည်ထိုးတာတို့၊ handmade ပစ္စည်း(တွေကို) ကိုယ်တတ်တဲ့ဟာနဲ့ လုပ်ဖြစ်တယ်။ မြန်မာပြည်က ချက်ချင်းပဲ ချည်ထုပ်မှာပြီးတော့ ရောက်တာနဲ့ ကိုယ်လုပ်နိုင်တဲ့ဟာကနေ စလုပ်ပြီးတော့ ဘဝရပ်တည်ဖို့ ရေရှည်ဝင်ငွေတစ်ခု အဆင်ပြေဖို့အတွက် လုပ်ခဲ့တယ်။"[၈၆]

နိုင်ငံရေးအမှုဖြင့် အဖမ်းခံရပြီးနောက် နိုင်ငံပြင်ပသို့ ထွက်ပြေးလာရသော အသက် ၇၁ နှစ်အရွယ်ရှိ ဗုဒ္ဓဘာသာဘုန်းကြီးတပါးကလည်း သူ့ဖာသာသူရပ်တည်နိုင်အောင် ရာသီသီးနှံများကို စည်ပင်ပိုင်လမ်းဘေးနေရာလွတ်များတွင် မြေရှင်းလင်းစိုက်ပျိုးပြီး စားဝတ်နေရေးအတွက်ဖြေရှင်းရသလို တခါတရံတွင် စပါးရိတ်၊ ပြောင်းဖူးချိုးစသည့် အလုပ်များအပြင် သဲကျင်းဖော်သည့်လုပ်ငန်းများကို နေ့စားလုပ်သားအဖြစ် လုပ်ကိုင်နေရသည်။

"တစ်ရက် ၂၀၀ ရဖို့ စပါးရိတ် နှစ်ရက် လိုက်သွားတယ်။ နောက်ပြီးတော့ ပြောင်းဖူးချိုးတာ၊ သခွားစင်ထောင်တာ၊ သဲကျင်းဖော်တာတို့ပေါ့။"[၈၇]

နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် တိုင်းပြည်ပြင်ပတွင် ဘဝကို ပြန်လည် ရပ်တည်နိုင်အောင် အားခဲပြီးကြိုးစားနေရသလို စစ်တပ်၏ တရားလက်လွတ်ညှဉ်းပန်း နှိပ်စက်မှုကြောင့် ရရှိခဲ့သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြဿနာများလည်း ခံစားနေရသည်။ ထိုအခြေအနေများ၏သက်ရောက်မှုများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကျန်းမာသုခနှင့်ပြည့်စုံသော ဘဝရပ်တည်ရှင်သန်ရေးအတွက် ရေရှည်ထိခိုက်စေသော သက်ရောက်မှုများဖြစ်စေခဲ့ပြီး သူတို့၏ စွမ်းဆောင်နိုင်စွမ်းကို တားဆီးနေသော အခက်အခဲများဖြစ်နေသည်။

တိုက်ပွဲ

## ၄.၆ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ကြုံတွေ့နေရသည့် ကျန်းမာရေးထိခိုက်မှု အပေါ် ရုန်းကန်နေရမှု

အဖမ်းခံရစဉ်က ထိခိုက်ခံစားခဲ့ရသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြဿနာများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကျန်ရှိနေသောဘဝတလျှောက်လုံးတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာနှစ်ရပ်စလုံးတွင် ပြင်းထန်သောဝေဒနာကို ခံစားခဲ့ရသည်။ ဤအပိုင်းသည် အကျဉ်းချခံရခြင်း၏ အကျိုးဆက်အဖြစ် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်း သားများနှင့် မိသားစုများအပေါ် ရေရှည်ထိခိုက်သက်ရောက်မှုများကို သိရှိနားလည်ရန် ရေးသားဖော်ပြထားပါ သည်။

### ၄.၆.၁. ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု

AAPP မှ တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်း (၃၀) ဦးတွင် ဖမ်းဆီးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းစဉ်များတွင် နည်းလမ်းတမျိုးမျိုးဖြင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။ နောက်ဆက်တွဲမေးမြန်းသည့် နိုင်ငံ ရေးအကျဉ်းသား ဟောင်း (၁၀) ဦးတွင်လည်း ၎င်းတို့ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာရေးအရ ထိခိုက်မှုများရှိကြောင်း ဖြေကြားမှုများ ရှိခဲ့သည်။ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတိုင်းသည် ဖမ်းဆီးချိန်နှင့် စစ်ဆေး ချိန်များတွင် ရိုက်နှက်ခံရမှုကြောင့် နားမကြားခြင်း၊ အရိုးအဆစ်များကိုက်ခဲခြင်းအပြင် တချို့မှာ ပြင်းထန်သော နှိပ်စက်မှုများကြောင့် ကိုယ်လက်အင်္ဂါကို ထိခိုက်သွားစေသော ရုပ်ပိုင်းဆိုင်ရာပြဿနာများ ကြုံတွေ့ခဲ့ရသည်။ ၎င်းအခြေအနေများသည် လွတ်မြောက်လာ သူများအတွက် ရေရှည်ဘဝရပ်တည်မှုကို အခက်အခဲဖြစ်စေသည့် ကြီးမားသော စိန်ခေါ်မှု များဖြစ်နေသည်။

**ဖြစ်ရပ်သာဓက**

**နိုင်ငံရေးအကျဉ်းသားဟောင်းတဦးအပေါ်သက်ရောက်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများ**

နိုင်ငံရေးအကျဉ်းသားတဦးသည် လွတ်မြောက်ပြီးနောက်တွင် သူတာဝန်ထမ်း ဆောင်ခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ဆီသို့ ပြန်သွားရန် ရည်ရွယ်ခဲ့သည်။ သို့သော်လည်း အဖမ်းခံခဲ့ရသည့်အတွက် သူ့ကျန်းမာရေးအခြေအနေသည် လက်နက်ပြန်လည်ကိုင်ဆောင် ရန်နှင့် လက်နက်ကိုင်တော်လှန်ရေး၏ ပြင်းထန်ခက်ခဲသော လှုပ်ရှားမှုများပြုလုပ်ရန် အဆင်မပြေနိုင်ဘူးဆိုသည်ကို သူနားလည်ခဲ့သည်။ ထို့ကြောင့် သူ့တပ်ကို ပြန်သွားမည့် အစား CDM လုပ်နေသော သူ့အိမ်နီးနားခြင်းမိတ်ဆွေဆီကိုပဲ သွားခဲ့သည်။ စစ်အာဏာရှင်

လက်အောက် ဖမ်းဆီးခံရစဉ်က နှိပ်စက်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ၊ မှတ်ဉာဏ်ချို့ယွင်းသောဝေဒနာများကို ပူးတွဲခံစားနေရသည်။ သူ့၏ စိတ်ကျန်းမာရေးအခြေအနေက ကောင်းလိုက် မကောင်းလိုက်၊ တခါတရံ ရီလိုက်၊ ငိုလိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေသည်။ သူ၏ အမြင်အာရုံတွေကလည်း သိသိသာသာပျက်ဆီးလာသည်။ ကျနော်ရဲ့ ဦးနှောက်က အရင်တုန်းက မှတ်ဉာဏ် အရမ်းကောင်းခဲ့တာ၊ အခု အဲလိုမဟုတ်တော့ဘူးဟု လွမ်းလွမ်းဆွေးဆွေးပြောပြခဲ့သည်။ တချိန်တုန်းက မှတ်ဉာဏ် အလွန်ကောင်းခဲ့တဲ့ဦးနှောက်က အခု မမေ့ဖို့ အတင်းကြိုးစားနေရတယ်၊ သတင်းအချက်အလက်တွေကို မမှတ်ထားနိုင်တော့သည့်အပြင် နောက်ကျော၊ ခေါင်းပိုင်းနှင့် မျက်လုံးများ ဆိုလျှင် ကိုက်ခဲသည့် ဝေဒနာခံစားနေရသည်။ သူ၏ အဆုတ်တွေ နောက်ကျောတွေကို ပြင်းထန်စွာ အရိုက်ခံခဲ့ရသည့်အခြေအနေကြောင့် အသက်ရှုကျပ်သည့်ဝေဒနာကို ခံစားနေရသည်။

သူ ခါတ်မှန်ရိုက်ပြီး စစ်ကြည့်လိုက်တော့ သူ့ခန္ဓာကိုယ်မှာ ကျိုးပဲ့တာမတွေ့ရဘူး ပြောပေမဲ့ သူ အပြင်းအထန် နှိပ်စက်ခံခဲ့ရသည့် အခြေအနေကြောင့် ကျန်းမာရေးနှင့် ပတ်သက်ပြီး ရေရှည်ထိခိုက်မှုကို ခံစားနေရသည်။ ဆေးကုသမှုခံယူဖို့ သူ့ကို အကြံပြုကြတာရှိပေမဲ့ ဆေးကုသစရိတ်မတတ်နိုင်တာကြောင့် မကုသဘဲ နေနေရပြီး တဖြေးဖြေးနဲ့ သူ့အလိုလို သက်သာလာလိမ့်မယ်လို့ဘဲ သူမျှော်လင့်နေရသည်။ AAPP မှ အင်တာဗျူးခဲ့သော အခြားနိုင်ငံရေးအကျဉ်းသားဟောင်းအများစုကဲ့သို့ သူသည်လည်း ငွေကြေးနှင့် အခြားအကူအညီများ ချို့တဲ့နေခြင်းကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေ ပိုမိုဆိုးဝါးလာစေပြီး သူ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချမ်းသာတို့ကို ထိခိုက်စေသည့် ပြင်းထန်သောသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ "ငါအသက်ရှင်နေသေးတယ်ဆိုတာ ငါ့ရဲ့ခံနိုင်ရည်ကြောင့်သာဖြစ်တယ်" ဆိုတာ သူ့ကိုယ်သူ ရေရွတ်ရင်း သူ့ရဲ့ နာတာရှည် ခံစားနေရတဲ့ ဒဏ်ရာတွေကြောင့် "မသေပေမယ့်၊ ငါဟာ အခြေခံအားဖြင့်တော့ ခန္ဓာကိုယ်ထဲမှာ ကောင်းတာမှတခုမှ မကျန်တော့တဲ့ လူသေတစ်ယောက်ပါ" လို့ ကိုယ့်ကိုကိုယ် အသိအမှတ်ပြုထားသူ တဦးဖြစ်သည်။

သူ၏ ဖြစ်စဉ်ဥပမာသည် အဖမ်းမခံစဉ်တုန်းက ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အလွန်ကောင်းမွန်ခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ ဘဝများသည် စစ်အာဏာရှင်တို့၏ လူမဆန်သော၊ ရက်စက်ကြမ်းကြုပ်သော ညှဉ်းပန်းနှိပ်စက်မှုများနှင့် ကြုံတွေ့ရပြီးနောက်ပိုင်းတွင် လောကကြီးတွင် အမျိုးမျိုးသော ပျက်ဆီးဆုံးရှုံးမှုများ ထိခိုက်ခံစားနေရင်းဖြင့် အသက်ရှင်သန်နေရသည့် အခြေအနေ အဖြစ်မှန်ကို ဝမ်းနည်းနာကျည်းစရာ ပုံဖော်ပြသနေပါသည်။[၉၈]

## ၄.၆.၂. စိတ်ပိုင်းဆိုင်ရာပြဿနာများ - နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုများ၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများအပေါ် ကြံ့ကြံ့ခံရင်ဆိုင်ခြင်း

လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများကို တွေ့ဆုံမေးမြန်းမှုများအရ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်ကိုတွေ့ရပြီး မိသားစု အသိုက်အဝန်းအပေါ်မှာပါ သက်ရောက်မှုရှိနေသည်။ ထိုအချက်သည် နိုင်ငံရေးအကျဉ်း သားဟောင်းများနှင့်မိသားစုဝင်များ လူမှုအသိုက်အဝန်းတွင် ပုံမှန်ပြန်လည်ဝင်ရောက်နိုင် ရန်အတွက် ကြီးမားသောအတားအဆီးတခုဖြစ်သည်။ ၎င်းတို့ခံစားနေရသည့် စိတ်ပိုင်းဆိုင် ရာပြဿနာတွင် ကြုံတွေ့ခဲ့ရသည့် အခြေအနေများအပေါ် ထိတ်လန့်ကြောက်ရွံ့နေသည့် စိတ်မလုံခြုံမှုကို အဓိကတွေ့ရပြီး ပုံမှန်မဟုတ်သော အခြေအနေတခုကို တွေ့ကြုံလိုက် ပါက ထိတ်လန့်တုန်လှုပ်ခြောက်ခြားခြင်းမျိုး ခံစားနေကြရခြင်း သို့မဟုတ် အဖမ်းဆီးခံရ ချိန်နှင့်ထောင်ကျချိန်များတွင် ကြုံတွေ့ခဲ့ရသော အခြေအနေများက သူတို့အပေါ် လွှမ်းမိုးနေ သောကြောင့် နေ့စဉ်ဘဝကို ဖြတ်သန်းရာတွင် ကြီးမားသော အခက်အခဲများဖြစ်ပေါ် စေခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်သို့ ရောက်ရှိနေသော်လည်း ၎င်းတို့၏ စိတ်ထဲတွင် စစ်ကြော ရေးနှင့် ထောင်တွင်းနေခဲ့သည့်အချိန်တွင် ကြားခဲ့ရသည့်အသံများ ပြန်လည်ကြားခြင်းအပါ အဝင် အပြင်တွင် ခွေးဟောင်သံ၊ ဆိုင်ကယ်သံကြားရပါက ထိတ်လန့်တကြား ထကြည့်ရ သည့် သာမန်မဟုတ်သည့် စိတ်ခံစားချက်ကို ခံစားနေရသည်။ နိုင်ငံရေး အကျဉ်းသား ဟောင်းတဦး၏ အင်တာဗျူးတွင် သူသည် အသံကြားရင်ကို ထိတ်လန့်နေရသည်။ ၎င်းအချက်သည် ထောင်မှ လွတ်မြောက်လာသူအများစု ကြုံတွေ့နေရသည့် လက္ခဏာများ ဖြစ်သည်။ "ကျနော် အိမ်မှာ အိပ်နေတာတောင် အကျဉ်းထောင်ထဲရောက်နေသလို ခံစားရ တယ်။"[၈၉] အိပ်မပျော်တာ၊ အသံကြားရင်ကြောက်တာတွေသည် သူ့အတွက် ပုံမှန်ဖြစ်နေ သည်။ အင်တာဗျူးဖြေကြားသူတဦးကလည်း သူမအနေဖြင့် အလုပ်တခုခုကို လုပ်ကိုင်နေမှ သာ စိတ်ပိုင်းဆိုင်ရာသက်သာမှု ရရှိစေပြီး အလုပ်မရှိသောအချိန်များတွင် သတ်သေချင် သည်အထိ စဉ်းစားမှုများ ပေါ်လာကြောင်း ပြောကြားသည်။[၉၀]

ထို့အပြင် စစ်တပ်မှ စစ်မှုထမ်းဥပဒေ ထုတ်ပြန်လိုက်ချိန်တွင် ပြည်တွင်းမှာ ကျန်ရှိ နေသော ၎င်းတို့၏ သားသမီးများ၊ မိသားစုဝင်များအတွက် စိုးရိမ်ပူပန်မှုထပ်မံပြီး ဖြစ်ပေါ် စေခဲ့သည်။ ထိုအချက်က ယခင်ရှိပြီးသား စိတ်ဒဏ်ရာကို ပိုမိုဆိုးရွားစေပြီး ၎င်းတို့၏နေ့စဉ် ဘဝတွင် ဖိစီးမှုများထပ်ဆင့် ဖြစ်ပေါ်စေခဲ့သည်။

စိတ်ပိုင်းဆိုင်ရာဝေဒနာခံစားမှုသည် နိုင်ငံရေးအကျဉ်းသားဟောင်းများသာမက ၎င်းတို့၏ မိသားစုဝင်များအပေါ် သက်ရောက်မှုရှိနေသည်။ နိုင်ငံရေးအကျဉ်းသားတဦးမှ သူထောင်ကျနေသည့်အချိန်တွင် မိသားစုခံစားရသည့် အခြေအနေကို ယခုလိုမျှဝေခဲ့သည်။ "နောက်ပိုင်း ကျွန်တော်က လုံးဝ အဆက်အသွယ် တော်တော်ပြတ်သွားတာ။ ထောင်မှာနေတာပဲ။ ကျွန်တော့်ကို အမေက ထောင်ပြောင်းပါသွားပြီ၊ သေသွားပြီလို့ ထင်ထားတာ။ ဒီလို အခြေအနေမျိုးတွေ အမေ့မှာလည်း စိတ်သောကဖြစ်ခဲ့ဖူးတာ။"[၆၁] အခြားဖြစ်ရပ်တခုမှာ စစ်အာဏာသိမ်းပြီး နောက် "၂၀၂၁ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ရှိ စုအသက်မွေးဝမ်းကျောင်းသိပ္ပံ၏ ကျောင်းဆရာ ဦးဇော်မြတ်လင်းကို ဖမ်းဆီးပြီး နောက် တရက်မှာပင် သေဆုံးသွားပြီးဖြစ်ကြောင်း မိသားစုကို အကြောင်းကြားမှုပြုလုပ်ခဲ့သည်။ ၎င်း၏မိသားစုသည် ထိုသတင်းကို ကြားရသောကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကြီးစွာ ဖြစ်ခဲ့ရသည်။"[၆၂] ထိုကဲ့သို့သောဖြစ်ရပ်မျိုးသည် နိုင်ငံအနှံ့တွင် အမြောက်အများ ဖြစ်ပေါ်နေသောကြောင့် နိုင်ငံရေးအရ ဖမ်းဆီးခံရသူများ၏ မိသားစုများသည်လည်း မိသားစုဝင် တဦးဦး အဖမ်းခံရသည့်အချိန်မှစ၍ မလွတ်မြောက်ခင်အချိန်အထိ အဖမ်းခံနေရသူ၏ အသက်အန္တရာယ်ကို စိုးရိမ်ပူပန်နေကြရသည်။

၎င်းစိတ်ဒဏ်ရာများသည် နိုင်ငံရေးအကျဉ်းသားဖြစ်သော မိဘများနှင့်အတူ အဖမ်းခံခဲ့ရတဲ့ သားသမီးများအတွက် အထူးသက်ရောက်မှုရှိနေပါသည်။ မိခင်ဖြစ်သူက သူမ အဖမ်းခံရချိန်တွင် သူမနှင့်အတူတူပါလာသော အသက် (၆) နှစ်အရွယ်သမီး ခံစားခဲ့ရသောစိတ်ပိုင်းဆိုင်ရာဝေဒနာကို ယခုလို ရှင်းပြခဲ့သည်။ သူမ ထောင်ကျနေစဉ် သမီးဖြစ်သူသည် ဆွေမျိုးများနှင့် နေထိုင်ခဲ့ရသည်။ သူမလွတ်မြောက်လာချိန်တွင် သမီးဖြစ်သူ၏ စိတ်အခြေအနေမှာ ပုံမှန်မဟုတ်ဘဲ သူမကို အပျောက်မခံတော့ဘဲ နောက်တကြိမ် အမေဖြစ်သူ ပျောက်သွားမှာကို စိုးရိမ်စိတ်ဖြစ်နေသည့် စိတ်ဝေဒနာခံစားနေသည်ကို တွေ့ရသည်။[၆၃] ကလေးဖြစ်သူ၏ သဘောထားမပါဘဲ မိခင်ဖြစ်သူကို အတင်းအဓမ္မ သူမ၏ ဘဝထဲမှာ ဆွဲထုတ်သွားခြင်းသည် ကလေးဖြစ်သူ၏ စိတ်ပိုင်းဆိုင်ရာကို အပြင်းအထန် ထိခိုက်စေသလို မိဘများအနေဖြင့်လည်း ထိုဖြစ်ရပ်အတွက် မိမိမှာတာဝန်ရှိသည်ဆိုသည့် အသိစိတ်နှင့်အတူ ကိုယ့်ကိုယ်ကို အပြစ်တင်မိသည့်အတွေးသည် သူတို့၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကို ဖြစ်စေသည်။

ထို့အပြင် နောက်ထပ် နိုင်ငံရေးအကျဉ်းသူမိခင်တဦးကလည်း မိသားစုလိုက် အဖမ်းခံရပြီးနောက် သူမ၏သားသည် စိတ်ပိုင်းဆိုင်ရာဝေဒနာကို နက်နက်ရှိုင်းရှိုင်းခံစား လာရကြောင်း ရှင်းပြခဲ့သည်။ သူမ၏သားသည် အဖမ်းအဆီးခံရခြင်းကို ကိုယ်တိုင်တွေ့ကြုံ

## တိုက်ပွဲ

ခံစားခဲ့ရရုံသာမက ၎င်း၏မိဘများကိုပါ ခေါ်ဆောင်သွားခြင်းကိုလည်း မြင်တွေ့ခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာဒဏ်ရာ ပြင်းထန်စွာ ခံစားစေခဲ့ရသည်။ သူ ရဲစခန်းမှ ပြန်လည်လွတ်မြောက်သွားပြီး မိဘများအဖမ်းခံနေရချိန်တွင် သူ့အဖွားနဲ့ အတူနေတဲ့အချိန်တွေမှာ အာဏာပိုင်တွေ လာရောက်စစ်ဆေးသည့်အခါတိုင်း ကြောက်ရွံ့ထိတ်လန့်နေခဲ့သည်။ သူ့သား၏ စိတ်ထဲမှာ တုန်လှုပ်စရာ အမှတ်ရစရာတွေ ကျန်နေတော့ အဆက်မပြတ်ကြောက်ရွံ့နေတဲ့ အခြေအနေ သူ့သားမှာ ဖြစ်နေတယ်လို့ မိခင်က ပြောပြပါတယ်။ အထူးသဖြင့် သူသည် အနီးအနားရှိ စစ်သားများကိုမြင်လျှင် သူ နှလုံးရပ်သွားမတတ်တုန်လှုပ်ပြီး သူ့ကို အာဏာပိုင်တွေက ခေါ်သွားမလား၊ ဒါမှမဟုတ် နောက်တစ်ကြိမ် အဖမ်းခံရမလားဆိုပြီး ဖြစ်လာတယ်။[၉၄] ထိုကဲ့သို့ ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုသည် ကလေး၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံအေးချမ်းမှုအပေါ် ထိခိုက်စေသည့် ပြင်းထန်သောသက်ရောက်မှု ဖြစ်နေကြောင်း ပြသနေသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှုကို ရယူရန် လိုအပ်သည်ကို အထင်အရှားတွေ့နေရပေမဲ့ အင်တာဗျူးဖြေဆိုသူအများစု အနေဖြင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှု မရရှိကြသည်ကို ဖြေဆိုမှုများအရ တွေ့မြင်နေရသည်။

"အကျဉ်းထောင်က လွတ်မြောက်လာပြီးတဲ့နောက် စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေနဲ့ တိုင်ပင် ဆွေးနွေးသင့်ပါတယ်။ အပြင်လောကကိုရောက်လာတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအပြင် မလုံခြုံမှုဆိုတာကိုပါ ပူးတွဲခံစားကြရပါတယ်။ အထူးသဖြင့် ၂၀၂၁ စစ်တပ်က အာဏာလုတဲ့ဖြစ်ရပ် ဖြစ်ပြီးတဲ့နောက်မှာပါ။ နိုင်ငံရေးအကျဉ်းသားဟောင်းတွေကိုယ်တိုင်ရော၊ သူတို့ရဲ့ မိသားစုဝင်တွေမှာပါ ဒီလို စိတ်ပိုင်းဆိုင်ရာပြဿနာတွေ ကြုံတွေ့ကြရတယ်ဆိုတာ ကျနော်တို့ treatment ပေးခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေရဲ့ပြောပြချက်အရ သိရပါတယ်။ ဒါကြောင့် အဲဒီလို စိတ်ပိုင်းဆိုင်ရာပြဿနာတွေ ကြုံတွေ့တဲ့အခါ ကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ဆွေးနွေးဖို့၊ ကုသမှုခံယူကြဖို့ အကြံပြုချင်ပါတယ်။" (Kyaw Soe Win, In-charge of mental health assistance program, AAPP).

လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများသည် ပြင်းထန်သော စိန်ခေါ်မှုများကြားတွင် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် စိတ်ခွန်အားများကိုပြသ၍ ဆက်လက်ရှင်သန်ရန် ရုန်းကန်နေကြရသည်။ မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်လျက်ရှိသည့် နိုင်ငံရေးအကျဉ်းသူဟောင်းတဦးသည် သူမ လွတ်မြောက်လာသည့်အချိန်တွင် ခင်ပွန်းဖြစ်သူ၏

စီးပွားရေးမှာ မကောင်းတော့သည့်အတွက် ငွေကြေး အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ သူမသည် မိတ်ဆွေသူငယ်ချင်းများ အွန်လိုင်းကနေမှာယူသည့် စားစရာများကို ချက်ပြုတ်ရောင်းချသည့်အလုပ် စတင်လုပ်ဆောင်ခဲ့သည်။ ထိုလုပ်ငန်းသည် မိသားစုအတွက် အထောက်အကူ ဖြစ်ခဲ့သော်လည်း အကျဉ်းထောင်အတွင်း ထိခိုက်ခံစားခဲ့ရသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဝေဒနာများကြောင့် လုပ်ငန်းကို ဆက်မလုပ်နိုင်တော့ဘဲ ရပ်နားခဲ့ရသည်။ သို့သော် သူမသည် ဘဝကို လက်မြှောက်အရှုံးမပေးဘဲ ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ သူမခံစားနေရသောစိတ်ဒဏ်ရာများ သက်သာစေရန် မိတ်ဆွေတဦး၏ ကူညီမှုဖြင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးသည့် အစီအစဉ်ကို ရယူနိုင်ခဲ့သည်။ ထိုကဲ့သို့ သူမ၏ စိတ်ကျန်းမာရေးကို ဦးစားပေးကုသခြင်းနှင့်အတူ သူငယ်ချင်းတစ်ဦး၏အကူအညီဖြင့် အိမ်တွင် ဆန်ဆိုင်ဖွင့်ပြီး မိသားစုကို ထောက်ပံ့နိုင်ရန် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် သူမ၏ အသိုက်အဝန်းနှင့် သူငယ်ချင်းများထံမှ ရရှိသော ပံ့ပိုးကူညီမှုများကြောင့် သူမသည် ဘဝကိုဆက်လက်ကြံ့ကြံ့ခံ ရပ်တည်နိုင်ကြောင်း ဤဇာတ်လမ်းက ဖော်ပြသည်။

အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ ပျက်ဆီးဆုံးရှုံးသည်သာမက ကျန်မာရေးပိုင်းတွင်လည်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများစွာကို အထက်တွင်ဖော်ပြထားသည့်အတိုင်း ကြုံတွေ့နေရသည်။ နိုင်ငံပြင်ပသို့ တိမ်းရှောင်လာသူများအနေဖြင့် တရားမဝင် နေထိုင်ရခြင်းနှင့်အတူ ၎င်းပြဿနာများသည် တခုပေါ်တခုသက်ရောက်၍ အပြန်အလှန်ချိတ်ဆက်နေပြီး စက်ဝန်းတခုလို ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ထိုကဲ့သို့သောပြဿနာများကို နေ့စဉ်ရင်ဆိုင် ဖြေရှင်းခြင်းနှင့်အတူ အခြားတစ်ဖက်တွင်လည်း ၎င်းတို့သည် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် တတ်စွမ်းသလောက် ပါဝင်ကူညီနေကြသည်။

တိုက်ပွဲ




ပုံ ၁။ နိုင်ငံရပ်ခြားတွင်နေထိုင်စဉ် ကြုံတွေ့ရသည့် အထွေထွေထိခိုက်မှုများ

## ၄.၇ လွတ်မြောက်လာသူများ၏ မျှော်လင့်ချက်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် လူ့အခွင့်အရေးချိုးဖေါက်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်တည်ရှိမှုကို ပျက်ဆီးစေသော ပြစ်မှုများကို စစ်အာဏာရှင်နှင့် အပေါင်းပါများသည် နိုင်ငံအနှံ့ စနစ်တကျကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သည်မှာ မြန်မာနိုင်ငံ၏သမိုင်းတွင် အဆိုးဝါးဆုံးအခြေအနေ ဖြစ်ခဲ့သည်။ စစ်အာဏာရှင်ကျူးလွန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများတွင် ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများကို ဥပဒေမဲ့သိမ်းဆည်းခြင်း၊ ဖမ်းဆီးပြီးနောက် စစ်ကြောရေးတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သေဆုံးသွားခြင်းအပါအဝင် ဥပဒေမဲ့ပြစ်ဒဏ်ပေးခြင်း၊ အကျဉ်းထောင်များတွင် လူမဆန်စွာ ဆက်ဆံခြင်းတို့ကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သည်။ ထိုကဲ့သို့ ကျူးလွန်ခဲ့ခြင်းကြောင့် ဖမ်းဆီးခံရသော နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုဝင်များသည် လူမှုရေး၊ စီးပွားရေးဘဝများ ပျက်ဆီးဆုံးရှုံးရုံသာမက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

**ရှင်သန်ရေး**

ယခုအစီရင်ခံစာတွင် နိုင်ငံရေး အကျဉ်းသားဟောင်းများအနေဖြင့် သူတို့ကြုံတွေ့ခဲ့ရသော ဖမ်းဆီးခံခဲ့ရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုခံခဲ့ရမှုများ၏ အကျိုးဆက်အနေနှင့် ယခုရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အသေးစိတ် ဖော်ပြထားပါသည်။ ထို့အပြင် ရှင်ကျန်နေသူများ၏ လိုအပ်ချက်နှင့် သဘောထားဆန္ဒကို လေးစားပြီး အနာဂတ်တွင် တာဝန်ခံမှု၊ တရားမျှတမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို မဖြစ်မနေ ပံ့ဖော်လုပ်ဆောင်ရန် လိုအပ်ပါသည်။

အနာဂတ်အတွက် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များနှင့် ဆန္ဒများကို နားလည်ရန်မှာ AAPP မှ တွေ့ဆုံမေးမြန်းခဲ့သည့် နိုင်ငံရေးအကျဉ်းသားဟောင်းများထဲတွင် တဦးမှလွဲ၍ ကျန်သူများမှာ နိုင်ငံပြင်ပသို့ တိမ်းရှောင်လာသူများဖြစ်သည့်အတွက် ၎င်းတို့၏ လတ်တလောမျှော်လင့်ချက်တွင် စားဝတ်နေရေးအတွက် ကူညီထောက်ပံ့ပေးခြင်း အပါအဝင် အလုပ်အကိုင်အတွက် အသက်မွေးဝမ်းကြောင်းပညာ သင်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်မှုပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးရန် လိုလားကြသည်။ ထို့အပြင် အကျဉ်းထောင်ထဲတွင် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများကိုလည်း ကူညီထောက်ပံ့ပေးစေလိုသည်။ အင်တာဗျူးဖြေဆိုသူတဦးမှ ပြောကြားသည်မှာ "နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေကို ဘယ်လိုမျိုး ပြန်လည်ကုစားပေးလျော်မှုတွေ ပေးသင့်လဲဆိုတော့ ကျွန်မတို့ကတော့ အသိအမှတ်ပြုစေချင်တယ်။ ပြီးတော့ အဓိက စိတ်ပိုင်းဆိုင်ရာထိခိုက်ထားတာလေးတွေကို ပြန်လည်ကောင်းမွန်စေချင်တယ်။"[၉၅] စစ်အာဏာရှင်၏ တရားလက်လွတ်ပြုမူ ဆောင်ရွက်မှုများသည် နိုင်ငံရေးအကျဉ်းသားများသာမက ၎င်းတို့၏ မိသားစုများကိုပါ ထိခိုက်နစ်နာခဲ့ရသည့်အတွက် ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ကုစားပေးလျော်မှု ပြုလုပ်ပေးခြင်းများအပါအဝင် အသိအမှတ်ပြုမှုတခုခု ပြုလုပ်ပေးရန် လိုလားကြသည်။

တွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းထောင်မှ လွတ်မြောက်လာသူများ၏ အနာဂတ်မျှော်လင့်ချက်မှာ တရားဥပဒေစိုးမိုးသော တရားမျှတသော လူ့ဘောင်တခုကို တောင့်တကြသည်ကို တွေ့ရသည်။ အင်တာဗျူးဖြေဆိုသူတဦးကတော့ "တရားဥပဒေစိုးမိုးရေးကို မှန်ကန်တဲ့တရားဥပဒေ စိုးမိုးရေးအဖြစ် ပြောင်းလဲနိုင်လို့ရှိရင် အခု ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ ပြဿနာတွေကနေ ကင်းလွတ်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။"[၉၆] သူတို့၏ ပြင်းပြသောဆန္ဒမှာ သူတို့ခံစားခဲ့ရသော စစ်အာဏာရှင်များ ဆက်လက်ကျူးလွန်နေသည့် ဥပဒေမဲ့ဆောင်ရွက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တရားမျှတမှုကင်းမဲ့သော တရားစီရင်ရေးစနစ်တို့ကို ရပ်တန့်ပျောက်ကွယ်သွားစေလိုကြသည်။

## တိုက်ပွဲ

နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများကိုလည်း မြန်မာနိုင်ငံ၏အရေးကို ယခုထက်ပို၍ ပါဝင်ကူညီ ဆောင်ရွက်စေချင်သည်။ နိုင်ငံတကာအသိုက်အဝန်းမပါဘဲ မြန်မာနိုင်ငံ၏ စစ်အာဏာရှင်ဖယ်ရှားရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်လို့မရနိုင်ဘူးဆိုသည့် အမြင်ရှိကြသည်။

သူတို့၏ လိုလားသော ဖြစ်စေချင်သော ဆန္ဒတခုမှာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တရားလက်လွတ်ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့သူများကို မှန်ကန်သော တရားစီရင်ရေးစနစ်တခုအောက်မှာ တာဝန်ပြန်ခံစေလိုသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ သူတို့၏ နိုင်ငံရေးရပ်တည်ချက် ဆန္ဒသဘောထားတွေကို အလေးမထားဘဲ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့သူတွေအတွက် ဥပဒေအရ အရေးယူရန် မဖြစ်မနေလိုအပ်သည်ဟု အထူးထောက်ပြ ပြောဆိုခဲ့သည်။ သူမအနေဖြင့် ခုခံတော်လှန်နေကြသူများအနေဖြင့်လည်း အဆိုပါရာဇဝတ်မှုများကို ကျူးလွန်ပါက ပြစ်ဒဏ်ကင်းလွတ်ခွင့် မပေးသင့်ဘူးဆိုသည်ကိုလည်း ပြောဆိုခဲ့သည်ကို တွေ့ရသည်။

---

# နိဂုံး

ယခုအစီရင်ခံစာသည် စစ်အာဏာရှင်အုပ်ချုပ်မှုအောက်တွင် နိုင်ငံရေးဆောင်ရွက်မှုများအတွက် လက်နက်သဖွယ် ဖိနှိပ်အသုံးချနေသောစနစ်တခု၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများ ရေရှည်ခံစားနေရသည့် အခြေအနေများကို အသေးစိတ်ပြည့်စုံစွာ ဖော်ပြထားသည့် အစီရင်ခံစာတစောင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တက်ကြွစွာဆောင်ရွက်မှုများနှင့် ဒီမိုကရေစီတောင်းဆိုမှုများကြောင့် အဖမ်းခံရသူများအား အကျဉ်းထောင်နံရံများမှကျော်လွန်ပြီး ရက်စက်ကြမ်းကြုတ်သော အကျိုးသက်ရောက်မှုများသည် ၎င်းတို့သာမက မိသားစုဘဝများအပေါ်မှာပါ သက်ရောက်မှုတို့ရှိနေပါသည်။

၂၀၂၁ ခုနှစ်အာဏာသိမ်းပြီးကထဲက နိုင်ငံရေးတက်ကြွလှုပ်ရှားသူတဦးစီတိုင်းသည် ဥပဒေမဲ့ဖမ်းဆီးခံရခြင်း၊ သူတို့၏ပိုင်ဆိုင်မှုများ သိမ်းယူခံရခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများနှင့်အတူ အဟာရပြည့်ဝမှုနှင့် သန့်ရှင်းမှုမရှိသော စားသောက်နေထိုင်မှုများအပြင် လုံလောက်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုများလည်း မရရှိခဲ့ကြပါ။ ယခုတွေ့ရှိချက်များသည် စစ်အာဏာရှင်ထိန်းချုပ်ထားသော တရားရုံးများ၏ တရားမဲ့ဆောင်ရွက်မှုများဖြစ်သည့် မျှတသည့် တရားစီရင်မှု မပြုလုပ်ခြင်း၊ အခြေခံဥပဒေ ရပိုင်ခွင့်များ ချိုးဖေါက်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များဆီမှ အတင်းအကျပ် ခြိမ်းခြောက်ငွေကြေးတောင်းခံခြင်းများ ပြုလုပ်ခဲ့သည်။ လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း နောက်တချိန် ပြန်လည်ဖမ်းဆီးခံရနိုင်သည်ဆိုသော ခြိမ်းခြောက်မှုသာမက စီးပွားရေးနှင့် လူမှုရေးပိုင်းများတွင်လည်း အခက်အခဲများစွာ တွေ့ခဲ့ရသည်။ မလုံခြုံမှု၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှု၊ လူမှုဝန်းကျင်၏ ပစ်ပယ်ထားခြင်းခံရမှုနှင့် စားဝတ်နေရေးအခက်အခဲများက မြန်မာနိုင်ငံအတွင်းမှ ထွက်ပြေးရန် တွန်းအားပေးသလိုဖြစ်ခဲ့ပြီး အခြားနိုင်ငံတွင် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများဘဝ ရောက်ခဲ့ရသည်။ ရွှေ့ပြောင်းနေထိုင်ခဲ့ရခြင်း၏ အကျိုးဆက်အဖြစ် လူမှုစီးပွားရေးဆိုင်ရာတည်ငြိမ်မှုကို နှောက်ယှက်ဖျက်ဆီးခဲ့ပြီး မရေရာ မသေချာသော အနာဂတ်ကို တွန်းပို့ခဲ့သည်။

## တိုက်ပွဲ

ထိုင်း-မြန်မာနယ်စပ်တွင် အထောက်အထားမဲ့နေထိုင်နေရသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် တရားဝင်အထောက်အထား မရှိခြင်းနှင့်အတူ ဖမ်းဆီးခံရပါက ပြန်ပို့ခံရနိုင်သည့် ပြဿနာနှင့် ရင်ဆိုင်နေရသည့်အပြင် အလုပ်အကိုင်ရရှိနိုင်မှုမှာလည်း အကန့်အသတ်နှင့် တွေ့ကြုံနေရသည်။ ထို့အပြင် လွတ်မြောက်လာပြီးနောက် ဆက်လက်ခံစားနေရသည့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအတွက် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်ကုသမှု ရရှိနိုင်မှုကိုလည်း ခက်ခဲစေပါသည်။

မိသားစုများအတွက်လည်း သူတို့ချစ်ရသူများကို ထောင်သွင်းအကျဉ်းချခြင်းကြောင့် သူတို့ကိုလည်း ရေရှည်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏သားသမီးများ ကြုံတွေ့နေရသော နောက်ထပ်အတားအဆီးတခုဖြစ်သည့် ပညာသင်ယူနိုင်ရေးအတွက် ကန့်သတ်ချက်များရှိနေခြင်းသည် ရှိပြီးသားအခက်အခဲများအပေါ် ထပ်ဆောင်းသက်ရောက်မှုကို ဖြစ်စေခဲ့သည်။ ယခုအစီရင်ခံစာသည် စစ်အာဏာရှင်၏ လူမဆန်သော ညှဉ်းပန်းနှိပ်စက်သည့်လုပ်ရပ်များကြောင့် ရေရှည်ခံစားနေရသည့် အကျိုးဆက်များနှင့်အတူ နယ်စပ်ဖြတ်ကျော်တိမ်းရှောင်လာပြီးနောက် နိုင်ငံပြင်ပတွင် ဆက်လက်ရုန်းကန်နေရသည့် အခြေအနေများကို ဖေါ်ထုတ်ထားပါသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် ၎င်းတို့၏ဘဝများကို ပြန်လည်တည်ဆောက်ရန် ခက်ခဲစွာ ကြိုးပမ်းနေရသော်လည်း စစ်အာဏာရှင်စနစ် ဖယ်ရှားရေးလိုလားသောဆန္ဒကို ခိုင်ခိုင်မာမာ ဆက်လက်စွဲကိုင်ထားကြသည်။ ယခုအစီရင်ခံစာတွင် ဖေါ်ပြထားသော သူတို့၏ အဓိကဖြစ်စေလိုသောဆန္ဒမှာ တရားလက်လွတ်ဆောင်ရွက်မှုများကြောင့် လူ့အခွင့်အရေးအပါအဝင် ဥပဒေမဲ့ အခြားချိုးဖေါက်မှု များစွာကို ကြုံတွေ့ခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် အနာဂါတ်မြန်မာနိုင်ငံတွင် တရားစီရင်ရေးစနစ် ပြောင်းလဲခြင်းနှင့်အတူ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်နိုင်ရန် လိုလားကြသည်။ ဥပဒေမဲ့ကျူးလွန်ခဲ့သူများကိုလည်း တရားဥပဒေနှင့် ပြန်လည်အရေးယူရန် ဆန္ဒပြင်းပြကြသည်။ ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို အသိအမှတ်ပြုကုစားပေးလျော်ပေးစေလိုကြသည်။

အဓိကတွေ့ရှိသောအချက်များကို ဖေါ်ပြရမည်ဆိုလျှင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များသည် အရေးတကြီး လိုအပ်နေသောအရာများမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ကျန်းမာရေးဆိုင်ရာနှင့် နေ့စဉ်လိုအပ်ချက်များကို ပံ့ပိုးပေးရန်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိအကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် စနစ်တကျ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို စောင့်ကြည့်ရန်၊ ဖော်ထုတ်ရန်နှင့် တားဆီးရန် နိုင်ငံတကာအသိုက်အဝန်း၏ ကြိုးပမ်းအားထုတ်မှုများ ယခုထက်ပိုအားကောင်းရန် လိုအပ်ကြောင်း အလေးပေး ဖော်ပြကြသည်။

**ရှင်သန်ရေး**

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ယုံကြည်ချက်မှာ နိုင်ငံရေးအကျဉ်းသားရှိနေသ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောက်ရွက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ လွတ်မြောက်ရန်အတွက် အစဉ်တစိုက်တောင်းဆိုနေသည်။ နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရုံသာမက ၎င်းတို့၏ ရေရှည်ဘဝ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများကိုပေးရန်လည်း လိုအပ်သည်။ ထို့အပြင် လူ့အခွင့်အရေး ချိုးဖေါက်မှုများအတွက် အမှန်တရားဖေါ်ထုတ်ရေး၊ တရားမျှတမှုရှာဖွေရေးနှင့် နောင်တကြိမ် ထပ်မံ မဖြစ်ပွားရန် အာမခံချက်ရှိစေရေးအတွက် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကျူးလွန်သူများမှ တာဝန်ခံရန် လိုအပ်သော တိကျခိုင်မာသည့်အချက်အလက်များ စုဆောင်းမှုကိုလည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူ့အခွင့်အရေး ချိုးဖေါက် ကျူးလွန်နေသူများ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေသ၍ လူ့ဂုဏ်သိက္ခာ လူ့တန်ဘိုးနှင့် တည်ငြိမ်အေးချမ်းရေး ကင်းမဲ့နေပြီး အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်မည် မဟုတ်သောကြောင့် အသွင်ကူးပြောင်းရေးကာလတွင် အမှန်တရားဖေါ်ထုတ်၍ တရားမျှတမှုပြန်လည် ရှာဖွေပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသော ပဋိပက္ခများကို ဖြေရှင်းနိုင်မှသာလျှင် ရေရှည်ခိုင်မြဲသော လူမှုအဝန်းအဝိုင်းတခုလုံး၏ ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်မည်ဟု (အေအေပီပီ) အနေဖြင့် ယုံကြည်ပါသည်။ ယခု အစီရင်ခံစာသည် ထိခိုက်နစ်နာခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများ မည်ကဲ့သို့ ကြံ့ကြံ့ခံရင်ဆိုင်နေရသည်ကို ဖေါ်ပြခြင်းနှင့်အတူ သူတို့ ဆက်လက် တွေ့ကြုံနေရသည့် တရားမျှတမှုမရှိသောအခြေအနေများကို နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ကိုင်တွယ်ဖြေရှင်းပေးရန် တိုက်တွန်းတောင်းဆိုထားသည့် အစီရင်ခံစာတခု ဖြစ်ပါသည်။

# အောက်ခြေမှတ်စုများ

၁။ Condry & Minson, *Conceptualizing the effects of imprisonment on families: Collateral consequences, secondary punishment, or symbiotic harms?* 2020, Available at: https://journals.sagepub.com/doi/abs/10.1177/1362480619897078?journalCode=tcra [Accessed: 2 December 2024].

၂။ https://aappb.org/?p=25550

၃။ AAPP, *Women Behind Bars in the Spring Revolution, p.*1 Available at: https://aappb.org/?p=29135 [Accessed: 2 December 2024].

၄။ With the exception of one individual, all other interviewees left Burma after their release from prison.

၅။ AAPP - https://aappb.org/ (Checked Date – 2.12.2024)

၆။ Burma has been under the control of a series of military-controlled regimes for much of the past 60 years, marked by authoritarian rule, human rights abuses, and suppression of political dissent, following a military coup in 1962. From the 1962 coup until 2020, nearly 7,000 to 10,000 political prisoners were arrested under various military regimes.

၇။ (FPP- 013- M, FTI, DIG)

၈။ (FPP -020 -M, FTI, DIG)

၉။ (FPP-002-M-FTI-DIG)

၁၀။ (FPP- 014- M, FTI, DIG)

၁၁။ Section.154 Criminal Procedure Code, 1891.

၁၂။ AAPP, *Towards Accountability: The Urgent Need for Renewed International Attention to Sit-Tat's Crimes Against Humanity in Burma*, 2023, p-28. Available at: https://aappb.org/?p=24334 [Accessed: 2 December 2024].

၁၃။ (FPP -001-M, FTI, DIG)

၁၄။ (FPP-017-F, FTI, DIG)

၁၅။ (FPP-016-M, FTI, DIG)

၁၆။ (FPP-010-M, FTI, DIG)

၁၇။ (FPP-006-M, FTI, DIG)

၁၈။ PILPG, The prohibition against torture and its pragmatic effects, A Global Pro Bono Law Firm, 2023. https://www.publicinternationallawandpolicygroup.org/lawyering-justice-blog/2023/6/9/the-prohibition-against-torture-and-its-pragmatic-effects

၁၉။ (FPP -016-M, FTI, DIG)

၂၀။ (FPP-004-M, FTI, DIG)
၂၁။ (FPP-003-M, FTI, DIG)
၂၂။ AAPP. "After release I had to restart my life from the beginning", 2016, p-30, Available at: https://aappb.org/wp-content/uploads/2016/05/Report-eng.pdf [Accessed: 2 December 2024].
၂၃။ Human Rights Watch, Myanmar Event 2023, World Report 2024, Available at: https://www.hrw.org/my/world-report/2024/country-chapters/myanmar [Accessed: 2 December 2024]
၂၄။ AAPP. https://aappb.org (As of 25.7.2024)
၂၅။ Section 61, and 167, Criminal Procedure Code, 1898
၂၆။ (FPP-013-M, FTI, DIG)
၂၇။ The Evidence Act, India Act (No – 1/1872), 1872
၂၈။ (FPP-002-M, FTI, DIG)
၂၉။ 61 Townships in Myanmar Now Under Martial Law, Published, March 06, 2024. (Checked Dated – 12.5.2024) https://www.bnionline.net/en/news/61-townships-myanmar-now-under-martial-law

၃၀။ https://www.prisonsdepartment.gov.mm/en/prison-department/objectives-and-duties
၃၁။ AAPP, "Prison Reform with Key Population", 2020. Available at:https://aappb.org/wp-content/uploads/2020/08/prison-reform-with-key-population-Eng.pdf [Accessed: 2 December 2024]

၃၂။ (FPP-015-F, FTI, DIG).
၃၃။ AAPP, *The Flow of Injustice, 2023, p. 29.* Available at: https://aappb.org/?p=25550 [Accessed: 2 December 2024].
၃၄။ Open-source data, AAPP
၃၅။ (FPP -015 -F, FTI, DIG)
၃၆။ Section 40, The Prisons Act, 1894, Section 780 (1), 781, Jail Manual, 1984.
၃၇။ Home Affairs Ministry, 2024 Available at: https://myanmar.gov.mm/web/guest/manual-services/-/asset_publisher/ [Accessed: 2 December 2024]
၃၈။ Rule 58 (1) and (2), Nelson Mandela Rules.
၃၉။ (FPP-003-M, FTI, DIG).
၄၀။ (FPP-017-F, FTI, DIG)
၄၁။ (FPP-007-M, FTI, DIG)

၄၂။ (FPP-007-M, FTI, DIG)
၄၃။ Rules 24 to 35, Nelson Mandela Rules
၄၄။ Section (17), Subsection (g & h), Myanmar Police Force Disciplinary Law, 1995
၄၅။ Section 401, subsection 3, Criminal Procedure Code,
၄၆။ (FPP-010-F, FTI, DIG)

## တိုက်ပွဲ

၄၇။ Open-Source Data, AAPP (23.10.2024)

၄၈။ AAPP, *Statement Update on November 17 Political Prisoner Releases*, 2022, Available at: https://aappb.org/?p=23503 [Accessed 2 December 2024]

၄၉။ (FPP-006-F-FUI, DIG)

၅၀။ (FPP-017-F-FTI, DIG)

၅၁။ (FPP-020-M-FTI, DIG)

၅၂။ Chapter. 12, Section 59, subsection 5, The prisons Act, 1894, and Chapter 11, Remissions and Rewards, Burma Jail Manual, 1894

၅၃။ (FPP -010 -M, FTI, DIG)

၅၄။ (FPP -010 -M, FTI, DIG)

၅၅။ (FPP- 006- M, FTI, DIG)

၅၆။ (FPP- 007- M, FTI, DIG)

၅၇။ (FPP -001- F, FUI, DIG)

၅၈။ (FPP -005 -M, FTI, DIG)

၅၉။ (FPP -005 -M, FUI, DIG)

၆၀။ (FPP-001-F-FUI, DIG)

၆၁။ How the coup is destroying Myanmar's economy, EASTASIAFORUM, 2021 https://eastasiaforum.org/2021/06/23/how-the-coup-is-destroying-myanmars-economy/

၆၂။ (FPP -006 – F, FUI, DIG)

၆၃။ (FPP -011– M, FTI, DIG)

၆၄။ FPP – 013- M, FTI, DIG

၆၅။ (FPP- 017 -F, FTI, DIG)

၆၆။ (FPP-006, F, FUI, DIG)

၆၇။ (FPP -005- M, FTI, DIG)

၆၈။ (FPP- 020- M, FTI, DIG)

၆၉။ (FPP -003 -F, FUI, DIG)

၇၀။ (FPP -016 -M, FTI, DIG)

၇၁။ (FPP -002- M, FTI, DIG)

၇၂။ (FPP -001- M, FTI, DIG)

၇၃။ The Irrawaddy, Depleted Myanmar Military to Recruit Men Aged Over 35 for 'Security' Teams, https://www.irrawaddy.com/news/burma/depleted-myanmar-military-to-recruit-men-aged-over-35-for-security-teams.html [Accessed: 2 December 2024]

၇၄။ (FPP- 020- M, FTI, DIG)

၇၅။ (FPP- 016-M, FTI, DIG)

၇၆။ (FPP -006 -M, FTI, DIG)

၇၇။ (FPP –006 -F, FUI, DIG)

၇၈။ (FPP –006 -F, FUI, DIG)

၇၉။ (FPP –003 -F, FUI, DIG)

၈၀။ (FPP -018 -M, FTI, DIG)

၈၁။ (FPP -006 -F, FUI, DIG)
၈၂။ (FPP – 001 -F, FUI, DIG)
၈၃။ (FPP -006 -F, FUI, DIG)
၈၄။ (FPP – 001 -F, FUI, DIG)
၈၅။ (FPP -010 – M, FTI, DIG)
၈၆။ (FPP -001 -F, FUI, DIG)
၈၇။ (FPP -002 -M, FUI, DIG)
၈၈။ (FPP-007,M,FTI, DIG)
၈၉။ (FPP -011 -M, FTI, DIG)
၉၀။ (FPP -004 -F, FUI, DIG)
၉၁။ (FPP- 009- M, FUI, DIG)
၉၂။ Radio Free Asia (RFA) (9.3.2021)https://www.rfa.org/burmese/interview/nld-party-member-died-while-in-custody-03092021142005.html
၉၃။ (FPP -001 -F, FUI, DIG)
၉၄။ (FPP -006 -F, FUI, DIG)

တိုက်ပွဲ

# ရှင်သန်ရေး တိုက်ပွဲ

# Survival



AAPP

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း